# *G e n d e r*

# မိတ်ဆက်

မြန်မာနှင့် ကမ္ဘာတစ်ဝှမ်းမှ
Gender (ကျား - မ ရေးရာ) အကြောင်းအရာများ

**ပုံနှိပ်တိုက်အမည်**

ရွှေပုံနှိပ်တိုက် (မြ – ၀၀၂၁၀)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောအောက်လမ်း၊
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (105-A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း – ၀၉ ၇၈၀ ၃၀၃ ၈၂၃၊ ၀၉ ၂၆၂ ၆၅၆ ၉၄၉

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမကြိမ်၊ အုပ်ရေ ၁၀၀၀
စက်တင်ဘာ၊ ၂၀၁၈ ခုနှစ်

၃၀၁.၁၅

အိုကွန်းနား၊ တေလာ

Gender မိတ်ဆက်၊ မြန်မာနှင့် ကမ္ဘာတစ်ဝှမ်းမှ Gender (ကျား – မ ရေးရာ) အကြောင်းအရာများ။
ကျောင်းသားလက်စွဲ
မူရင်းအမည် – Gender: Issues and Perspectives, Gender Issues in Myanmar and around the world
တေလာ အိုကွန်းနား
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၁၈။
၉၇ စာ၊ ၂၉ စင်တီ။
ဘာသာပြန်သူ – ထက်ဖြိုးဝေ။

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about useage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work or on the home page of a web site if it is reproduced online.

For license types of individual pictures used in this work, please refer to Picture Acknowledgements at the back of the book.

# မာတိကာ


| | | |
|---|---|---|
| | "Gender မိတ်ဆက်" စာအုပ် အသုံးပြုနည်း | ၂ |
| အခန်း (၁) | မိတ်ဆက် | ၄ |
| အခန်း (၂) | လူ့အသိုင်းအဝိုင်းနှင့် မိသားစု | ၁၆ |
| အခန်း (၃) | လုပ်ငန်းခွင် အခြေအနေ | ၂၅ |
| အခန်း (၄) | ပညာရေး | ၃၄ |
| အခန်း (၅) | ကိုးကွယ်ယုံကြည်မှု | ၄၃ |
| အခန်း (၆) | ခေါင်းဆောင်မှု | ၅၀ |
| အခန်း (၇) | လိင်စိတ်လက္ခဏာ | ၅၈ |
| အခန်း (၈) | ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု (Gender Based Violence - GBV) | ၆၇ |
| အခန်း (၉) | လိင်မှုလုပ်ငန်းများ | ၇၉ |
| အခန်း (၁၀) | နိဂုံးချုပ် သိမှတ်ဖွယ် | ၈၉ |

# 'Gender မိတ်ဆက်' စာအုပ် အသုံးပြုနည်း

(ဤစာမျက်နှာပါ တင်ပြချက်များသည် စာအုပ်အသုံးပြုရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် ရည်ရွယ်ရေးသားထားခြင်း ဖြစ်သည်။)

ဤစာအုပ်တွင် အခန်းပေါင်း (၁၀) ခန်း ပါဝင်ပြီး အခန်းတစ်ခန်းစီသည် လိင်အခြေပြုသတ်မှတ်ချက်များနှင့် လူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍအသီးသီးတို့အကြား မည်သို့ဆက်နွယ်နေသည်ကို လေ့လာသိရှိစေမည် ဖြစ်သည်။ သင်ခန်းစာပါ အကြောင်းအရာတို့သည် သက်ဆိုင်ရာ အင်တာနက်ကွန်ယက်စာမျက်နှာများ၊ လေ့လာချက်များ၊ သုတေသနပြုချက်များ၊ မေးမြန်းချက်များ အစရှိသည့် အရင်းအမြစ်များကို အခြေခံထားခြင်းဖြစ်ပြီး အချို့သောနေရာများတွင် လိုအပ်ချက်အရ ပြင်ဆင်ဖော်ပြထားချက်များလည်း ပါဝင်ပါသည်။ ထိုအကြောင်းအရာတို့၏ မူရင်းအချက်အလက်တို့ကိုလည်း ထည့်သွင်းဖော်ပြပေးထားသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ဆက်လက် လေ့လာနိုင်မည် ဖြစ်သည်။


ဤစာအုပ်ပါ အခန်းတိုင်းအတွက် သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ ဖော်ပြပေးထားပြီး သက်ဆိုင်ရာ အခန်းခွဲတစ်ခုစီအတွက် နိုင်ငံအသီးသီးမှ အကြောင်းအရာများနှင့် ဒေသတွင်း အခြေအနေအရပ်ရပ်တို့ကို လေ့လာသိရှိနိုင်စေမည် ဖြစ်သည်။ ထို့အပြင် ကာတွန်းရုပ်ပုံများ၊ စာရင်းဇယားများပါ ထည့်သွင်း ဖော်ပြထားပြီး အခန်းတစ်ခုစီ၏ နောက်တွင် ပါရှိသည့် 'ပြန်လည်သုံးသပ်ခြင်း' လေ့ကျင့်ခန်းများက စာအုပ်ပါ အကြောင်းအရာများကို သင်ယူလေ့လာရာတွင် အကူအညီပေးနိုင်ရန် ရည်ရွယ်သည်။

စာအုပ်အသုံးပြုရာတွင် အထောက်အကူပြုစေနိုင်ရန်အတွက် ဤစာမျက်နှာတွင် ဖော်ပြပါရှိသည့် စာအုပ်အသုံးပြုပုံ လမ်းညွှန်ကိုလည်း လေ့လာကြည့်ရှုနိုင်ပါသည်။

မုခ်ဦးပညာရေး၊ ၂၀၁၃။

# (က) အခန်းတစ်ခန်း မစပီ

အခန်း၏အစတွင် ပါရှိသည့် သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များက သင်ခန်းစာပါ အကြောင်းအရာများကို လေ့လာရာတွင် အထောက်အကူ ပြုစေမည် ဖြစ်သည်။





'ဗဟုသုတ' နှင့် 'ကျွမ်းကျင်မှုများ' အပိုင်းတွင် အခန်းတစ်ခုစီ၏ အယူအဆရေးရာများ၊ သင်ခန်းစာများကို လေ့လာရာ၌ အလေးပေး ကြည့်ရှုသင့်သည့်အချက်များ ပါရှိပြီး မည်သည်တို့ သိမှတ်ထားသင့်သည်ကို ဖော်ပြပေးထားပေသည်။

သင်ခန်းစာများ လေ့လာရာတွင် အထောက်အကူပြုနိုင်ရန်အတွက် အကြောင်းအရာ တစ်ရပ်စီအတွက် သက်ဆိုင်ရာ မေးခွန်းများ၊ လုပ်ဆောင်ချက်များ ထည့်သွင်းပေးထားပြီး အတန်းဖော်များ၊ အဖွဲ့များနှင့်အတူ ဆွေးနွေး လုပ်ဆောင်စေမည် ဖြစ်သည်။

# (ခ) အခန်းတစ်ခန်း၏ အဆုံးတွင်

အခန်းတိုင်းတွင် 'ပြန်လည်သုံးသပ်ခြင်း' ကဏ္ဍ ပါဝင်ပြီး လုပ်ဆောင်ချက်များမှတစ်ဆင့် သင်ခန်းစာပါ အကြောင်းအရာတို့ကို မည်မျှ နားလည်မှုရှိကြောင်း ဆန်းစစ်ပေးမည် ဖြစ်သည်။

ထင်မြင်ချက်ဆိုင်ရာ မေးခွန်းများ – အတန်းဖော်တစ်ဦးဦး နှင့် တွဲဖက်လုပ်ဆောင်ရမည်ဖြစ်ပြီး မေးမြန်းချက်များကို အပြန်အလှန် ဆွေးနွေးသုံးသပ်စေမည် ဖြစ်သည်။


အခန်း (၁) ပြန်လည်သုံးသပ်ခြင်း

မေးခွန်းများ – မေးခွန်းတို့ကို ဖြေဆိုရာတွင် အချက်အလက် စုံလင်စွာဖြင့် စာပိုဒ်တစ်ပိုဒ်စာ ရေးသားဖော်ပြပေးရမည် ဖြစ်ပြီး စာအုပ်ပါ အကြောင်းအရာများ နှင့် မိမိတို့၏ တွေးမြင်ယူဆချက်များပါ ထည့်သွင်း ပါဝင်ရမည် ဖြစ်သည်။

အနက်ဖွင့်ဆိုခြင်း – သင်ခန်းစာပါ အကြောင်းအရာများထဲမှ အရေးပါသည့် စကားလုံးဝေါဟာရတို့ကို ဖော်ပြပေးထားပြီး အဆိုပါ ဝေါဟာရတို့အတွက် အနက်အဓိပ္ပာယ် ဖွင့်ဆို ပေးရမည် ဖြစ်သည်။

# (ဂ) စာအုပ်၏ အဆုံးတွင်

ဤစာအုပ်ပါ သင်ခန်းစာများကို ဖတ်ရှုခြင်းဖြင့် စာဖတ်သူ၏ Gender ဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားလာပြီး လေ့လာမှတ်သားခဲ့ရသည့် အကြောင်းအရာများကို လက်တွေ့အသုံးချနိုင်မည်ဟု မျှော်လင့်ပါသည်။ ထိုသို့အသုံးချနိုင်ရန်အတွက်လည်း စာအုပ်၏ အဆုံးတွင် 'နိဂုံးချုပ် သိမှတ်ဖွယ်' အခန်းကို ထည့်သွင်းပေးထားသည်။ အဆိုပါ အခန်းတွင် အောက်ပါ လုပ်ဆောင်ချက်များ ပါဝင်ပေသည်။

- မြန်မာ့လူမှုအသိုင်းအဝိုင်းအတွင်းရှိ Gender ဆိုင်ရာ အခြေအနေ အရပ်ရပ်ကို ဆန်းစစ်စေမည် ဖြစ်သည်။
- စာအုပ်တွင် သင်ကြားခဲ့ရသည့် သင်ခန်းစာများကို ပြန်လည် သုံးသပ်စေမည် ဖြစ်သည်။
- မိမိတို့ ပတ်ဝန်းကျင်တွင် လက်တွေ့ဖော်ဆောင်နိုင်မည့် လုပ်ဆောင်ချက်များကို ဝေဖန်ဆန်းစစ်စေမည် ဖြစ်သည်။
- ထိုလှုပ်ရှားမှုများကို လက်တွေ့ဆောင်ရွက်ပြီး မည်မျှ ထိရောက်မှု ရှိသည်ကို အကဲဖြတ်သုံးသပ်စေမည် ဖြစ်သည်။


အခန်း (၁၀) နိဂုံးချုပ် သိမှတ်ဖွယ်

# အခန်း (၁) မစမီ

**အခန်း (၁) အနှစ်ချုပ် သိမှတ်ဖွယ် - မိတ်ဆက်**

ဤအခန်းတွင် Gender နှင့် လိင်သတ်မှတ်ချက်ဆိုင်ရာ အကြောင်းခြင်းရာများ ဖော်ပြပါရှိပြီး အမျိုးသားနှင့် အမျိုးသမီးတို့အကြား ကွဲပြားမှုများကို တင်ပြပေးထားသည်။ ထို့အပြင် လိင်သတ်မှတ်ချက်တို့သည် ခန္ဓာဗေဒ တည်ဆောက်ပုံအပေါ် အခြေခံပြီး ခွဲခြားသင့်၊ မသင့်၊ လူ့အဖွဲ့အစည်းအတွင်းရှိ အဆိုပါ သတ်မှတ်ထားချက်များအပေါ် လက်ခံယူဆထားချက်များ၊ လူမှုအခန်းကဏ္ဍတို့နှင့် လိင်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များအကြား ဆက်နွယ်ချက် စသည်တို့ကို ဆန်းစစ်ဝေဖန်စေမည် ဖြစ်သည်။ ဤအခန်းအပြီးတွင် Gender ဆိုင်ရာ အခွင့်အရေးနှင့် Gender အခြေပြု တန်းတူညီမျှမှုကို လေ့လာနိုင်မည် ဖြစ်သည်။ ထို့မျှသာမက အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ၊ 'မ ဝါဒ' နှင့် အယူအဆရေးရာများ၊ လူသိနည်းနေသေးသည့် 'ဖို ဝါဒ' ဆိုင်ရာ အကြောင်းရပ်များကိုပါ ဖော်ပြပေးထားသည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။

- Gender နှင့် လိင်သတ်မှတ်ချက်တို့အကြား ကွဲပြားမှု။
- လူမှုအသိုင်းအဝိုင်း၏ Gender ဆိုင်ရာ အမြင်အယူအဆတို့အပေါ် လွှမ်းမိုးမှု။
- လူ့ဘောင်အဖွဲ့အစည်း၏ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးအဖြစ်သို့ ရောက်အောင် ပုံသွင်းပေးမှုများ။
- လိင်မှုကိစ္စအပေါ် ရှုမြင်သုံးသပ်ပုံတို့၏ တိုးတက်ပြောင်းလဲလာမှုများ။
- Gender အခြေပြု တန်းတူညီမျှမှု မရှိကြရသည့် အကြောင်းရင်း။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည် ဖြစ်သည်။

- Gender နှင့် လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာများကို ခွဲခြားလာနိုင်မည်။
- အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတွင် ရှိအပ်သည့် အကျင့်စရိုက်များ၊ အမူအကျင့်များကို နားလည်သိရှိလာနိုင်ခြင်း။
- ငယ်ရွယ်စဉ်အချိန်တွင် ပုံသွင်းခံရမှုများအကြောင်း သိမြင်သဘောပေါက်လာနိုင်မည်။
- မွေးဖွားကြီးပြင်းရာ လူမှုအသိုင်းအဝိုင်း၏ Gender ဆိုင်ရာ အမြင်အယူအဆတို့အပေါ် မည်သို့ လွှမ်းမိုးမှု ရှိသည်ကို သိမြင်လာနိုင်သည်။
- လူ့အဖွဲ့အစည်းအသီးသီးရှိ ယဉ်ကျေးမှုတို့၏ Gender အပေါ် သက်ရောက်မှုများကို သဘောပေါက်လာနိုင်မည်။
- ပြောင်းလဲလာသည့် လူမှုအခန်းကဏ္ဍတို့အကြောင်းကို နားလည် သိမြင်လာမည်။
- Gender အခြေပြု တန်းတူညီမျှမှု မရှိသည့် အကြောင်းများ သိရှိလာကြပြီး ဖော်ဆောင်ကြိုးပမ်းလာနိုင်မည်။

# အခန်း (၁) မိတ်ဆက်




## ၁.၁ Gender – အဓိပ္ပာယ် (Gender နှင့် လိင်သတ်မှတ်ချက်တို့အကြား ကွဲပြားမှု)

**က။** အဖွဲ့များ ဖွဲ့၍ အချို့ကို အမျိုးသမီးတစ်ဦး၏ ရုပ်ပုံနှင့် အချို့ကို အမျိုးသားတစ်ဦး၏ ရုပ်ပုံတို့ကို ရေးဆွဲပေးပါ။ ထိုသို့ ရေးဆွဲရာတွင် အသေးစိတ် ရေးဆွဲပေးပါ။

**ခ။** ထိုသို့ ရေးဆွဲပြီးနောက် အဖွဲ့တစ်ဖွဲ့ ရေးဆွဲထားသည့်ပုံကို အခြားတစ်ဖွဲ့ထံ ပြသပေးပြီး ထိုရုပ်ပုံနှစ်ပုံတို့ကြား ကွဲလွဲချက်ကို ဖော်ထုတ်စေပါ။ ထိုရုပ်ပုံပါ မတူညီမှုများသည် မွေးဖွားစဉ်ကတည်းက သတ်မှတ်ထားချက်များလား၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း တို့၏ ပုံသွင်းပေးမှုများကြောင့်လား ဆိုသည်ကိုပါ ဆွေးနွေးသုံးသပ်ပေးပါ။

**ဂ။** ဖော်ပြပါ Gender နှင့် လိင်သတ်မှတ်ချက် ဝေါဟာရ (၂) ရပ်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ဖတ်ရှုသုံးသပ်ပြီး အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ Gender နှင့် လိင်သတ်မှတ်ချက်ဟူသော ဝေါဟာရ (၂) ရပ်ကို စာဖတ်သူ၏ လူမှုအသိုင်းအဝိုင်းအတွင်း မည်သို့ နားလည် လက်ခံထားသနည်း။

၂။ ထိုဝေါဟာရတို့ကို မည်ကဲ့သို့ အနက်အဓိပ္ပာယ် ဖွင့်ဆိုနိုင်မည်နည်း။

လိင်သတ်မှတ်ချက်ဟူသော ဝေါဟာရသည် ခန္ဓာဗေဒအရ မတူကွဲပြားမှုတစ်ရပ်ဖြစ်ပြီး ပဋိသန္ဓေတည်စဉ်ကတည်းက ပိုင်းခြား သတ်မှတ်ထားခြင်း ဖြစ်သည်။ (ဥပမာ – မွေးဖွားစဉ်ကတည်းက ယောကျ်ားကလေး၊ သို့မဟုတ် မိန်းကလေးဟူ၍ သတ်မှတ်ထားတတ် ကြသည်။) Gender ဟူသော ဝေါဟာရသည်လည်း သတ်မှတ်ချက်တစ်ရပ်ဖြစ်ပြီး မွေးဖွားစဉ်ကတည်းက သတ်မှတ်ထားချက် တို့ထက် မိမိတို့ လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုတွင် မိန်းကလေး (သို့မဟုတ်) ယောကျ်ားလေးသည် မည်သို့ ပြုမူနေထိုင်သည်၊ မိမိတို့ကိုယ်ကို မည်ကဲ့သို့ ခံယူထားသည်နှင့် ပိုမို ဆက်နွယ်နေပေသည်။

*(Source: Council of Europe)*

Gender ဟူသော အသုံးအနှုန်းသည် လူတစ်ဦးတစ်ယောက်၏ လူမှုအသိုင်းအဝိုင်းတစ်ရပ်အတွင်း အမျိုးသား (သို့မဟုတ်) အမျိုးသမီးတစ်ဦးအနေဖြင့် ပြုမူကျင့်ကြံပုံတို့ကို အခြေခံလျက် သတ်မှတ်ထားခြင်း ဖြစ်ပေသည်။ Gender ဆိုသည်မှာ ခန္ဓာဗေဒအရ သတ်မှတ်ခြင်း မဟုတ်ဘဲ မိန်းကလေး (သို့မဟုတ်) ယောကျ်ားလေးတို့၏ မွေးရာပါ အကြောင်းအရာတို့ထက် နိစ္စဓူဝ ပြုမူဆောင်ရွက်သော အမူအကျင့်၊ အနေအထိုင်၊ အသွားအလာတို့ကိုသာ မူတည်နေပေသည်။

*(Source: Menon- Sen,K.(1998). A Gender Mainstreaming Strategy for UNDP.)*

ဃ။ ရှေ့တွင် ရေးဆွဲခဲ့ကြသည့် ရုပ်ပုံတို့ကို ပြန်လည်ကြည့်ရှုပြီး မည်ကဲ့သို့သော ကွဲပြားချက်များ တွေ့ရသည်ကို ထပ်မံသုံးသပ်ပေးပါ။

င။ တစ်တန်းလုံးအနေဖြင့် Gender ဟူသော ဝေါဟာရကို အဓိပ္ပာယ် ဖွင့်ဆိုပေးပါ။ ဤစာအုပ်ပါ အကြောင်းအရာများကို လေ့လာဖတ်ရှုရာတွင် ကျောင်းသားတို့ ဖွင့်ဆိုခဲ့သည့် အနက်ကိုပင် ဆက်လက် အသုံးပြုပေးပါ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို ဖတ်ပြီးနောက် ထိုဖွင့်ဆိုချက်တွင် လိုအပ်သည်တို့ တွေ့ရှိပါကလည်း ထပ်မံ ဖြည့်စွက်ပေးပါ။

လူတစ်ဦးတစ်ယောက် ယောက်ျားဖြစ်သည်၊ မိန်းမဖြစ်သည်ကို ခန္ဓာဗေဒဖွဲ့စည်းပုံကို ကြည့်၍ ပိုင်းခြားသတ်မှတ်နိုင်သည်။ သို့သော်လည်း Gender နည်းအရ ခွဲခြားသတ်မှတ်ခြင်းတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များစွာပါရှိပြီး အထူးသဖြင့် လူမှုရေးရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အမြင်အယူအဆတို့ကို အဓိကအခြေခံထားပေသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး၏ အပြုအမူပိုင်းဆိုင်ရာ ကွဲလွဲချက်တို့သည် ထိုလူ့အဖွဲ့အစည်းအသီးသီးတို့၏ ယဉ်ကျေးမှုများ၊ ဓလေ့စရိုက်များအပေါ် မူတည်လျက် ရှိသည်။ Gender ဆိုင်ရာ လူမှုအခန်းကဏ္ဍများ၊ ခံယူချက်များသည် ထိုပုဂ္ဂိုလ်တို့ မွေးဖွားကြီးပြင်းခဲ့သည့် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုတို့နှင့်လည်း များစွာ သက်ဆိုင်နေပေသည်။

ယနေ့ခေတ်အခါတွင် လိင်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များသည် ရှုပ်ထွေးပွေလီလာပြီး လွန်ခဲ့သော ရာစုနှစ်များ၏ အမျိုးသား၊ အမျိုးသမီးဆိုင်ရာ သတ်မှတ်ချက်ဘောင်တို့ကိုပါ ကျော်လွန်လာသည်ကို တွေ့မြင်နေရသည်။ ထိုကဲ့သို့ ဖြစ်ထွန်းပေါ်ပေါက်လာရခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ ယနေ့ခေတ် လူငယ်လူရွယ်များအနေဖြင့် လွတ်လပ်မှုကို ပိုမို ခံမင်လာကြခြင်းနှင့် ရိုးရာလူမှုအခန်းကဏ္ဍတို့ တစ်စတစ်စ မှေးမှိန်လာကြခြင်းတို့ကြောင့်လည်း ဖြစ်သည်။ ထိုမျှသာမက ခေတ်သစ်လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းခွင်ဆိုင်ရာ ပြောင်းလဲမှုများအပေါ်တွင်လည်း တည်မှီနေပေသည်။ ဥပမာဆိုရသော် ရှေးယခင်က အမျိုးသားများသာ ဆောင်ရွက်ခန့်အပ်စေသည့် လုပ်ငန်းခွင်များတွင် ယနေ့အချိန်အခါ၌ အမျိုးသမီးများပါ ရင်ဘောင်တန်း လုပ်ဆောင်လာနိုင်ကြသည်။ ယနေ့ခေတ်ကလေးများသည် အမျိုးသမီး (သို့မဟုတ်) အမျိုးသားတစ်ယောက် မည်ကဲ့သို့ ပြုမူနေထိုင်တွေးခေါ်သင့်သည်ကို ရွေးချယ်ခွင့်ရှိသည်။ ထို့ကြောင့် ယနေ့ခေတ် Gender ဆိုင်ရာ သတ်မှတ်မှုများသည် ကျွန်ုပ်တို့၏ မိဘများ၊ ဘိုးဘွားများခေတ်က သတ်မှတ်မှုများနှင့် လွန်စွာ ကွဲပြားနေကြောင်း တွေ့ရသည်။

*Source: Academic Listening Encounters, life in society (growing up male or female) Cambridge University Press.*

စ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေပေးပါ။

၁။ ပုရိသ သဘာဝ၊ ဣတ္ထိယ သဘာဝ တို့ကို မည်သို့ သိရှိနိုင်မည်နည်း။

၂။ လူမှုအဖွဲ့အစည်းအတွင်း Gender ဆိုင်ရာ လူမှုအခန်းကဏ္ဍများနှင့် ခေတ်ရေစီးကြောင်းအရ မည်သို့ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်ကို ဆွေးနွေးပေးပါ။

ဆ။ စာဖတ်သူ ငယ်ရွယ်စဉ်အချိန်က ယောက်ျားကလေးတစ်ယောက်အနေဖြင့် မည်သို့ ပြုမူရမည်၊ မိန်းကလေးတစ်ဦးအနေဖြင့် မည်ကဲ့သို့ နေထိုင်ရမည်ကို လူကြီးသူမများ၊ ဆရာသမားများက မည်သို့ မည်ပုံ ကြပ်မတ်သွန်သင်ပေးခဲ့ကြသနည်း။

ဇ။ Gender ဆိုင်ရာ လူမှုအခန်းကဏ္ဍများ အနာဂတ်ကမ္ဘာကြီးတွင် မည်ကဲ့သို့ ပြောင်းလဲတိုးတက်လာနိုင်သည်ကို ဆွေးနွေးပေးပါ။

# ၁.၂ Gender နှင့် လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာများ

က။ ဖော်ပြပါ လိင်သတ်မှတ်ချက်နှင့် Gender ဆိုင်ရာ စရိုက်လက္ခဏာတို့ကို လေ့လာဖတ်ရှုပါ။ ပြီးနောက် တစ်ဖက်တွင် ပေးထားသည့် စရိုက်လက္ခဏာတို့ကို ကြည့်ရှုသုံးသပ်ပြီး အမျိုးအစား ခွဲခြားသတ်မှတ်ပေးပါ။ အချို့ စရိုက်လက္ခဏာများသည် လိင်သတ်မှတ်ချက်နှင့် Gender ဆိုင်ရာ စရိုက်လက္ခဏာ (၂) ရပ်လုံးနှင့် သက်ဆိုင်မှု ရှိနိုင်သည်။

၁။ ကမ္ဘာအရပ်ရပ်တွင် အမျိုးသားများထက် အမျိုးသမီးတို့ကသာ အိမ်မှုကိစ္စတို့ကို တာဝန်ယူကြရသည်။

၂။ ရင်သွေးငယ်လေးများ မွေးဖွားသန့်စင်နိုင်အောင် အမျိုးသမီးတို့ကသာ စွမ်းဆောင်ပေးနိုင်ပြီး အမျိုးသားတို့အနေဖြင့် မဆောင်ရွက်နိုင်ချေ။

၃။ အမျိုးသားများသည် အမျိုးသမီးတို့ထက် အရိုးအဆစ် ပိုမိုသန်မာကြသည်။

၄။ အချို့ တိုင်းပြည်တို့တွင် အမျိုးသမီးများသည် အမျိုးသားများထက် လုပ်ခလစာ အနည်းငယ်သာ ရရှိကြသည်။

၅။ အမျိုးသမီးများသည် အမျိုးသားများထက် ထိလွယ် ရှလွယ်သော စိတ်အခြေအနေကို ပိုင်ဆိုင်ထားတတ်ကြသည်။

၆။ အမျိုးသားများသည် အမျိုးသမီးတို့ထက် ပိုမို ကြံ့ခိုင်ကြသည်။

၇။ 'ဟော်မုန်း' တို့ကြောင့် အမျိုးသားများနှင့် အမျိုးသမီးတို့၏ အပြုအမူများ ကွဲပြားကြရသည်။

၈။ အမျိုးသားများသည် အမျိုးသမီးများထက် စိတ်ဆတ်တတ်ကြသည်။

၉။ အမျိုးသမီးတို့ထက် အမျိုးသားများက အားကစားတွင် ပိုမို စွမ်းဆောင်နိုင်ကြသည်။

### လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာ

- အမျိုးသားနှင့် အမျိုးသမီးတို့သည် ခန္ဓာဗေဒ ဖွဲ့စည်းပုံအရ ကွဲပြားကြသည်။
- အမျိုးသမီးများအနေဖြင့် မွေးဖွားလာသည့် ကလေးငယ်ကို နို့ချိုတိုက်ကျွေးနိုင်ပြီး၊ အမျိုးသားများအနေဖြင့် ထိုကဲ့သို့ မစွမ်းဆောင်နိုင်ချေ။

### Gender ဆိုင်ရာ စရိုက်လက္ခဏာ

- ဗီယက်နမ်တွင် ဆေးလိပ်သောက်သူ အများစုမှာ အမျိုးသားများ ဖြစ်ကြပြီး ရိုးရာဓလေ့တို့အရ အမျိုးသမီးများ ဆေးလိပ်သောက်သုံးခြင်းကို တားမြစ်ထားသည်။
- ဆော်ဒီအာရေဗျနိုင်ငံတွင် အမျိုးသားများသာ ကားလိုင်စင် ကိုင်ဆောင်ခွင့်ရှိပြီး အမျိုးသမီးများမှာ ကိုင်ဆောင်ခွင့် မရရှိကြချေ။

ခ။ ထိုကဲ့သို့ ရွေးချယ်သတ်မှတ်ရသည့် အကြောင်းရင်းကိုပါ ဖော်ပြပေးပါ။

ဂ။ မိမိတို့ လူမှုအသိုင်းအဝိုင်းအတွင်း တွေ့ရှိရသည့် Gender နှင့် လိင်သတ်မှတ်ချက်ဆိုင်ရာ စရိုက်လက္ခဏာများကို ဖော်ပြပေးပါ။



ဃ။ အောက်ပါ စကားစုတို့ကို အဓိပ္ပာယ် ပေါ်လွင်အောင် ဖြည့်စွက်ပေးပါ။

၁။ ကျွန်တော်၊ ကျွန်မနေထိုင်ရာ တိုင်းပြည်တွင် အမျိုးသားအများစုသည် ____________ စရိုက်လက္ခဏာတို့ကို ပိုင်ဆိုင်ထားကြသည်။

၂။ ကျွန်တော်၊ ကျွန်မနေထိုင်ရာ တိုင်းပြည်တွင် အမျိုးသမီးအများစုသည် ____________ စရိုက်လက္ခဏာတို့ကို ပိုင်ဆိုင်ထားကြသည်။

၃။ အမျိုးသားများသည် ____________ ရံဖန်ရံခါ အပြုအမူတို့ကို လုပ်ဆောင်တတ်သည်။

၄။ အမျိုးသမီးများသည် ____________ ရံဖန်ရံခါ အပြုအမူတို့ကို လုပ်ဆောင်တတ်သည်။

၅။ ကျွန်တော်၊ ကျွန်မ၏ လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသားအများစုက ____________ လုပ်ငန်းများကို လုပ်ဆောင်ရန် စိတ်အားထက်သန်တတ်ကြသော်လည်း အမျိုးသမီးတို့ကမူ မဆောင်ရွက်လိုကြချေ။

၆။ ကျွန်တော်၊ ကျွန်မ၏ လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသမီးအများစုက ____________ လုပ်ငန်းများကို လုပ်ဆောင်ရန် စိတ်အားထက်သန်တတ်ကြသော်လည်း အမျိုးသားတို့ကမူ မဆောင်ရွက်လိုကြချေ။

| | | | | |
|---|---|---|---|---|
| ကြင်နာခြင်း | ရက်ရွဲ့ခြင်း | အမှီအခိုကင်းခြင်း | စိတ်ခံစားလွယ်ခြင်း | သတ္တိရှိခြင်း |
| စိတ်ကြီးခြင်း | ကူညီဖော်ရခြင်း | အားကစားလိုက်စားခြင်း | ဉာဏ်ကောင်းခြင်း | |
| ခေါင်းဆောင်ပါဝင်နိုင်ခြင်း | နူးညံ့သိမ်မွေ့ခြင်း | အာရုံစူးစိုက်နိုင်ခြင်း | | |

င။ ဖော်ပြပါ စရိုက်လက္ခဏာတို့ကို ကြည့်ရှုသုံးသပ်ပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ မည်သည်တို့က အမျိုးသားတစ်ဦးတွင် အတွေ့ရများသည့် စရိုက်လက္ခဏာများ ဖြစ်သည်၊ မည်သည်တို့က အမျိုးသမီးတစ်ဦးတွင် ရှိအပ်သည်ကို သုံးသပ်ပေးပါ။

၂။ အဘယ်ကြောင့် ထိုသို့ ကောက်ချက်ချရသည်ကိုပါ ဆန်းစစ်ပေးပါ။ ထိုသို့ ကောက်ချက်ချရာတွင် စာဖတ်သူ၏ လူ့အဖွဲ့အစည်းအပေါ် အမြင်များ၊ မြင်ကြားမှတ်သိထားသည်များက မည်သို့ လွှမ်းမိုးမှု ရှိနေသည်ကိုပါ ဝေဖန်ဆန်းစစ်ပါ။

## ၁.၃ ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုများ

စ။ အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ ယဉ်ကျေးမှု ဆိုသည်မှာ အဘယ်နည်း။

၂။ ယဉ်ကျေးမှုနှင့် Gender တို့အကြား မည်သို့ ဆက်နွယ်နေကြသနည်း။

၃။ မိမိတို့ လူမှုအသိုင်းအဝိုင်းတွင်း တွေ့မြင်ကြားသိနေရသည့် ယဉ်ကျေးမှုနှင့် Gender တို့အကြား ဆက်နွယ်မှုများကို ဖော်ပြပေးပါ။

ခ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မိမိတို့ ဖြေဆိုထားသည်တို့ကို တိုက်ဆိုင်စစ်ဆေးပေးပါ။

'ယဉ်ကျေးမှု' ဆိုသော ဝေါဟာရသည် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပြုမူကျင့်ကြံပုံ၊ တွေးမြင်ယူဆပုံ အစရှိသော နေထိုင်ပုံ ဓလေ့စရိုက်တို့ကို ကိုယ်စားပြုနေသည့် ဝေါဟာရ စကားလုံးတစ်ရပ် ဖြစ်သည်။ ထို့အပြင် ကိုးကွယ်ယုံကြည်မှု၊ သမိုင်းနောက်ခံ၊ သုခုမ အနုပညာရပ်များ၊ ဘာသာစကား၊ စာပေနှင့် လူမှုဘဝအခြေအနေတို့ကို ထင်ဟပ်နေသည့် အသုံးအနှုန်းတစ်ရပ်လည်း ဖြစ်ပေသည်။ လူ့အဖွဲ့အစည်းတစ်ရပ်နှင့် တစ်ရပ်၊ လူသားတစ်ဦးနှင့် တစ်ဦးကြား မတူညီမှုများ၊ မျှဝေခံစားသည့်အချက်များကို တိုင်းတာရာတွင် 'ယဉ်ကျေးမှု' ဟူသော 'စံပေတံ' နှင့် တိုင်းတာသတ်မှတ်တတ်ကြသည်။ လူသားတို့၏ နိစ္စဓူဝ ပြုမူဆောင်ရွက်ချက်များ အပေါ်တွင် မွေးဖွားကြီးပြင်းရာ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုတို့က လွှမ်းမိုးသက်ရောက်လျက် ရှိနေပေသည်။ ထိုနည်းတူစွာပင် ထိုယဉ်ကျေးမှုများက လူသားတို့၏ လိင်ပိုင်းဆိုင်ရာ သတ်မှတ်ထားချက်များ၊ လိင်မှုကိစ္စအပေါ် အမြင်များကို သက်ရောက်မှု ရှိနေပေသည်။

လူမှုအဖွဲ့အစည်းတစ်ရပ်၏ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများသည် ထိုလူ့အဖွဲ့အစည်းတွင်းရှိ အမျိုးသား၊ အမျိုးသမီးတို့၏ အပြုအမူပိုင်းဆိုင်ရာ ကွဲပြားမှုကို ဖန်တီးပေးနေပေသည်။ ယောကျ်ားတစ်ယောက် ဖြစ်သည်ဆိုပါက 'ဗိုလက္ခဏာ' နှင့် ပြည့်စုံရမည်၊ အမျိုးသမီးတစ်ဦးဆိုပါကလည်း အမျိုးသမီးတို့တွင် ရှိသင့်၊ ရှိအပ်သည့် 'မ သဘာဝ၊ မ လက္ခဏာ' တို့ ရှိကို ရှိကြရမည် ဖြစ်သည်။ ဤသည်မှာ လူ့အဖွဲ့အစည်း၏ သတ်မှတ်ချက်တစ်ရပ် ဖြစ်သည်။ ထိုလက္ခဏာနှစ်ရပ်တို့သည် အများအားဖြင့် ဆန့်ကျင်ဘက် သဘောတရားတို့ကို ကိုယ်စားပြုနေတတ်ကြသည်။ (ဥပမာ – ခွန်အားကြီးခြင်းနှင့် အားနည်းတတ်ခြင်း၊ သတ္တိရှိခြင်းနှင့် ရှက်ရွံ့ခြင်း။)

*Source: Reardon, B.2001. Education for a Culture of Peace in a Gender Perspective.*

ဂ။ အုပ်စုနှစ်စု ခွဲပေးပါ။ အုပ်စု (က) အနေဖြင့် အမျိုးသမီးတစ်ဦးနှင့် သက်ဆိုင်မည်ဟု ထင်သည့် ဝေါဟာရများကို စုဆောင်းစေပြီး အုပ်စု (ခ) ကမူ အမျိုးသားတစ်ဦးနှင့် ဆက်နွယ်နေသည့် ဝေါဟာရတို့ကို ပြုစုရေးသားစေပါ။ မိမိတို့ ရွေးချယ်ထားသည့် ဝေါဟာရများကို သင်ပုန်းပေါ်တွင် တစ်လှည့်စီ ထွက်ရေးပေးပါ။ စကားလုံး မထပ်အောင်လည်း ဂရုပြုပေးပါ။

ဃ။ သင်ပုန်းပေါ်တွင် ရေးသားထားသည့် 'ဝေါဟာရ' တို့ကို သုံးသပ်ပြီး အောက်ပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါ။

၁။ ထိုဝေါဟာရများတွင် မည်သို့သော ထူးခြားချက်များ သတိမူမိသနည်း။

၂။ အမျိုးသားများနှင့် ဆက်နွယ်သော ဝေါဟာရများနှင့် အမျိုးသမီးများဆိုင်ရာ ဝေါဟာရတို့ကြား မည်သို့သော တူညီချက်များ၊ ကွဲလွဲချက်များကို တွေ့ရသနည်း။

၃။ အချို့သော ဝေါဟာရများသည် အမျိုးသားများနှင့်ရော၊ အမျိုးသမီးတို့နှင့်ပါ သက်ဆိုင်သည်ဟု ထင်ပါသလား။ အချို့သည် အမျိုးသားများအတွက် (သို့မဟုတ်) အမျိုးသမီးများအတွက် သီးသန့်ကိုယ်စားပြုသည့် ဝေါဟာရများ ဖြစ်ပါသလား ဆိုသည်ကိုပါ သုံးသပ်ပေးပါ။

၄။ အမျိုးသမီးတို့နှင့် သက်ဆိုင်သော ဝေါဟာရများသည် အမျိုးသားများကိုပါ ကိုယ်စားပြုနိုင်သည့် ဝေါဟာရများ ဖြစ်နိုင်ပါသလား။ ထို့အတူ အချို့သော အမျိုးသားဆိုင်ရာ 'ဝေါဟာရ' တို့သည် အမျိုးသမီးတို့နှင့် ကိုက်ညီမည်ဟု ထင်မြင်ယူဆပါသလား။ သုံးသပ်ဆွေးနွေးပေးပါ။

**ငါ။** အောက်ပါစာပိုဒ်ကို ဖတ်ရှုပေးပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

> လိင်မှုကိစ္စတို့အပေါ် ထင်မြင်ပုံသွင်းမှုများသည် လူ့ဘဝတစ်လျှောက် ရှင်သန်ရပ်တည်စဉ် အတောအတွင်း ရင်ဆိုင်ကြုံတွေ့ကြရမည်မှာ မလွဲဧကန် ဖြစ်ပေသည်။ မွေးဖွားလာကြစဉ်ကတည်းကပင် ယောကျ်ားကလေးဆိုလျှင် အပြာရောင် အဝတ်အစားဆင်ပေးမည်။ စစ်သားအရုပ်ကလေးများ ဝယ်ပေးမည်။ မိန်းကလေးမွေးလျှင် ဂါဝန်ပန်းရောင်လေး ဆင်ပေးမည်။ ဘိုမရုပ်ကလေးဝယ်ပေးမည် စသည်ဖြင့် ကြိုတင် စီစဉ်ထားတတ်ကြသည်။ ထို့အပြင် ယောကျ်ားဆိုလျှင် သတ္တိရှိရမည်။ ကျားကျားလျားလျားရှိရမည်။ မိန်းကလေးဆိုလျှင်လည်း အနေအထိုင် အိန္ဒြေသိက္ခာရှိရမည် စသည်ဖြင့် ကြပ်မတ်သွန်သင်ခြင်းကို ခံခဲ့ကြရသည်။ ထိုကဲ့သို့ သွန်သင်မှုများ၊ ပုံသွင်းမှုများသည် ကျွန်ုပ်တို့၏ ဘဝတစ်လျှောက်လုံးတွင် အကျင့်စရိုက်များ အသွင်ဖြင့် ယှဉ်တွဲပါလာတတ်ကြပေသည်။ ထိုအချက်တို့ကို အခြေခံ၍ ယောကျ်ားဆိုလျှင် ယောကျ်ားဆန်ဆန် နေရမည် (ကျား သဘာဝ အပြည့်အဝရှိရမည်)။ အမျိုးသမီးဆိုလျှင်လည်း မိန်းမတို့၏ ဂုဏ်၊ အကျင့်၊ စရိုက်လက္ခဏာများ ပိုင်ဆိုင်ထားကြရမည်ဟု လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့က လက်ခံအတည်ပြုထားကြပေသည်။
>
> *Source: Malszecki, G. Race, Class and Sexuality (4th Ed.). Pearson Prentice Hall: New York. 2010.*





၁။ လိင်မှုရေးရာပုံသွင်းမှုများ၊ ထင်မြင်ယူဆချက်များ၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ဖော်ထုတ်ပေးပါ။

၂။ မိမိတို့ လူမှုအသိုင်းအဝိုင်းတွင် ယောကျ်ားလေးများက မည်သို့ ဆော့ကစားတတ်ကြ၍၊ မိန်းကလေးငယ်လေးများက မည်သို့ မည်ပုံ ဝိုင်းဖွဲ့ဆော့ကစားတတ်ကြသည်ကို နှိုင်းယှဉ်ဖော်ပြပါ။

၃။ စာဖတ်သူ၏ လူမှုပတ်ဝန်းကျင်တွင် မိဘများအနေဖြင့် ကလေးငယ်တစ်ဦး သားဖြစ်သည်၊ သမီးဖြစ်သည်ကို အကြောင်းပြု၍ မည်သို့ အဝတ်အစား ဆင်ယင်ပေးတတ်ကြပုံ ဖော်ပြပေးပါ။

၄။ စာဖတ်သူ၏ မိဘများက ယောကျ်ားလေးတစ်ဦးအနေဖြင့် မည်သို့ပြုမူရမည်၊ မိန်းကလေးတစ်ဦးအနေဖြင့် မည်သို့ နေထိုင်ရမည်ကို သွန်သင်ကြပ်မတ်ပေးခဲ့ပုံများကို ဖော်ပြပေးပါ။

၅။ မိမိတို့ လူ့အဖွဲ့အစည်း၊ တိုင်းပြည်တွင် လက်ခံယုံကြည်ထားကြသည့် လိင်မှုရေးရာအမြင်များကို ဆွေးနွေးဖော်ထုတ်ပေးပါ။

## ၁.၄ ကျား၊ မ တန်းတူညီမျှမှုနှင့် အမျိုးသမီး အခွင့်အရေး

**ကျ။** အောက်ဖော်ပြပါ 'နိုင်ငံတကာ အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ မူကြမ်း' ကို ဖတ်ရှုပေးပါ။

**ခ။** ထို့နောက် 'Gender အခြေပြု တန်းတူညီမျှမှု' ဟူသော စာပိုဒ်ကို လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာ မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ အထက်ပါ အမျိုးသမီးဆိုင်ရာ အခွင့်အရေးများကို မိမိတို့၏ လူ့အဖွဲ့အစည်းမှ အမျိုးသမီးများ မရရှိနိုင်သော အချက်များကို သုံးသပ်ပေးပါ။

၂။ အမျိုးသမီးများအနေဖြင့် အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ကြစေရန် မည်သည်တို့ ဆောင်ကြဉ်းပေးနိုင်သည်ကို ဆွေးနွေးသုံးသပ်ပေးပါ။

### ‘နိုင်ငံတကာ အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ မူကြမ်း’

အမျိုးသမီးများအပေါ် ဖိနှိပ်အကြမ်းဖက်မှုများ အမြစ်ပြတ်ချေမှုန်းရေး ဆွေးနွေးပွဲ (CEDAW - Convention on the Eliminations of All Forms of Discrimination Against Women) ကို ၁၉၇၉ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးမှ ကြီးမှူးကျင်းပပေးခဲ့ပြီး ‘နိုင်ငံတကာ အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ မူကြမ်း’ တစ်ရပ် ချမှတ်နိုင်ခဲ့ကြသည်။ ထိုမူကြမ်းတွင် အမျိုးသမီးများအပေါ် ဖိနှိပ်အကြမ်းဖက်မှုများ ရပ်တန့်ပေးရေး တိုက်တွန်းနှိုးဆော်ထားပြီး အမျိုးသားများနှင့် အမျိုးသမီးများကြား နိုင်ငံရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍအသီးသီးတို့တွင် တန်းတူအခွင့်အရေးများ ရရှိနိုင်ကြစေရန် စီမံပေးထားသည်။ CEDAW သည် အမျိုးသမီးတို့၏ အခွင့်အရေးများနှင့် မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ဥပဒေများ ဖော်ပြပါရှိသည့် တစ်ခုတည်းသော ကြေညာစာတမ်းလည်း ဖြစ်သည်။

CEDAW တွင် အမျိုးသမီးဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ အောက်ပါအချက်များ ဖော်ပြပါရှိသည်။

- မဲပေးခွင့်၊ နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားနိုင်ခွင့်၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်။
- လုပ်ငန်းခွင်တွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများ ခံစားပိုင်ခွင့်။
- ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ထောက်ပံ့စောင့်ရှောက်မှုများ ခံစားခွင့်။
- လွတ်လပ်စွာ ပြုမူနေထိုင် ဆုံးဖြတ်ချက်ချနိုင်ခွင့်။
- အိမ်ယာခြံမြေတို့ ပိုင်ဆိုင်နိုင်ခွင့်။
- အကြမ်းဖက်မှုများ၊ ဖိနှိပ်မှုများ၊ တရားမဲ့လုပ်ရပ်များ၏ နှောင့်ယှက်မှုဒဏ်တို့မှ အကာအကွယ်ယူနိုင်ခွင့်။

CEDAW ဆွေးနွေးပွဲတွင် နိုင်ငံပေါင်း (၁၈၀) ခန့် တက်ရောက်အတည်ပြုနိုင်ခဲ့ပြီး အခြားသော ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်များထက် နိုင်ငံတကာမှ ပါဝင်မှုများခဲ့သည့် ဆွေးနွေးပွဲတစ်ရပ်ဟု ခေါ်ဆိုနိုင်ပေသည်။ တက်ရောက်ပါဝင်ခဲ့ကြသည့် နိုင်ငံများအနေဖြင့် မိမိတို့ တိုင်းပြည်ရှိ အမျိုးသမီးတို့၏ အခြေအနေများ၊ တိုးတက်မှုများကို နှစ်စဉ် နှစ်တိုင်း အစီရင်ခံစာများ ပြုစုပေးကြရန် ကတိကဝတ်ပြုခဲ့ကြသည်။

*Source: http://www.unfpa.org/rights/women.htm*

### Gender အခြေပြု တန်းတူညီမျှမှု – နိုင်ငံတကာ အသိုင်းအဝိုင်းများမှ စောင့်ထိန်းလိုက်နာရမည့် အချက်များ

Gender အခြေပြု တန်းတူညီမျှမှုသည် ငြိမ်းချမ်းသာယာပြီး နေပျော်ဖွယ် လောကကြီးကို တည်ဆောက်လိုသူတိုင်းအတွက် ဖော်ဆောင်ပေးကြရမည့် လိုအပ်ချက်တစ်ရပ် ဖြစ်ပေသည်။ ထိုသို့ ဖော်ဆောင်ပေးရာတွင် လူမှုအဖွဲ့အစည်းအသီးသီးရှိ ရှည်ကြာစွာ အမြစ်တွယ်နေပြီးဖြစ်သည့် လိင်မှုအရေးအရာတို့အပေါ် ရှုမြင်သုံးသပ်ပုံများ၊ ခွဲခြားမှုများက အဟန့်အတားတစ်ရပ်အဖြစ် တည်ရှိနေကြသည်။ ဥပမာအားဖြင့် လူ့အဖွဲ့အစည်းအချို့တို့တွင် အမျိုးသမီးများ ပညာသင်ခွင့်နှင့် လုပ်ငန်းခွင် ဝင်ခွင့်တို့ ဆုံးရှုံးကြရခြင်း၊ မိသားစုတွင် မိန်းကလေးများထက် ယောကျ်ားလေးများကသာ အလိုလိုက် အရေးပေးခံရခြင်း၊ အချို့သော အမျိုးသမီးငယ်လေးများမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ခံစားနေရခြင်း အစရှိသော မမျှတမှုများ၊ တရားမဲ့ လုပ်ရပ်များကို တွေ့မြင်နေကြရသည်။ လူ့အဖွဲ့အစည်းတို့အနေဖြင့် အမျိုးသမီးတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များ၊ ရင်သွေးငယ်များအပေါ် စောင့်ရှောက်နိုင်ခွင့်များ၊ အိမ်မှုကိစ္စတွင်ဖြစ်စေ၊ အလုပ်ခွင်၌ဖြစ်စေ၊ နိုင်ငံရေးနယ်ပယ်၌ဖြစ်စေ၊ လွတ်လပ်ခွင့်များ အပြည့်အဝ ခံစားရရှိနိုင်အောင် စီမံဖန်တီးပေးကြရမည် ဖြစ်ပေသည်။

*Source: The Double Dividened of Gender Equality, UNICEF*




ဂ။ အောက်ပါ ကွက်လပ်တို့ကို ဖြည့်စွက်ပေးပါ။

၁။ အမျိုးသမီးဖြစ်ခြင်း၏ ကောင်းကျိုးတို့မှာ ____________

၂။ အမျိုးသားဖြစ်ခြင်း၏ ကောင်းကျိုးတို့မှာ ____________


၃။ 'Gender အခြေပြု တန်းတူညီမျှမှု' ဆိုသည်မှာ ____________

၄။ 'Gender အခြေပြု တန်းတူညီမျှမှု' ကို ဆောင်ကြဉ်းပေးနိုင်ရန်အတွက် ____________ တို့ကို တစ်ဦးချင်းအနေဖြင့် လုပ်ဆောင်နိုင်ကြသည်။

၅။ 'Gender အခြေပြု တန်းတူညီမျှမှုကို ဆောင်ကြဉ်းပေးနိုင်ရန်အတွက် ____________ တို့ကို ကမ္ဘာ့လူ့အဖွဲ့အစည်းတိုင်း အတူတကွ လက်တွဲလုပ်ဆောင်ကြရမည်။

ထိုဖြေဆိုချက်များကို စာသင်ခန်းနံရံတွင် ကပ်ပေးပြီး အခြားသူတို့၏ အဖြေများကိုပါ လှည့်လည်ကြည့်ရှုပေးပါ။

## ၁.၅ 'ဖို ဝါဒ' နှင့် 'မ ဝါဒ'




ဃ။ အောက်ပါ မေးခွန်းတို့ကို ဆွေးနွေး အဖြေရှာပေးပါ။

၁။ 'မ ဝါဒ' ဆိုသည်မှာ အဘယ်နည်း။

၂။ ထိုအယူအဆသည် အရေးကြီးပါသလား။ ထိုသို့ သိရှိထားခြင်းက လူမှုအသိုင်းအဝိုင်း အတွက် မည်သို့ အကျိုးရှိနိုင်မည်နည်း။

၃။ 'မ ဝါဒ' ကို ကန့်ကွက်ဆန့်ကျင်မှုများ ကြုံတွေ့ဖူးပါသလား။ မည်သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြသနည်း။

၈။ အောက်ပါတို့ကို ဖတ်ရှုလေ့လာပါ။ ထိုစာပိုဒ်ပါ ဖွင့်ဆိုချက်များက မိမိတို့ မေးခွန်း (၁) တွင် ဖြေဆိုခဲ့သည်တို့နှင့် ကိုက်ညီမှုရှိ၊ မရှိကို တိုက်ဆိုင်စစ်ဆေးပေးပါ။

## ‘မ ဝါဒ’ (Feminism) ဆိုသည်မှာ အဘယ်နည်း။

အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ လူမှုရေးဆိုင်ရာ အခွင့်အရေးများ၊ ကိုယ်ပိုင်လွတ်လပ်ခွင့်များ ရရှိခံစားသင့်သည်ဟု လက်ခံယုံကြည်ထားကြပြီး ဖြစ်သည်။ ‘မ ဝါဒ’ ဟူသော အယူအဆအရ ခန္ဓာဗေဒဆိုင်ရာ အကြောင်းခြင်းရာတို့သည် အမျိုးသမီးတို့၏ လူ့အဖွဲ့အစည်းအတွင်း အခန်းကဏ္ဍများ၊ လုပ်ငန်းတာဝန်များ၊ ရပိုင်ခွင့်များ သတ်မှတ်ရာတွင် ချုပ်ကိုင်လွှမ်းမိုးမှု မရှိစေရဟု ဆိုထားသည်။ ထို့အပြင် အမျိုးသမီးတို့၏ အရည်အသွေးများ၊ စွမ်းဆောင်နိုင်မှုများကို ဆန်းစစ်ရာတွင် ခန္ဓာဗေဒ တည်ဆောက်ပုံကို အကြောင်းပြု၍ မပိုင်းဖြတ်သင့်ကြောင်း ထောက်ပြထားသည်။

‘မ ဝါဒ’ တွင် မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ဥပဒေအရ ကာကွယ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အမျိုးသမီးတို့၏ ဦးဆောင်ပါဝင်နိုင်ခွင့်များ၊ အလုပ်ခွင်နှင့် ပညာရေးတွင် မျှတစွာ ဆက်ဆံခံရခြင်းများ အစရှိသည့် အမျိုးသမီးဆိုင်ရာ အခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို ဦးစားပေး ဖော်ဆောင်လျက်ရှိသည်။ အထူးသဖြင့် –

- **မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ အခွင့်အရေးများ** – အမျိုးသမီးများ မိမိတို့သဘောအတိုင်း သားသမီးရယူခွင့်ရှိသည်။ ထို့အပြင် သားသမီးများအား စောင့်ရှောက်ပိုင်ခွင့် စိတ်ချရသော သန္ဓေတားပိုင်ခွင့်နှင့် ဖျက်ချခွင့်များလည်း ပါဝင်သည်။
- **လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ** – လိင်အခြေပြု အကြမ်းဖက်မှုများ၊ အဓမ္မပြုကျင့်မှုများမှ အကာအကွယ်ပေးနိုင်ရန် စီမံပေးထားရမည် ဖြစ်သည်။
- **အမျိုးသမီးများနှင့် ခေါင်းဆောင်မှု** – နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် အမျိုးသားများနှင့် တန်းတူ ခေါင်းဆောင် ပါဝင်ခွင့် ပေးအပ်ထားကြရပေမည်။
- **အလုပ်အကိုင် အခွင့်အလမ်း** – တူမျှသော လုပ်ငန်းခွင် အခွင့်အရေးများ၊ လုပ်ခလစာများ၊ အသိအမှတ်ပြုမှုများ ရရှိစေရမည် ဖြစ်သည်။

*Adapted from: http://www.urvbandictionary.com/define.php?term=feminism*





ဂ။ 'ဖို ဝါဒ' ဆိုသည်မှာ အဘယ်နည်း။

## 'ဖို ဝါဒ' (Masculism) ဆိုသည်မှာ အဘယ်နည်း။

'ဖိုဝါဒ' တွင် အမျိုးသားတို့၏ အခွင့်အရေးများကို တောင်းဆိုထားပြီး အချို့သော လူမှုကိစ္စရပ်များ၌ အမျိုးသားများအနေဖြင့် မတရားမှုများ၊ အထင်အမြင်လွဲမှုများ ကြုံတွေ့နေကြရသည်ဟု ဆိုသည်။ ထို့အပြင် သတင်းမီဒီယာတို့သည် အမျိုးသားများကိုသာ စွပ်စွဲပြစ်တင်တတ်ကြသည်ဟု ထောက်ပြထားသည်။ အကြမ်းဖက်မှုအများစုတွင် အမျိုးသားများသည် အစားကြူးသည့် ဘီလူးများသဖွယ် ပြစ်တင်ဝေဖန်ခြင်း ခံကြရပြီး အမျိုးသမီးများမှာမူ အမျိုးသားတို့ပြုသမျှ နုရသည့် သားကောင်များ ဖြစ်ကြသည်ဟု အလွန်အကျူး ဖော်ပြထားကြကြောင်း ထိုဝါဒကို ထောက်ခံသူတို့က ဆိုကြသည်။ အချို့သော အကြမ်းဖက်မှုများတွင် အမျိုးသားတို့မှာ သားကောင်များ ဖြစ်ကြရပြီး ထိုကဲ့သို့သော သတင်းများကို မီဒီယာတို့က 'ဟာသ' တစ်ပုဒ်ဟုသာ သဘောထားကာ ထိမ်ချန်ဖော်ပြခြင်း မပြုကြဟု ဆိုထားသည်။

'ဖိုဝါဒ' တွင် ကလေးသူငယ်များအား စောင့်ရှောက်ကာကွယ်ပေးမှု၊ ကျန်းမာရေးအရ စောင့်ရှောက်မှုများ၊ အိမ်ထောင်မှုဆိုင်ရာ ပြဿနာရပ်များ၊ အမျိုးသားများ သေကြောင်းကြံစည်နှုန်း မြင့်တက်လာမှု၊ ပညာရေးနှင့် လုပ်ငန်းကိုင်ငန်းတို့တွင် တန်းတူညီမျှရေး အစရှိသည့် အမျိုးသားဆိုင်ရာ အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိပေသည်။

*Adapted from: http://www.urvbandictionary.com/define.php?term=Masculism&defid=3392194*

ဃ။ ဖော်ပြပါ စာပိုဒ်ကို လေ့လာဖတ်ရှုပြီး အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ 'ဖို ဝါဒ' နှင့် 'မ ဝါဒ' တို့အကြား မည်သို့ ဆက်နွယ်နေကြသနည်း။ တူညီချက်များ၊ ကွဲလွဲချက်များကို ဖော်ပြပေးပါ။

၂။ ထိုအယူအဆကို နားလည် လက်ခံထားဖို့ လိုအပ်ပါသလား။ ထိုသို့ သိရှိထားခြင်းက လူမှုအသိုင်းအဝိုင်းအတွက် မည်သို့ အကျိုးရှိနိုင်မည်နည်း။

င။ အောက်ဖော်ပြပါ အကြောင်းခြင်းရာတို့သည် 'ဖို ဝါဒ'၊ 'မ ဝါဒ' တို့နှင့် မည်သို့ ဆက်စပ် ပတ်သက်နေကြသည်ကို ဆွေးနွေး ဖော်ထုတ်ပေးပါ။

၁။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ။

၂။ အလုပ်အကိုင် အခွင့်အလမ်း။

၃။ ထင်မြင်ပုံသွင်းမှုများ။

၄။ မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ဥပဒေရပ်များ။



# အခန်း (၁) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ 'ဖို ဝါဒ'၊ 'မ ဝါဒ' အစရှိသော အယူအဆတို့ကို နားလည်လက်ခံထားဖို့ လိုအပ်ပါသလား။ အဘယ်ကြောင့်နည်း။

၂။ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးတစ်ဦးအနေဖြင့် မည်သို့ ပြုမူရမည်၊ မည်သည့် အမူအကျင့်များ ရှိရမည်ဟု သတ်မှတ်ထားသနည်း။ အဘယ်ကြောင့်နည်း။

၃။ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း အမျိုးသားတစ်ဦးအနေဖြင့် မည်သို့ နေထိုင်ရမည်၊ မည်သည့် အမူအကျင့်များ ရှိရမည်ဟု သတ်မှတ်ထားသနည်း။ အဘယ်ကြောင့်နည်း။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးပါ။**

၁။ ထင်မြင်ပုံသွင်းမှုများ။

၂။ မျိုးဆက်ပြန့်ပွားမှုဆိုင်ရာ ဥပဒေရပ်များ။

၃။ 'မ ဝါဒ'။

**ဂ။ အောက်ပါ မေးခွန်းတို့ကို အချက်အလက် စုံလင်စွာဖြင့် ဖြေဆိုပေးပါ။**

၁။ လိင်သတ်မှတ်ချက်နှင့် Gender တို့အကြား ကွဲပြားချက်များကို ဖော်ပြပါ။

၂။ လူမှုအဖွဲ့အစည်းများအနေဖြင့် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတို့၏ စရိုက်လက္ခဏာများ၊ အမူအကျင့်များနှင့် ပြည့်စုံအောင် မည်ကဲ့သို့ ပုံသွင်းပေးခဲ့ကြသနည်း။

၃။ အမျိုးသမီးတိုင်း ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးများကို ဖော်ပြပါ။

၄။ 'ဖိုဝါဒ' နှင့် 'မ ဝါဒ' တို့အကြား မည်သို့သော တူညီချက်များ၊ ကွဲပြားချက်များ ရှိသည်ကို ဆွေးနွေး တင်ပြပါ။

# အခန်း (၂) မိသားစု

**အခန်း (၂) အနှစ်ချုပ် သိမှတ်ဖွယ် - လူ့အသိုင်းအဝိုင်းနှင့် မိသားစု**

ဤအခန်းတွင် အမျိုးသား၊ အမျိုးသမီးတို့၏ လူမှုအခန်းကဏ္ဍများ သတ်မှတ်ရာ၌ လူ့အဖွဲ့အစည်း၏ လွှမ်းမိုးမှုများ မည်သို့ မည်ပုံရှိသည်ကို ဖော်ပြပေးထားသည်။ ထို့အပြင် မိသားစုဆိုင်ရာ အကြောင်းခြင်းရာတို့ ဖော်ပြပါရှိပြီး မိသားစု၏ အဓိပ္ပာယ်၊ မိသားစုတွင်း ဆုံးဖြတ်ချက်များကို မည်သူက ချမှတ်သည်၊ ကလေးငယ်များအနေဖြင့် သူတို့၏ မိဘများထံမှ မည်သည်တို့ သင်ယူရရှိနိုင်သည် အစရှိသည်တို့ ပါဝင်ပေသည်။ ထို့မျှသာမက လူ့အဖွဲ့အစည်းအတွင်း အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသား၊ အမျိုးသမီးတို့ ပါဝင်မှု အချိုးအစားနှင့် ၎င်း၏ သက်ရောက်ပုံတို့ကိုပါ ဖော်ပြပေးထားပြီး လူမှုအဖွဲ့အစည်းအတွင်း ထိမ်းမြားမင်္ဂလာပြုခြင်းဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်သည်။ နောက်ဆုံးအနေဖြင့် ခေတ်ကာလ ရွေ့လျားပြောင်းလဲမှုများက လူမှုအသိုင်းအဝိုင်းအတွင်း အခန်းကဏ္ဍများအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို လက်တွေ့ဆန်းစစ်စေမည့် လုပ်ဆောင်ချက်များလည်း ပါဝင်ပေသည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။

- မိသားစုတွင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသားများနှင့် အမျိုးသမီးတို့ကြား လူမှုကဏ္ဍဆိုင်ရာ ကွဲပြားမှုများ။
- မိသားစုတစ်စုအတွင်း အိမ်ထောင်မှု ကိစ္စများကို ဆုံးဖြတ်ချက်ချ ဆောင်ရွက်မှုများ။
- မိသားစုတွင်း ဆုံးဖြတ်ချက်ချမှု ပုံစံအမျိုးမျိုး။
- လက်ထပ်ထိမ်းမြားခြင်းနှင့် မိဘအလိုကျ လက်ထပ်ခြင်း။
- ခေတ်ရေစီးကြောင်း၏ လက်ထပ်မှုနှင့် အိမ်ထောင့်တာဝန် ခွဲဝေမှုတို့အပေါ် လွှမ်းမိုးမှုများ၊ ပြောင်းလဲတိုးတက်လာမှုများ။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည်ဖြစ်သည်။

- လူ့အဖွဲ့အစည်းအတွင်း အမျိုးသား၊ အမျိုးသမီးတို့၏ အခန်းကဏ္ဍများ ကွဲပြားမှုကို ပုံဖော်သိမြင်လာနိုင်မည်။
- လူမှုတာဝန်များ ဆုံးဖြတ်အကောင်အထည်ဖော်ရာတွင် အမျိုးသားဖြစ်မှု၊ အမျိုးသမီးဖြစ်မှု စသော ကွဲပြားချက်တို့က သက်ရောက်မှုရှိနေကြောင်း သိမြင်လာနိုင်သည်။
- ကလေးသူငယ်များ ပြုစုပျိုးထောင်ရာတွင် မိဘများ၏ သွန်သင်ပေးမှု မည်မျှ အရေးပါကြောင်း သဘောပေါက်လာစေမည်။
- မိသားစုတွင်း ဆုံးဖြတ်ချက်ချပုံတို့ကို နားလည်သိမြင်လာနိုင်မည်။
- ထိုသို့သော ဆုံးဖြတ်ချက်ချ ဆောင်ရွက်မှုများ၏ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်ပုံတို့ကိုပါ သိရှိလာနိုင်သည်။
- မိဘအလိုကျ လက်ထပ်ခြင်း၏ အကျိုးဆက်တို့ကို သိမြင်နားလည်လာခြင်း။
- ခေတ်ရေစီးကြောင်း၏ လက်ထပ်မှု၊ အိမ်ထောင့်တာဝန် ခွဲဝေမှုတို့အပေါ် မည်သို့ သက်ရောက်မှု ရှိနေသည်ကို သဘောပေါက်လာခြင်း၊
- ခေတ်ကာလတို့တစ်ခုနှင့် တစ်ခုအကြား လူမှုရေးဆိုင်ရာ ကွဲပြားမှုများကို ဆန်းစစ်ဝေဖန်နိုင်မည် ဖြစ်သည်။

# အခန်း (၂) လူ့အသိုင်းအဝိုင်းနှင့် မိသားစု



## ၂.၁ အမျိုးသား၊ အမျိုးသမီးဆိုင်ရာ လူမှုအခန်းကဏ္ဍများ

**က။** ဖော်ပြပါ ကာတွန်းပုံ (၂) ပုံက အမျိုးသားနှင့် အမျိုးသမီးတို့၏ လူမှုအခန်းကဏ္ဍများနှင့် ပတ်သက်၍ မည်သို့ ဖော်ညွှန်းနေသနည်း။







**ခ။** ကာတွန်းပုံပါ တင်ပြချက်များက မိမိတို့၏ လူ့အဖွဲ့အစည်းအတွင်း Gender ဆိုင်ရာ အခြေအနေများကို ထင်ဟပ်မှု ရှိပါသလား။

**ဂ။** အိမ်ထောင်စုတစ်စုအတွင်း အမျိုးသားတစ်ဦး (သို့မဟုတ်) အမျိုးသမီးတစ်ဦးအနေဖြင့် တာဝန်ယူသင့်သည်ဟု ထင်သည့် အခန်းကဏ္ဍများကို ရေးသားပြုစုပေးပါ။

**ဃ။** လူမှုအဖွဲ့အစည်းတစ်ရပ်အတွင်း အမျိုးသား၊ အမျိုးသမီးတစ်ဦး ဆောင်ရွက်ရမည်ဟု ခံယူထားသည့် အိမ်ထောင်စုတာဝန်များကို ရုပ်ပုံများ ရေးဆွဲ၍ ဖော်ပြပေးပါ။ ထိုသို့ ရေးဆွဲထားသည်ကို အတန်းဖော်များထံ ပြသပြီး တိုက်ဆိုင်စစ်ဆေးပါ။

**င။** အတန်းဖော်များ ရေးဆွဲခဲ့သည့် ပုံတို့ကို ကြည့်ရှုသုံးသပ်ပေးပါ။ ထိုပုံတို့တွင် တွေ့ရသည့် လူမှုအခန်းကဏ္ဍများကို ဖော်ထုတ်ဆွေးနွေးပါ။





**၅။** ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပေးပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ လိင်အခြေပြု ခွဲခြားဆက်ဆံမှုများကို အမျိုးသားများအနေဖြင့် မည်သို့ ကန့်သတ်ထိန်းကွပ်နိုင်မည်နည်း။

၂။ မိမိသည် အမျိုးသား၊ အမျိုးသမီး ရောနှောနေထိုင်သော မိသားစုအသိုင်းအဝိုင်းအတွင်း ကြီးပြင်းလာသူ ဖြစ်ပါသလား။

၃။ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ဖြစ်ရန် ပြုမူကျင့်ကြံပုံများကို လူမှုပတ်ဝန်းကျင်က မည်သို့ ပုံသွင်းပေးသနည်း။

အိမ်ထောင်စုတစ်စု သာယာပျော်ရွှင်ရေးတွင် ခင်ပွန်းသည်ဖြစ်သူနှင့် ဇနီးဖြစ်သူတို့အကြား တစ်ဦးအပေါ် တစ်ဦး လေးစားမှု၊ သစ္စာရှိမှု၊ လူမှုတာဝန်များကို 'မောင်တစ်ထမ်း မယ်တစ်ရွက်' ဆောင်ရွက်မှု အစရှိသည်တို့အပေါ်တွင် အခြေခံနေပေသည်။ သို့မှသာလည်း အနာဂတ်မျိုးဆက်သစ်ကလေးများကို ပြုစုပျိုးထောင်ပေးရာတွင် အကောင်းမွန်ဆုံး ဆောင်ရွက်ပေးနိုင်ကြမည် ဖြစ်ပေသည်။

မိသားစုတစ်စုတွင် အိမ်ထောင့်တာဝန်များကို အဓိကတာဝန်ယူဆုံးဖြတ်ရသူမှာ အိမ်ထောင်ဦးစီး အမျိုးသားများ ဖြစ်ကြသည်။ မိသားစုတွင်း အရေးအရာများကို ပါဝင်ဆုံးဖြတ်မှုများတွင် အမျိုးသမီးများကိုပါ ပါဝင်ဆုံးဖြတ်မှုပေးခြင်းက သာယာသော အိမ်ထောင်စုတစ်စု ထူထောင်ရေးတွင် အထောက်အကူရပြီး အမျိုးသမီးဆိုင်ရာ အခွင့်အရေးများကို လေးစားတန်ဖိုးထားရာလည်း ရောက်ပေသည်။

လေ့လာချက်များအရ အိမ်ထောင်ဦးစီးဖြစ်သူ အမျိုးသားအများစုသည် 'ဖခင်ကောင်း' တစ်ဦးဖြစ်ရန် ဆန္ဒရှိကြပြီး ထိုသို့ ဖခင်ကောင်းဖြစ်အောင် အားထုတ်ရာတွင် အချို့သော အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဆိုထားသည်။ ထိုသို့ ကြုံတွေ့ဖြတ်သန်းရသည့် အခက်အခဲအများစုမှာ သက်ဆိုင်ရာ လူမှုပတ်ဝန်းကျင်တို့အပေါ် အခြေခံနေပြီး အဓိကအားဖြင့် 'လူမှုရေးဆိုင်ရာ ဖိအားများ' ကို ခံစားနေကြရသည်။ တစ်ဖက်တွင်လည်း အချို့သော ဖခင်တို့သည် မိမိတို့ သားသမီးအတွက် တာဝန်ယူစရာမလိုဟု ခံယူထားတတ်ကြပေသည်။

*Source: Brown, Janet, and Gary Baker, ' Global Diversity and Trends in Patterns of Fatherhood'*

## ၂.၂ အိမ်ထောင်မှု တာဝန်

**က။** မိသားစုတာဝန်များကို ခွဲဝေတာဝန်ရာယူတွင် မည်သည့်ဒေသရှိ အမျိုးသမီးများက အခွင့်အရေးများ ပို၍ မရရှိကြသနည်း။ (ဒေသများ – အရှေ့တောင်အာရှ၊ တောင်အာရှ၊ အာဖရိက)။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

> အိမ်ထောင်မှုတာဝန်များကို တာဝန်ယူဆုံးဖြတ်ရာတွင် အရှေ့တိုင်းသား အမျိုးသမီးတို့၏ ပါဝင်မှုမှာ နည်းပါးလျက် ရှိသည်ကို တွေ့ရသည်။ အာဖရိကတိုက်ရှိ အမျိုးသမီးများနှင့် ယှဉ်လျှင်မှု အနည်းငယ် သာလွန်သေးကြောင်း သုတေသနပြုချက်များအရ သိရသည်။ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် အစရှိသည့် အရှေ့တောင်အာရှတိုင်းပြည်များရှိ အမျိုးသမီးတို့၏ အိမ်ထောင့်ရေးရာ တာဝန်များတွင် ပါဝင်မှုသည် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် အစရှိသည့် တောင်အာရှတိုင်းပြည်များနှင့် ယှဉ်လျှင်မှု သာလွန်ကောင်းမွန်ကြောင်း တွေ့ရပေသည်။ ၇၅ ရာခိုင်နှုန်းသော အရှေ့တောင်အာရှအမျိုးသမီးများသည် အိမ်ထောင်မှုရေးရာတွင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်နှင့် အိမ်တွင်းစီးပွားရေးကို လွတ်လပ်စွာ ကိုင်တွယ်ခွင့်ရကြပြီး တောင်အာရှ အမျိုးသမီးများမှာမူ ၅၀ ရာနှုန်းမျှသာ ရှိကြောင်း တွေ့ရပေသည်။
>
> *Source: United Nations Statistics Division 2010*

**ခ။** 'အိမ်တွင်းစီးပွားရေး' ဆိုသည်မှာ အဘယ်နည်း။

**ဂ။** မိသားစုတွင်း ဆုံးဖြတ်ချက်ချ ဆောင်ရွက်တတ်သည့် လုပ်ငန်းဆောင်တာများကို စာရင်းပြုစုပေးပါ။ ထိုဆုံးဖြတ်ချက်များကို မည်သူက ချမှတ်တတ်သည်ကိုပါ ဖော်ပြပေးပါ။ အမျိုးသားရော၊ အမျိုးသမီးပါ ချမှတ်သည့် ဆုံးဖြတ်ချက်များကို (E) ဟူ၍ လည်းကောင်း၊ အမျိုးသားဖြစ်သူကသာ ဆုံးဖြတ်သည့် ကိစ္စရပ်များကို (M) ဟူ၍ လည်းကောင်း၊ အမျိုးသမီးဖြစ်သူ ဆုံးဖြတ်သည့် ကိစ္စရပ်များကို (W) ဟူ၍ လည်းကောင်း သတ်မှတ်ပေးပါ။ ရလဒ်များကို အဖွဲ့ဖြင့် ဆွေးနွေးပါ။

**ဃ။** အတန်းဖော်များနှင့်အတူ အောက်ပါ မေးခွန်းတို့ကို ဆွေးနွေးပါ။

၁။ ထိုသို့ ဆုံးဖြတ်ချက်ချ ဆောင်ရွက်မှုပုံစံသည် မိသားစုနှင့် လူမှုအသိုင်းအဝိုင်းအပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်သနည်း။

၂။ မိသားစုတွင်း သားသမီးများရှိပါက အိမ်တွင်းရေးကိစ္စများကို မည်သို့ ဆုံးဖြတ်ချက်ချ ဆောင်ရွက်မည်နည်း။ မိသားစုတွင်း သားသမီး မရှိပါက အိမ်တွင်းရေးကိစ္စများကို မည်သို့ ဆုံးဖြတ်ချက်ချ ဆောင်ရွက်မည်နည်း။

၃။ သားသမီးတို့အား အမျိုးသမီးဆိုင်ရာ၊ အမျိုးသားဆိုင်ရာ တာဝန်များနှင့် ပတ်သက်၍ မည်သို့ သင်ပြပေးမည်နည်း။



**င။** အဖွဲ့များ ဖွဲ့ပြီး 'သားသမီး' ဆိုင်ရာ အကြောင်းရပ်များကို စာရွက်တစ်ရွက်တွင် ရေးသားဖော်ပြပေးပါ။ စာရွက်၏ အလယ်တွင် စက်ဝိုင်းတစ်ဝိုင်း ဆွဲပေးပြီး စက်ဝိုင်းအတွင်းတွင် 'ကျန်းမာပျော်ရွှင်သော သားသမီးကောင်း' တစ်ဦးတွင် ရှိသင့်သည်တို့ကို ဖော်ပြပါ။ (ဥပမာ – စောင့်ရှောက်ပေးမှု၊ ထက်မြက်မှု၊ လွတ်လပ်ပျော်ရွှင်မှု၊ စိတ်အားထက်သန်မှု၊ ဟာသဉာဏ်ရှိခြင်း၊ ခွန်အားရှိခြင်း၊ စိတ်ထားကောင်းခြင်း၊ မေတ္တာထားတတ်ခြင်း၊ သတ္တိရှိမှု အစရှိသည်ဖြင့် ...)

**စ။** စက်ဝိုင်း၏ အပြင်ဘက်တွင် လူမှုအသိုင်းအဝိုင်းအနေဖြင့် ထိုကဲ့သို့သော ကလေးငယ်လေးများ မွေးထုတ်ပေးရန် ဆောင်ရွက်ပေးနိုင်သည်တို့ကို ဖော်ပြပေးပါ။ ဥပမာ – ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ပေးမှု (ဆရာဝန်များ၊ ဆေးရုံများ)၊ ပညာထက်မြက်စေရန် (ကျောင်း)၊ လွတ်လပ်ပျော်ရွှင်မှု (ကစားပွဲများ၊ သူငယ်ချင်း အပေါင်းအဖော်များ)။ အဖွဲ့အနေဖြင့် ရေးဆွဲပြုစုထားသည်တို့ကို အခြားကျောင်းသားများထံ တင်ပြဆွေးနွေးပေးပါ။ ထိုပြုစုထားသည်တို့မှ ယောကျ်ားကလေးဖြစ်သည်၊ မိန်းကလေးဖြစ်သည်ကို အကြောင်းပြု၍ ကွဲပြားနိုင်မှုရှိ၊ မရှိကို ဖော်ထုတ်ပေးပါ။

## ၂.၃ လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးတို့၏ ပါဝင်မှု အခန်းကဏ္ဍ

**က။** အမျိုးသမီးဆိုင်ရာ လူမှုအခန်းကဏ္ဍများ တိုးတက်ပြောင်းလဲလာအောင် မည်သူတို့တွင် တာဝန်ရှိသနည်း။ မည်သူတို့က အဓိက ဆောင်ကြဉ်းပေးနိုင်သနည်း။

**ခ။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပေးပါ။

### အမျိုးသမီးများ လူ့အဖွဲ့အစည်းတွင် ပါဝင်မှု

လူမှုအဖွဲ့အစည်းအတွင်း လိင်ပိုင်းဆိုင်ရာ မတူကွဲပြားမှုများအပေါ် အခြေခံလျက် လူမှုတာဝန်များ ပိုင်းခြားသတ်မှတ်ထားခြင်းသည် အကြောင်းကြောင်းကြောင့် ပြောင်းလဲတိုးတက်လာမည့် အလားအလာများ ရှိနေပေသည်။ ထိုကဲ့သို့သော ဖြစ်ပေါ်ပြောင်းလဲမှုများ၏ အဓိက ပဲ့ကိုင်ရှင်မှာလည်း အမျိုးသမီးများပင် ဖြစ်ပေသည်။ အမျိုးသမီးများအနေဖြင့် သက်ဆိုင်ရာလူမှုပတ်ဝန်းကျင်အတွင်း စီးပွားရေး၊ လူမှုရေး အစရှိသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ယုံကြည်ရဲဝံ့စွာ မိမိတို့၏ အမြင်များ၊ ထင်မြင်ယူဆချက်များ၊ ဆုံးဖြတ်ချက်များကို ချမှတ်အကောင်အထည်ဖော်ကြရန် အရေးကြီးသည်။ အမျိုးသမီးများအပေါ် ဖိနှိပ်မှုများ၊ ထိပါးနှောင့်ယှက်မှုများကိုလည်း အတူတကွ လက်တွဲကာ ကာကွယ်တိုက်ဖျက်ကြရန် လိုအပ်သည်။ ထိုကဲ့သို့သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လူအများ ပါဝင်လာအောင် စည်းရုံး လှုံ့ဆော်မှသာလျှင် ထိရောက်မှုရှိနိုင်ပေမည် ဖြစ်သည်။

လူမှုအဖွဲ့အစည်းအသီးသီးကလည်း အမျိုးသမီးတို့၏ အခန်းကဏ္ဍများ တိုးတက်လာစေရေးအတွက် လမ်းဖွင့်ပေးကြရပေမည်။ ထိုကဲ့သို့သော ကူညီထောက်ပံ့မှုများ၊ နားလည်မှုများ တည်ဆောက်နိုင်မှသာလျှင် အမျိုးသမီးများအတွက်ရော လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက်ပါ အကျိုးကျေးဇူးများ ခံစားနိုင်ကြပေမည် ဖြစ်ပေသည်။ (ဥပမာ – အစားအစာ စီမံခန့်ခွဲမှု၊ ရေကောင်းရေသန့် ရရှိရေးတို့တွင် လက်တွဲလုပ်ဆောင်လာနိုင်ခြင်း၊ ကလေးသူငယ်စောင့်ရှောက်မှုများ၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်အခြေအနေ တိုးတက်မှုများ။)

*Source: The State of the World's Children(2007) UNICEF.*



၁။ စာပိုဒ်ပါ ဖော်ပြပါရှိချက်များအရ အမျိုးသမီးတို့၏ အခြေအနေများ တိုးတက်ပြောင်းလဲလာစေရန် မည်သူတို့ ဆောင်ကြဉ်းပေးနိုင်သနည်း။

၂။ အဘယ်ကြောင့် ထိုသို့ ကောက်ချက်ချရသနည်း။

၃။ အမျိုးသမီးအချင်းချင်း မည်သို့လက်တွဲလုပ်ဆောင်နိုင်မည်နည်း။

၄။ အမျိုးသမီးများအနေဖြင့် လုပ်ရှားဆောင်ရွက်နိုင်မည့် လူမှုအပြောင်းအလဲများကို ဖော်ပြပါ။

၅။ ထိုကဲ့သို့ ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များကို မိမိတို့၏ လူမှုအသိုင်းအဝိုင်းတွင် တွေ့မြင်ဖူးပါသလား။ မည်သို့သော လုပ်ငန်းဆောင်တာများကို ဖော်ဆောင်ကြသနည်း။

**ဂ။** မေးခွန်း (က) တွင် ဖြေဆိုထားသည်တို့နှင့် မေးခွန်း (ခ) တွင် ဖြေဆိုထားချက်များကို တိုက်ဆိုင်စစ်ဆေးပေးပါ။ မိမိတို့၏ အမြင်များကိုပါ ဖော်ပြပေးပါ။

ဃ။ ‘အိမ်ထောင်ဦးစီး’ ဆိုသည်မှာ အဘယ်နည်း။ ‘အမျိုးသမီး အိမ်ထောင်ဦးစီး’ မျိုးကို တွေ့မြင်ဖူးပါသလား။ ထိုသို့သော အိမ်ထောင်ဦးစီးမျိုး မိမိတို့၏ လူမှုပတ်ဝန်းကျင်တွင် အတွေ့ရများပါသလား။

င။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ အချို့သော မိသားစုများတွင် အမျိုးသမီးများက အိမ်ထောင်ဦးစီးတာဝန်ကို ဘာကြောင့် ယူကြရသနည်း။

၂။ ထိုအမျိုးသမီးတွင် ခင်ပွန်းသည်ရှိပါက ထိုအမျိုးသမီးသည် အိမ်ထောင်ဦးစီးတာဝန်ကို ဆက်လက် ထမ်းဆောင်နိုင်မည်ဟု ထင်ပါသလား။

၃။ ‘စွမ်းဆောင်ရည် မြှင့်တင်မှု’ အစီအစဉ်ဆိုသည်မှာ အဘယ်နည်း။

၄။ အမျိုးသမီးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်မှု အစီအစဉ်တို့က သူတို့၏ ကလေးငယ်များအတွက် မည်သို့ အကျိုးသက်ရောက်မှု ရှိနိုင်သနည်း။

## (က) အိမ်ထောင်ဦးစီး အမျိုးသမီးများ

မိသားစုတစ်စုတွင် အမျိုးသမီးများအနေဖြင့် အိမ်ထောင်ဦးစီး တာဝန်ယူရသည့် အကြောင်းရပ်များစွာ ရှိပေသည်။ အချို့သော အမျိုးသမီးတို့သည် မိမိတို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်များအရ အိမ်ထောင်ဦးစီးတာဝန်ကို ယူကြခြင်းဖြစ်ပြီး အချို့မှာမူ အခြေအနေ အကြောင်းတရားတို့ တွန်းပို့ပေးခြင်းကြောင့် အိမ်ထောင်ဦးစီးများ ဖြစ်လာကြခြင်း ဖြစ်သည်။ ထိုကဲ့သို့သော အကြောင်းတရားတို့တွင် မိသားစု၏ စီးပွားရေးလည်ပတ်မှု အခြေအနေတို့ပေါ်တွင်လည်း တည်မှီနေပေသည်။

ဖော်ပြပါ အိမ်ထောင်ဦးစီး အမျိုးသမီးများသည် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေသူများလည်း ဖြစ်နိုင်သည်။ (သို့မဟုတ်) အကြောင်းကြောင်းကြောင့် ခင်ပွန်းသည်နှင့် ခွဲခွာနေရသူ၊ ကွာရှင်းထားသူလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ထိုအမျိုးသမီးတို့သည် မိသားစု၏ စီးပွားရေး၊ လူမှုရေးတို့ ကောင်းစွာ လည်ပတ်နိုင်အောင် တာဝန်ယူကြရပြီး အိမ်ထောင့်တာဝန်များကို ထမ်းရွက်ကြရပေသည်။

*Source: The State of the World’s Children (2007) UNICEF*

**(ခ)** လေ့လာချက်များအရ အမျိုးသမီးတို့၏ အိမ်ထောင်မှုကိစ္စတွင် ပါဝင်မှုတိုးတက်လာခြင်းက မိသားစုတွင်း ကလေးသူငယ်များ ဖွံ့ဖြိုးမှုတွင် အထောက်အကူပေးနိုင်ကြောင်း ဖော်ပြနေသည်။ (ဥပမာ – မိန်းကလေးငယ်လေးများ၏ စာပေသင်ကြားနိုင်မှု တိုးတက်လာခြင်း။)

*Source: UNICEF*



## ၂.၄ မြန်မာ့လူမှုအသိုင်းအဝိုင်းနှင့် လက်ထပ်ထိမ်းမြားမှု

က။ မိမိတို့၏ လူ့အဖွဲ့အစည်းတွင် မည်သို့သော အပြုအမူများ၊ အကျင့်စရိုက်များသည် 'မိန်းမကောင်း' တစ်ဦး ပိုင်ဆိုင်ထားသင့်သည့် အရည်အသွေးများ ဖြစ်သည်ဟု သတ်မှတ်ထားသနည်း။

ခ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပေးပါ။

> ကမ္ဘာအရပ်ရပ်မှ လူ့အဖွဲ့အစည်းများကဲ့သို့ပင် မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း အမျိုးသားတွင် ရှိသင့်သည့် အမူအကျင့်၊ အမျိုးသမီးတွင် ရှိအပ်သည့် ဂုဏ်အရည်အသွေး အစရှိသည်ဖြင့် 'စံ' သတ်မှတ်ချက်များ ရှိပေသည်။ ထိုသတ်မှတ်ချက်တို့အပေါ် အခြေခံ၍ပင်လျှင် 'အမျိုးကောင်းသား၊ အမျိုးကောင်းသမီး' ဟူ၍ တင်စားခေါ်တွင်တတ်ကြပေသည်။ ထိုကဲ့သို့သော အမြစ်တွယ်ပြီးဖြစ်သည့် ရိုးရာဓလေ့များ၊ စံနှုန်းများသည် အမျိုးသမီးထုတစ်ရပ်လုံးအပေါ်တွင် များစွာ သက်ရောက်မှု ရှိနေကြောင်း တွေ့ရသည်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ လူအများစုက အမျိုးသမီးများသည် အားနွဲ့ပြီး မှီခိုရမည့် လင်ကောင်းသားကောင်း လိုအပ်ကြောင်း လက်ခံယုံကြည်ထားကြသည်။
>
> ထိုကဲ့သို့သော ထင်မြင်ယူဆချက်များက အမျိုးသမီးထုတစ်ရပ်လုံး၏ ဂုဏ်အရည်အသွေးတို့အပေါ် နားလည်မှု လွဲမှားစေပြီး အမျိုးသားများသည် အမျိုးသမီးများထက် မြတ်သည်ဟူသည့် ကောက်ချက်ချမှုမျိုးအထိ ဖြစ်ပေါ်စေနိုင်ပေသည်။
>
> လက်ထပ်ထိမ်းမြားမှုများတွင် အထက်ဖော်ပြပါ ကိစ္စရပ်များနှင့် အလားသဏ္ဌာန်တူသည့် အခြေအနေမျိုး ကြုံတွေ့နေရပြီး အထူးသဖြင့် မိန်းမပျိုလေးများသည် အိမ်ထောင်မှုဘဝ တည်ဆောက်ရာ၌ မိဘမောင်ဘွားတို့၏ ဖိအားပေးမှုများနှင့် ရင်ဆိုင်နေကြရကြောင်း တွေ့ရပေသည်။
>
> *Source: Gathering Strength: Women from Burma on their Rights, Chiang Mai, Thailand, Images Asia; 2002*

၁။ မိမိတို့၏ အသိုင်းအဝိုင်းအတွင်း အမျိုးသမီးတစ်ဦး ပြုမူသင့်၊ မပြုမူသင့်ဟူသည့် ကိစ္စရပ်များအပေါ် မည်သူတို့က သတ်မှတ်ထားကြသနည်း။

၂။ ဖော်ပြပါ စာပိုဒ်တွင် မြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားရာတွင် ဖိအားအချို့နှင့် ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်။ ထိုအဆိုကို ထောက်ခံပါသလား။ အမျိုးသမီးများအနေဖြင့် မည်ကဲ့သို့သော ဖိအားများနှင့် ရင်ဆိုင်ကြုံတွေ့နေရသနည်း။

၃။ ထိုကဲ့သို့သော ဖိအားများကို အမျိုးသားများပါ ခံစားနေရသည်ဟု ထင်ပါသလား။ (သို့မဟုတ်) မတူညီသော ဖိအားများ၊ ပြဿနာများနှင့် ရင်ဆိုင်နေရပါသလား။ မတူညီမှုများကို ဆွေးနွေး အဖြေရှာပေးပါ။

ဂ။ မိမိတို့၏ ဘဝလက်တွဲဖော်တွင် ရှိအပ်သည့် အရည်အသွေးများနှင့် ပတ်သက်၍ စံနှုန်းသတ်မှတ်ထားပါသလား။ ဘဝလက်တွဲဖော်ကို ရွေးချယ်ရာတွင် မိဘဘိုးဘွားများ၊ ပတ်ဝန်းကျင်၏ အမြင်များကို ထည့်သွင်း စဉ်းစားသင့်သည်ဟု ထင်ပါသလား။



**ဃ။** တစ်ဖက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပေးပါ။

### မိဘအလိုကျ လက်ထပ်ထိမ်းမြားခြင်း

မြန်မာပြည်ရှိ အိမ်ထောင်ရေး မသာယာသည့် မိသားစုအများစုသည် ကာယကံရှင်၏ အလိုဆန္ဒမပါရှိဘဲ မိဘများ၏ သဘောအတိုင်းသာ လက်ထပ်ထိမ်းမြားခဲ့ရသည့် ဖြစ်ရပ်များ၏ အကျိုးဆက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရသည်။ လူငယ်များ ကိုယ်တိုင်က လက်မထပ်မီ တွေ့ဆုံခြင်းမရှိဘဲ ရုတ်တရက် လက်ထပ်လိုက်ရသောကြောင့် ဖြစ်သည်။ ထိုကဲ့သို့ လက်ထပ်ထိမ်းမြားရာတွင်လည်း ကာယကံရှင်များ ကိုယ်တိုင်က မိဘတို့၏ ဆုံးဖြတ်ချက်ကို မလွန်ဆန်လိုခြင်း၊ ပြတ်သားမှု မရှိခြင်း အစရှိသော အကြောင်းရင်းတို့ကြောင့် မချစ်သော်လည်း ကြိတ်မှိတ်လက်ထပ်ကြသည့် အခြေအနေမျိုးတို့ ပါဝင်သည်။ ထိုကဲ့သို့သော လက်ထပ်မှုမျိုးသည် ကန့်ကွက်မှုများ၊ ဆန့်ကျင်မှုများနှင့် ကြုံတွေ့နေရသည်။ ထိုသို့ လက်ထပ်ရာတွင် သတို့သား၏ မိဘဆွေမျိုးများက ဇနီးလောင်းဖြစ်သူ၏ အိမ်ထောင်တာဝန် ထမ်းရွက်နိုင်စွမ်းကိုသာ ကြည့်တတ်ကြပြီး မေတ္တာ၊ သစ္စာတရားတို့ကို အခြေခံ၍ ဘဝနှစ်ခုပေါင်းဖက်ရမည့်အစား အိမ်မှုတာဝန်များကို ဒိုင်ခံဆောင်ရွက်ပေးမည့်သူတစ်ဦးကို ရှာဖွေသည့် ပုံစံမျိုးကိုလည်း တွေ့မြင်ကြရကြောင်း ဝေဖန်သူတို့က ဆိုကြသည်။

*Source: Gathering Strength: Women from Burma on their Rights, Chiang Mai, Thailand, Images Asia; 2002*

၁။ မိဘအလိုကျ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ပြဿနာရပ်များနှင့် ပတ်သက်၍ စာရေးသူက မည်သို့ တင်ပြထားသနည်း။

၂။ မိဘအလိုကျ လက်ထပ်ထိမ်းမြားခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ဖော်ပြပေးပါ။

၃။ ထိုသို့ ထိမ်းမြားလက်ထပ်ရာတွင် အမျိုးသမီးများဘက်မှ ရပ်တည်ပေးသင့်သည်ဟု ထင်ပါသလား။

၄။ မိဘအလိုကျ လက်ထပ်ထိမ်းမြားခြင်းမျိုးကို မြန်မာ့လူ့အဖွဲ့အစည်းတွင် အတွေ့ရများပါသလား။

## ၂.၅ လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများ



**က။** သက်ကြီးဘိုးဘွားတစ်ဦးနှင့် မေးမြန်းဆွေးနွေးပေးပါ။ အမျိုးသား၊ အမျိုးသမီးဆိုင်ရာ ဂုဏ်ရည်များနှင့် ပတ်သက်၍ ထိုဘိုးဘွားတို့ ငယ်စဉ်က မည်သို့ အများလက်ခံ သတ်မှတ်ထားကြကြောင်း မေးမြန်းပြောဆိုပေးပါ။ ယနေ့ခေတ်အခါတွင် ပြောင်းလဲလာသည့် အမျိုးသား၊ အမျိုးသမီးတို့၏ အခန်းကဏ္ဍများနှင့် ပတ်သက်၍လည်း ဆွေးနွေး ပြောဆိုပေးပါ။

**ခ။** ထိုပြောဆိုချက်များကို အတန်းဖော်များထံ တင်ပြဆွေးနွေးပါ။

# အခန်း (၂) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ စာဖတ်သူ၏ မိသားစုတွင်း အိမ်မှုကိစ္စဆိုင်ရာ အရေးပါသည့် ဆုံးဖြတ်ချက်များကို မည်သူက ချမှတ်သည်ကို ဖော်ပြပါ။ အဘယ်ကြောင့်ဆိုသည်ကိုပါ ထည့်သွင်း တင်ပြပေးပါ။

၂။ လက်ထပ်ထိမ်းမြားခြင်းသည် ဘဝအတွက် အရေးပါသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၃။ အမျိုးသမီးများ အိမ်ထောင်ဦးစီးတာဝန်ယူမှု၏ ကောင်းကျိုးများ၊ ဆိုးကျိုးများကို ဖော်ပြပေးပါ။

၄။ 'မိဘအလိုကျ လက်ထပ်ထိမ်းမြားခြင်း' ကို ကန့်သတ်ထားသင့်ပါသလား၊ အားပေးသင့်ပါသလား။ အဘယ်ကြောင့်နည်း။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက်ဖွင့်ဆိုပေးပါ။**

၁။ ပါဝင်ဆုံးဖြတ်မှု။

၂။ လူ့အဖွဲ့အစည်းတွင် ပါဝင်မှု။

၃။ လူမှုရေးဆိုင်ရာ ဖိအားများ။

**ဂ။ အောက်ပါ မေးခွန်းတို့ကို အချက်အလက် စုံလင်စွာဖြင့် ဖြေဆိုပေးပါ။**

၁။ မိသားစုတစ်စုအတွင်း ခင်ပွန်းသည်ဖြစ်သူ၊ ဇနီးသည်ဖြစ်သူတို့ ထမ်းဆောင်ရမည့် တာဝန်များနှင့် ပတ်သက်၍ စာဖတ်သူ၏ လူမှုအသိုင်းအဝိုင်းတွင် မည်သို့ ပိုင်းဖြတ်သတ်မှတ်ထားသနည်း။

၂။ လူ့အဖွဲ့အစည်းအတွင်းရှိ လုပ်ငန်းရပ်များ၊ ပြဿနာများကို ဆွေးနွေးအဖြေရှာရာတွင် အမျိုးသမီးများရော၊ အမျိုးသားများပါ တန်းတူပါဝင်နိုင်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့် ထင်မြင်ရသည်ကိုပါ ဖော်ပြပေးပါ။

၃။ ခင်ပွန်းသည်ဖြစ်သူ၊ ဇနီးသည်ဖြစ်သူတို့၏ မိသားစုတစ်စုတွင်း အခန်းကဏ္ဍများသည် အချိန်ကာလအလျောက် ရွေ့လျားပြောင်းလဲလာမှုရှိ၊ မရှိ ဖော်ပြပေးပါ။

# အခန်း (၃) ဖစဗီ

**အခန်း (၃) အနှစ်ချုပ် သိမှတ်ဖွယ် - လုပ်ငန်းခွင် အခြေအနေ**

ဤအခန်းတွင် အမျိုးသား၊ အမျိုးသမီးတို့၏ လုပ်ငန်းခွင်အတွင်း အခြေအနေကွဲပြားမှုများကို ရေးသားတင်ပြထားပြီး မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မည်သို့သော အလုပ်အကိုင်များကို အမျိုးသားများက ဆောင်ရွက်သည်၊ မည်သည်တို့ကို အမျိုးသမီးတို့က ဆောင်ရွက်သည်၊ လစာခံစားခွင့်များ မည်သို့ ကွဲပြားမှုရှိသည်၊ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ မည်သို့ သက်ရောက်မှုများရှိသည် စသည်တို့ကိုပါ ဆန်းစစ်မိစေမည်။ ထိုကဲ့သို့ လုပ်ငန်းခွင်ဆိုင်ရာ အခြေအနေများသာမက ပြင်ပအလုပ်တာဝန်များကိုပါ နှိုင်းယှဉ်သိရှိနိုင်စေရန် ထည့်သွင်းဖော်ပြပေးထားပြီး အလုပ်တာဝန် ခွဲဝေရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့ကြား မည်သို့သော ခြားနားချက်များရှိသည်၊ အလုပ်တစ်ဖက် မိသားစုတစ်ဖက်ဖြင့် မည်သို့ လှုပ်ရှားရုန်းကန်ရသည် အစရှိသည်တို့ကိုပါ ထည့်သွင်းဖော်ပြပေးထားသည်။ ထို့မျှသာမက မိသားစုဆိုင်ရာ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ အလုပ်တာဝန်များကိုပါ လေ့လာသိရှိနိုင်စေရန် ဖော်ပြပါရှိပြီး ထိုတာဝန်များကို မည်သူတို့က ဖော်ဆောင်ကြရသည်၊ ထိုအလုပ်တို့အတွက် ခံစားခွင့်များ ပေးအပ်သင့်၊ မသင့် အစရှိသည်တို့ကို ဆန်းစစ်စေမည်ဖြစ်ပြီး 'လုပ်ငန်းခွင် ပါဝင်ဆောင်ရွက်မှု စစ်တမ်း' များကိုပါ လေ့လာရမည် ဖြစ်သည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။

- အမျိုးသားနှင့် အမျိုးသမီးတို့ကြား လုပ်ငန်းခွင်အခြေအနေ ကွဲပြားမှုများ။
- လစာခံစားခွင့်ရှိသည့် အလုပ်အကိုင်များနှင့် ထိုက်တန်သော ခံစားခွင့် မရရှိသည့် အလုပ်တာဝန်များ။
- အိမ်ထောင်မှုတာဝန် ခွဲဝေပုံများ။
- အလုပ်အကိုင်နေရာနှင့် လစာဝင်ငွေ မတူမျှမှုများ။
- ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ 'လုပ်ငန်းခွင်ပါဝင်ဆောင်ရွက်မှု' စစ်တမ်းများ။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည် ဖြစ်သည်။

- အမျိုးသား၊ အမျိုးသမီးတို့ လုပ်ကိုင်ဆောင်ရွက်တတ်သည့် လုပ်ငန်းခွင်များကို သတိပြု သိရှိလာခြင်း။
- လုပ်ငန်းအသီးသီးရှိ သက်ဆိုင်ရာအလုပ်အကိုင် တာဝန်များကို ပိုင်းခြားသိမြင်လာခြင်း။
- လစာခံစားခွင့်ရှိသည့် အလုပ်အကိုင်များနှင့် ခံစားခွင့် မရကြသည့် အလုပ်တာဝန်များအကြား ကွဲပြားမှုကို သိမြင်သဘောပေါက်လာခြင်း။
- ထိုသို့ အလုပ်တာဝန်များ ကွဲပြားရသည့် အကြောင်းရင်းကိုပါ ဆန်းစစ်ဝေဖန်လာနိုင်ခြင်း။
- အမျိုးသားနှင့် အမျိုးသမီးတို့၏ လုပ်ခလစာ မတူညီမှုများ၊ လုပ်ငန်းခွင် အခြေအနေ ကွဲပြားမှုများကို သဘောပေါက်လာခြင်း။
- ကမ္ဘာ့ဒေသအသီးသီးရှိ 'လုပ်ငန်းခွင် ပါဝင်ဆောင်ရွက်မှု' စံသတ်မှတ်ချက်များကို မိမိတို့၏ အသိုင်းအဝိုင်းတွင် ပြန်လည်ထင်ဟပ်စေနိုင်ခြင်း။
- မိမိတို့၏ လူမှုအသိုင်းအဝိုင်းအတွင်းရှိ 'လုပ်ငန်းခွင် ပါဝင်ဆောင်ရွက်မှု' အခြေအနေကို စစ်တမ်းကောက် လေ့လာနိုင်လာခြင်း။

# အခန်း (၃) လုပ်ငန်းခွင် အခြေအနေ



## ၃.၁ လုပ်ငန်းခွင် ကွဲပြားမှုများ




**အမျိုးသမီးတွေက ကျုပ်တို့ အမျိုးသားတွေလို လစာကောင်းတဲ့ အလုပ်တွေလုပ်ဖို့ ဘယ်လိုလုပ်ပြီး သင်တန်းပေးခံကြရမှာလဲ။ သူတို့တွေမှာ 'အား' မှ မရှိတာဘဲ။**

**က။** ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှုပြီး အမျိုးသား၊ အမျိုးသမီးတို့၏ လုပ်ငန်းခွင်အတွင်း လုပ်နိုင်စွမ်းအပေါ် မည်သို့ ရှုမြင်သည်ကို သုံးသပ်ပေးပါ။

**ခ။** အောက်ဖော်ပြပါ အလုပ်အကိုင်တို့ကို ကြည့်ပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

| | | | | | | |
|---|---|---|---|---|---|---|
| အတွင်းရေးမှူး | စာပို့လုလင် | ဂီတပညာရှင် | ရဲဝန်ထမ်း | စစ်သား | ကျောင်းဆရာ | စားပွဲထိုး |
| အနုပညာရှင် | ဆံပင်ညှပ်ဆရာ | သန့်ရှင်းရေးဝန်ထမ်း | စက်ပြင်ဆရာ | လယ်သမား | သူနာပြု | |
| စတိုးဆိုင်ပိုင်ရှင် | အပ်ချုပ်သမား | ပါမောက္ခ | မိုင်းလုပ်သား | ကားဆရာ | ဆရာဝန် | |
| လျှပ်စစ်ပညာရှင် | နိုင်ငံရေးသမား | ဆောက်လုပ်ရေးလုပ်သား | ထမင်းချက် | မော်ဒယ် | | |

၁။ ဖော်ပြပါ အလုပ်အကိုင်တို့တွင် မည်သည်တို့ကို အမျိုးသားများ လုပ်ဆောင်သနည်း။

၂။ ဖော်ပြပါ အလုပ်အကိုင်တို့တွင် မည်သည်တို့ကို အမျိုးသမီးများ လုပ်ဆောင်သနည်း။

၃။ ဖော်ပြပါ အလုပ်အကိုင်တို့တွင် မည်သည်တို့ကို အမျိုးသားရော၊ အမျိုးသမီးပါ လုပ်ဆောင်သနည်း။

၄။ အခြားသော အလုပ်အကိုင်များကိုပါ စဉ်းစားဖော်ထုတ်ပေးပါ။

၅။ မည်သည့် အလုပ်အကိုင်များက လစာဝင်ငွေ ကောင်းမွန်သနည်း။ မည်သည်တို့က လစာနည်းပါးသနည်း။

၆။ ထိုကဲ့သို့ လုပ်ခလစာ ကွဲပြားကြရခြင်း၏ အကြောင်းရင်းကို ဆွေးနွေး ဖော်ပြပေးပါ။

၇။ အမျိုးသားများအတွက်သာ သတ်မှတ်ထားသည့် အလုပ်အကိုင်များကို အမျိုးသမီးတို့ လုပ်ဆောင်ရန် ဆန္ဒရှိသည်ဟု ထင်ပါသလား။

၈။ အမျိုးသမီးများအတွက်သာ သတ်မှတ်ထားသည့် အလုပ်အကိုင်များကို အမျိုးသားတို့ လုပ်ဆောင်ရန် ဆန္ဒရှိသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၉။ အမျိုးသမီး တက္ကစီယာဉ်မောင်းများနှင့် အမျိုးသား သူနာပြုများကို စာဖတ်သူ၏ ပတ်ဝန်းကျင်တွင် အတွေ့ရများပါသလား။ ထိုသို့ အတွေ့ရများရခြင်း၊ နည်းရခြင်း၏ အကြောင်းရင်းကိုပါ ဖော်ပြပေးပါ။






## ၃.၂ 'အလုပ်တာဝန်' အား အဓိပ္ပာယ် သတ်မှတ်ခြင်း

**က။** တစ်တန်းလုံးအနေဖြင့် 'အလုပ်တာဝန်' ဟူသော ဝေါဟာရကို အဓိပ္ပာယ် ဖွင့်ဆိုပေးပါ။

**ခ။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး ရှေ့တွင် သတ်မှတ်ခဲ့သည့် ဖွင့်ဆိုချက်ကို ပြန်လည်သုံးသပ်ပေးပါ။

"ကျွန်မတို့ဆီမှာ မိန်းမသားတွေကပဲ အလုပ်ကို အဓိက ရုန်းကန်ကြရတယ်။ ကျွန်မဆို နေ့တိုင်း ၃ နာရီလောက် အိပ်ရာထ၊ နို့တာနဲ့ ရေသွားခပ်ရတယ်။ တစ်ခါတလေ ရေပြတ်လို့ရှိရင် တောင်အောက်ဆင်းပြီးတော့ကို သွားခပ်ရတာ ရှိတယ်။ ပြီးတာနဲ့ အိမ်သားတွေအတွက် ပြင်ဆင် ချက်ပြုတ်ရပြန်တယ်။ အဲဒီအချိန်လောက်မှ ကျွန်မယောကျ်ားက အိပ်ရာထတယ်။ သူနိုးပြီး မနက်စာစားနေတဲ့ အချိန်မှာ ကျွန်မက လျှော်စရာ၊ ဖွတ်စရာတွေ လျှော်ဖွတ်ရသေးတယ်၊ ပြီးတော့မှ ထမင်းကြမ်းအကျန်လေးနဲ့ ဗိုက်ဖြည့်ရတယ်။ နောက် လယ်ကွက်ထဲကို အတူတူ သွားကြတယ်။ သယ်စရာပစ္စည်းတွေ၊ ကလေးထိန်းတာတွေ ဘာတွေလည်း ကျွန်မတို့ မိန်းမတွေကပဲ တာဝန်ယူကြရတယ်။ အလုပ်ကပြန်ပြီဆိုလို့ရှိရင်လည်း ပစ္စည်းပစ္စယတွေ ကျွန်မတို့ကပဲ သိမ်းဆည်း၊ ယောကျ်ားတွေကတော့ သူတို့ရဲ့ အမဲပစ်ရိုင်ဖယ်လေးလောက်ပဲသယ်ပြီး ပြန်ကြတယ်။ အိမ်ပြန်ရောက်လို့ရှိရင်လည်း အိမ်အလုပ်တွေကို ကျွန်မတို့က လုပ်ကြရတယ်။ သူတို့ကတော့ အိပ်ရင်အိပ်၊ မအိပ်ရင်လည်း အိမ်ကထွက်ပြီး လျှောက်လည်နေကြရော။

ယောကျ်ားတွေ အိမ်မှုကိစ္စ တာဝန်ယူတယ်ဆိုတာ တစ်ရာမှာ တစ်ယောက်တောင် မရှိဘူး။ ထမင်းချက်ဖို့၊ အဝတ်လျှော်ဖို့ဆို ဝေလာဝေးပဲ။ သူတို့တာဝန်က အိမ်ဦးခန်းမှာ မိန့်မိန့်ကြီး ထိုင်နေဖို့ပဲ။

*Source: Gathering Strength: Women from Burma on their Rights, Chiang Mai, Thailand, Images Asia; 2002*

**ဂ။** အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့က စာဖတ်သူတို့ ရှေ့တွင် ဖွင့်ဆိုခဲ့သော 'အလုပ်တာဝန်' နှင့် ကိုက်ညီမှု ရှိပါသလား။

၂။ စာပိုဒ်ပါ အမျိုးသမီးကဲ့သို့ ဘဝကို ဖြတ်သန်းနေရသူ တစ်ဦးဦးကို မြင်ကြားသိရှိဖူးပါသလား။

၃။ ထိုကဲ့သို့သော အခြေအနေမျိုးနှင့် အလားသဏ္ဍာန်တူသည့် မိသားစုတို့ကို စာဖတ်သူ၏ ပတ်ဝန်းကျင်တွင် တွေ့မြင်ဖူးပါသလား။

၄။ အိမ်မှုတာဝန်များကို ခွဲဝေရာတွင် မျှတမှု ရှိသင့်သည်ဟု ထင်ပါသလား။ မည်ကဲ့သို့ ဆောင်ရွက်နိုင်မည်နည်း။

ဃ။ အောက်ဖော်ပြပါ ရုပ်ပုံတို့ကို ကြည့်ရှုသုံးသပ်ပြီး မည်သည့် အလုပ်တို့က လုပ်ခလစာ ရနိုင်သည်၊ လုပ်ခလစာ ရသင့်သည်ကို ဆွေးနွေးပေးပါ။



## ၃.၃ အလုပ်တာဝန် မျှတမှုရှိရေး

င။ မည်သို့သော အလုပ်တာဝန်မျိုးကို အမျိုးသမီးအများစု ဆောင်ရွက်ကြပြီး မည်သည်တို့ကို အမျိုးသားတို့ လုပ်ဆောင်သည်ကို ဖော်ပြပေးပါ။ ပြီးနောက် အောက်ပါ စာပိုဒ်ကို ဖတ်၍ တိုက်ဆိုင်စစ်ဆေးပေးပါ။

ရှေးယခင်က အမျိုးသားများသာ ဦးစီးတာဝန်ယူခဲ့ကြသော လုပ်ငန်းများတွင် ယခုခေတ်အခါ၌ အမျိုးသမီးများပါ တန်းတူပူးတွဲ လုပ်ဆောင်လာကြသည်ကို တွေ့မြင်ရသည်။ သို့သော်လည်း ထိုသို့ ထမ်းဆောင်ကြရာတွင် အမျိုးသားများနှင့် ပုခုံးချင်း ယှဉ်နိုင်လောက်သည့် လုပ်ပိုင်ခွင့်အာဏာ၊ ရာထူးအခွင့်အရေးများ ပိုင်ဆိုင်ထားကြသည့် အမျိုးသမီးများမှာ လက်ချိုးရေနိုင် လောက်သည့် ပမာဏသာ ရှိသေးသည်။ အစိုးရရုံးများ၊ ကုမ္ပဏီကြီးများ၊ စက်ရုံကြီးများ၏ ထိပ်တန်းရာထူးများကို အမျိုးသားများကသာ ချုပ်ကိုင်ထားကြဆဲ ဖြစ်သည်။ အမျိုးသမီးတို့ အများဆုံးတာဝန်ယူကြသည့် လုပ်ငန်းတာဝန်များမှာ စာရင်းကိုင်၊ ကျွမ်းကျင်ပညာရှင်၊ မန်နေဂျာ၊ အရောင်းဝန်ထမ်း အစရှိသည့် အောက်ခြေနှင့် အလယ်အလတ် ရာထူးများတွင် တာဝန်ယူကြရသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့သော အမျိုးသားများနှင့် အမျိုးသမီးများကြား လုပ်ငန်းတာဝန်ကွဲပြားရသည့် ကိစ္စရပ်များ၊ လုပ်ခလစာ မတူညီမှုများကို နေရာတိုင်းလိုလိုတွင် တွေ့မြင်နေရသည်။ နိုင်ငံတိုင်းတွင်လည်း တွေ့မြင်နေရသည်။ အချို့သော ဖွံ့ဖြိုးပြီး နိုင်ငံအချို့တွင်သာ ထိုကဲ့သို့သော အလုပ်ခွင် မမျှတမှုများအား လျော့လာသည်ကို တွေ့မြင်ကြားသိရသည်။

ယခုခေတ်အခါတွင် အမျိုးသမီးများအနေဖြင့် အလုပ်ခွင်အပြင် အိမ်မှုတာဝန်များကိုပါ ဆက်လက် တာဝန်ယူနေရဆဲ ဖြစ်သည်။ ကလေးထိန်းရခြင်း၊ အိမ်သားတို့အတွက် ချက်ပြုတ် ပြင်ဆင်ပေးရခြင်း၊ ဝေယျာဝစ္စများ ဆောင်ရွက်ရခြင်း အစရှိသည်တို့မှာ အမျိုးသမီးတို့၏ တာဝန်သာ ဖြစ်သည်။ နိုင်ငံတိုင်းလိုလိုတွင်ပင် အမျိုးသမီးများအနေဖြင့် အိမ်ထောင်မှုတာဝန်ဟူသော အချုပ်အနှောင်မှ မရုန်းထွက်နိုင်ဘဲ ရှိနေရသည်။ အလုပ်ခွင်အတွက် ပေးရသည့်အချိန်၊ အိမ်မှုကိစ္စဆောင်ရွက်သည့်အချိန် စသည်တို့ကို တွက်ထုတ်လိုက်ပါက အမျိုးသမီးများအနေဖြင့် အချိန်ပြည့်နီးပါး လုပ်ဆောင်နေကြရပြီး ပေးဆပ်ရသည့် အချိန်နှင့် ထိုက်တန်သည့် လစာ၊ ခံစားခွင့်တို့ကိုလည်း အမျိုးသားများလောက် မခံစားကြရကြောင်း တွေ့ရပေသည်။

အိမ်ထောင်စုတစ်စုအတွင်း မိန်းကလေးငယ်လေးများနှင့် ယောကျ်ားလေးတို့၏ အိမ်မှုကိစ္စများတွင် အချိန်ပေး ကူညီမှုကို နှိုင်းယှဉ်ရာတွင်လည်း မိန်ကလေးများ၏ ပါဝင်မှုက သိသိသာသာ များနေကြောင်း တွေ့ရပေသည်။ အိမ်မှုကိစ္စဆောင်ရွက်ခြင်း၊ ကလေးထိန်းခြင်း၊ မီးဖိုချောင်တွင် ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း အစရှိသည်တို့သည် မိန်းကလေးတို့၏ တာဝန်သာ ဖြစ်ကြောင်း လူ့အဖွဲ့အစည်းတော်တော်များများက လက်ခံကျင့်ထားကြဆဲ ဖြစ်ပေသည်။ အချို့သော မိသားစုတို့တွင် ယောကျ်ားလေးများအနေဖြင့် အိမ်မှုကိစ္စများကို တာဝန်ယူဆောင်ရွက်တတ်ကြသော်လည်း ထိုသို့ ဆောင်ရွက်သူမှာ အနည်းစုသာ ဖြစ်ပေသည်။ ထိုကဲ့သို့သော မိန်းကလေးငယ်များအနေဖြင့် အိမ်မှုကိစ္စများတွင် အချိန်ပေးဆောင်ရွက်ကြရခြင်းက သူတို့၏ ပညာရယူရေးတွင် အဟန့်အတား ဖြစ်စေနိုင်သည်ကိုလည်း လေ့လာတွေ့ရှိရသည်။ သုတေသီတို့၏ အဆိုအရ အိမ်တွင်းအလုပ်ချိန်များပြားခြင်းသည် ကျောင်းတက်နှုန်း လျော့ကျခြင်းနှင့် တိုက်ရိုက် အချိုးကျနေပြီး အထူးသဖြင့် ကျောင်းသားများထက် ကျောင်းသူတို့တွင် ပိုမို အတွေ့ရများကြောင်း ဆိုထားသည်။

*Source: The World's Women 2010( United Nations, New York)*

**ခ။** အမျိုးသားများနှင့် အမျိုးသမီးတို့ကြား လုပ်ခလစာကွဲပြားရသည့် အဓိကအကြောင်းရင်းများကို ဆွေးနွေး အဖြေရှာပေးပါ။

**ဂ။** အောက်ဖော်ပြပါ အခြေအနေမျိုး မိမိတို့၏ လူ့အဖွဲ့အစည်းတွင် ကြုံတွေ့ရမှုရှိ၊ မရှိကို ဆန်းစစ်ပေးပါ။

၁။ အမျိုးသားများနှင့် အမျိုးသမီးများကြား လုပ်ခလစာ ကွဲပြားမှု။

၂။ အမျိုးသားများထက် အမျိုးသမီးများက ဝင်ငွေလစာရသော အလုပ်တစ်ဖက် ဝင်ငွေလစာမရသည့် အိမ်မှုကိစ္စတစ်ဖက် တာဝန်ယူရခြင်း။

၃။ အိမ်မှုကိစ္စများ ဆောင်ရွက်ရာတွင် မိန်းကလေးငယ်များက ယောကျ်ားလေးများထက် ပိုမို ဆောင်ရွက်ရမှု။

**ဃ။** ဖော်ပြပါ ကာတွန်းကို ကြည့်ရှုပြီး ဆိုလိုရင်းကို သုံးသပ်ပေးပါ။

အရှင်တွင်းစောင့် နတ်မင်းကြီး ...




အိမ်မှုကိစ္စ၊ ချက်ရ ပြုတ်ရ၊ သန့်ရှင်းရေး အလုပ်များ လုပ်ရသော ဘဝမှ ကင်းဝေးရပါလို၏။

ဖြစ်စေ




င။ ဖော်ပြပါ စာပိုဒ်ကို ကြည့်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

> အမျိုးသားတစ်ဦးအနေဖြင့် သူ၏ ရင်သွေးကလေးနှင့် လည်ပတ်ပျော်ပါးနေသည့် မြင်ကွင်းမျိုးကို ကျွန်တော်တို့ မကြာမကြာ တွေ့ရတတ်သည်။ ဖခင်တစ်ယောက်အနေဖြင့် မိမိတို့ အချိန်အားလပ်သည့်အခါမျိုးတွင် သားငယ်သမီးငယ်တို့အတွက် အချိန်ပေးတတ်ကြသည်။ သို့ရာတွင် ထိုကလေးငယ်လေးများကို စောင့်ရှောက်ထိန်းသိမ်းရသည့် တာဝန်အများစုမှာမူ မိခင်တို့ကသာ လုပ်ဆောင်ကြရသည်။ မိခင်တို့အနေဖြင့် တစ်ဖက်ကလည်း အိမ်အလုပ်တာဝန်များကို ဆောင်ရွက်ရပြန်သည်။ အိမ်တစ်အိမ်၏ မီးဖိုချောင်တွင်လည်းကောင်း၊ ဈေးတွင်လည်းကောင်း အတွေ့ရများသည်မှာ အမျိုးသမီးများသာ ဖြစ်သည်။ အဝတ်လျှော်ခြင်းသည်လည်း အမျိုးသမီးတို့၏ တာဝန်သာ ဖြစ်သည်။ အနည်းစုသော လင်ယောကျာ်းအမျိုးသားတို့သာလျှင် ကိုယ့်အဝတ်ကိုယ် လျှော်ဝတ်တတ်ကြသည်ကို တွေ့ရပေသည်။
>
> *Source: Women's voices,1999.*


၁။ ရှေ့တွင် ဖော်ပြပါရှိသည့် ကာတွန်းပုံနှင့် စာပိုဒ်ပါ အယူအဆတို့ကို လက်ခံယုံကြည်ပါသလား။

၂။ ထိုအယူအဆနှင့် ကိုက်ညီမည့် (သို့) ကွဲလွဲမည့် ဥပမာမျိုးကို ဆွေးနွေး ဖော်ထုတ်ပေးပါ။

စ။ တစ်ဖက်ပါ ဇယားကို ကြည့်ရှုသုံးသပ်ပေးပါ။ မည်သည့် အချက်အလက်များကို ဖော်ပြပေးထားသနည်း။

ဆ။ မိသားစုတစ်စုအတွင်း လုပ်ဆောင်ရသည့် အိမ်မှုတာဝန်များကို စာရင်းပြုစုပေးပါ။ ထိုတာဝန်တစ်ခုချင်းစီအတွက် အမျိုးသားတို့က မည်မျှအချိန်ပေး ဆောင်ရွက်သည်၊ အမျိုးသမီးတို့က မည်မျှကြာအောင် လုပ်ဆောင်သည်တို့ကို ဖော်ပြပေးပါ။

Time spent on domestic work by region and sex, 1999-2008



ဈ။ အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ စာဖတ်သူ၏ မိသားစုတွင်း အခြေအနေတို့ကို အခြားသော အာရှနိုင်ငံများရှိ မိသားစုတို့နှင့် နှိုင်းယှဉ်ကြည့်ပါ။ တူညီမှုများ၊ ကွဲပြားချက်များကို ဖော်ထုတ်ပေးပါ။

၂။ မည်သို့သော အိမ်မှုကိစ္စများကို မိမိတို့ တာဝန်ယူဆောင်ရွက်သည်၊ မည်သည်တို့ကို မလုပ်ဆောင်သည်ကို ဖော်ပြပေးပါ။


၃။ မည်သို့သော အိမ်မှုကိစ္စများသည် အမျိုးသားများ လုပ်သင့်သည်၊ မည်သည်တို့သည် အမျိုးသမီးများ လုပ်သင့်သည်ဟု ထင်မြင်သနည်း။

၄။ စာဖတ်သူအနေဖြင့် လုပ်ကိုင်ချင်စိတ်ရှိသော်လည်း ဆောင်ရွက်ခွင့်မရကြသည့် အိမ်မှုတာဝန်များ ရှိပါသလား။ ၎င်းတို့ကို ဖော်ပြပါ။

၅။ 'အလုပ်တာဝန် ခွဲဝေမှု' နှင့် ပတ်သက်၍ စာဖတ်သူ၏ အမြင်များကို ဆွေးနွေး ဖော်ပြပေးပါ။

ည။ အောက်ပါ ပုံတို့ကို ကြည့်ရှုသုံးသပ်ပြီး အိမ်မှုတာဝန်များ ဆောင်ရွက်ပုံနှင့် ပတ်သက်၍ မည်သို့ ဖော်ညွှန်းနေသည်ကို ဖော်ပြပေးပါ။







## ၃.၄ အမျိုးသားနှင့် အမျိုးသမီးတို့အကြား လုပ်ငန်းခွင် အခြေအနေ ခြားနားချက်

က။ အောက်ပါ စာပိုဒ်နှင့် ဇယားတို့ကို ဖတ်ရှု သုံးသပ်ပြီး ဆွေးနွေးပေးပါ။

အမျိုးသမီးနှင့် အမျိုးသားတို့အကြား လစာဝင်ငွေ ခြားနားချက်သည် လက်တင်အမေရိကနှင့် ဖွံ့ဖြိုးပြီးနိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက အာရှနိုင်ငံတို့တွင် သိသိသာသာ ကွာဟမှုရှိကြောင်း တွေ့ရပေသည်။ အာရှ – ပစိဖိတ်နိုင်ငံ (၄) နိုင်ငံတို့တွင် စစ်တမ်းကောက် လေ့လာမှုများအရ စက်ရုံလုပ်ငန်းများတွင် လုပ်ကိုင်သည့် အမျိုးသမီးတို့၏ ဝင်ငွေသည် အမျိုးသားတို့ထက် ၃၀ ရာခိုင်နှုန်းခန့် လျော့နည်းနေကြောင်း တွေ့ရသည်။ အထူးသဖြင့် တောင်ကိုရီးယားနိုင်ငံတွင် အထက်ပါ လုပ်ငန်းများအတွက် ဝင်ငွေကွာဟမှုမှာ ၄၀ ရာခိုင်နှုန်းအထိ ရှိသည်ကို တွေ့ရှိရပေသည်။

*Adapted form: The World's Women 2010*

## More women than men work in low-status jobs




Share of women in total employment by job status, 1990-2002 (Percentage)

**(အမျိုးသမီးတို့သည် အမျိုးသားများထက် လစာ အခွင့်အလမ်းနည်းပါးသည့် လုပ်ငန်းခွင်တို့တွင် လုပ်ကိုင်ကြရသည်။)**

အမျိုးသားနှင့် အမျိုးသမီးတို့ကြား လုပ်ခလစာ ခြားနားချက်က အမျိုးသမီးတို့ ခံစားနေကြရသည့် မမျှတမှုများကို ထင်ဟပ်နေသကဲ့သို့ ဖြစ်သည်။ ထိုကဲ့သို့ ခြားနားချက်မျိုးကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် တွေ့ရှိနိုင်သော်လည်း နိုင်ငံတစ်ခုနှင့် တစ်ခုကြား ခြားနားချက်ပုံစံများ ကွဲပြားနိုင်ပေသည်။ ထို့အတူ လုပ်ဆောင်သည့် အလုပ်အကိုင်အပေါ် မူတည်၍လည်း လစာအခြေအနေ ခြားနားနိုင်ပေသည်။

ထိုကဲ့သို့ ဖြစ်ပေါ်ကြရသည့် အကြောင်းရင်းမှာ –

၁။ အလုပ်အကိုင် ဈေးကွက်အတွင်း လူမျိုး၊ ဘာသာ၊ လိင်၊ ခွဲခြားဆက်ဆံမှုများ ရှိနေခြင်း။

၂။ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုတို့၏ လူ့အဖွဲ့အစည်းအတွင်း ပညာရေး၊ အသက်မွေးမှုနှင့် အလုပ်အကိုင် ရှာဖွေမှုတို့အပေါ် လွှမ်းမိုးမှုများ။

၃။ အလုပ်နှင့် ကိုယ်ရေးကိုယ်တာ ခွဲခြားရာတွင် ကြုံတွေ့ကြရသည့် အခက်အခဲများ။

*Source: European Commission 2007*

ခ။ အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ အမျိုးသမီးတို့လစာဝင်ငွေနည်းရသည့် အကြောင်းရင်းများကို ဖော်ပြပါ။


၂။ ဖော်ပြပါ အခြေအနေမျိုးကို စာဖတ်သူ၏ လူမှုအသိုင်းအဝိုင်းအတွင်း ကြုံတွေ့ဖူးပါသလား။

၃။ အမျိုးသမီးတို့ အိမ်မှုကိစ္စများကို တာဝန်ယူ အချိန်ပေးရခြင်း၏ အကျိုးဆက်အနေဖြင့် သူတို့၏ လုပ်ငန်းခွင်တွင် မည်သို့ သက်ရောက်မှု ရှိနိုင်သည်ကို ဖော်ပြပေးပါ။

၄။ အလုပ်ခွင် ဈေးကွက်အတွင်း မျှတမှုများ ဆောင်ကြဉ်းပေးသင့်သည်ဟု ထင်ပါသလား။

ဂ။ အောက်ပါ ဇယားကို လေ့လာသုံးသပ်ပေးပါ။ မည်သည့် အချက်အလက်များကို ဖော်ပြပေးထားသနည်း။

Labour force participation survey




Source: The World's Women 2010



ဃ။ စာဖတ်သူ၏ လူမှုအသိုင်းအဝိုင်းကိုယ်စားပြု 'လုပ်ငန်းခွင် ပါဝင်ဆောင်ရွက်မှုစစ်တမ်း' ဇယားတစ်ရပ် ရေးဆွဲပေးပါ။

- စာဖတ်သူ၏ အသိုင်းအဝိုင်းအတွင်းမှ လက်လှမ်းမီသမျှ လူတိုင်းကို တွေ့ဆုံပြီး 'အသက်အရွယ်၊ ကျား၊ မ အလုပ်အကိုင်' စသည်တို့ကို မေးမြန်းပေးပါ။
- လေ့လာတွေ့ရှိချက်တို့ကို အတန်းဖော်များနှင့် မျှဝေပြီး တစ်တန်းလုံး၏ အချက်အလက်များအပေါ် အခြေခံလျက် ဇယားတစ်ရပ် ရေးဆွဲဖန်တီးပေးပါ။

င။ အထက်ဖော်ပြပါ ဂျပန်နိုင်ငံ၏ လုပ်ငန်းခွင် ပါဝင်ဆောင်ရွက်မှုစစ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး တူညီချက်များ၊ ကွဲလွဲချက်များကို ဖော်ထုတ်ပေးပါ။ ထိုကဲ့သို့ တူညီမှု၊ ကွဲပြားမှုတို့၏ အကြောင်းရင်းကိုပါ ဆွေးနွေး အဖြေရှာပေးပါ။

# အခန်း (၃) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ အမျိုးသားများ မဆောင်ရွက်သင့်ဟု သတ်မှတ်ထားသည့် အလုပ်အကိုင်များ ရှိပါသလား။ အဘယ်ကြောင့်နည်း။

၂။ အမျိုးသမီးများ မဆောင်ရွက်သင့်ဟု သတ်မှတ်ထားသည့် အလုပ်အကိုင်များ ရှိပါသလား။ အဘယ်ကြောင့်နည်း။

၃။ လုပ်ဖော်ကိုင်ဖက် အမျိုးသား (သို့) အမျိုးသမီးတစ်ဦးအနေဖြင့် မိမိနှင့် လုပ်ခလစာ ရရှိမှု မတူညီသင့်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက်ဖွင့်ဆိုပေးပါ။**

၁။ အိမ်မှုတာဝန်။

၂။ အလုပ်ခွင် အခြေအနေ။

၃။ အမျိုးသားနှင့် အမျိုးသမီးများကြား လုပ်ခလစာဝင်ငွေ ခြားနားချက်။

**ဂ။ အောက်ပါ မေးခွန်းတို့ကို စာပိုဒ်တစ်ပိုဒ်စီဖြင့် ဖြေဆိုပေးပါ။**

၁။ မိမိတို့ လူမှုအသိုင်းအဝိုင်းအတွင်း မည်သို့သော လခစား လုပ်ငန်းများကို အမျိုးသားများ ဆောင်ရွက်သည်၊ မည်သည်တို့ကို အမျိုးသမီးတို့ လုပ်ကိုင်သည်ကို ဖော်ပြပါ။ အဘယ်ကြောင့် ထိုသို့ ကွဲပြားရသည်ကိုပါ ထည့်သွင်း ဖော်ပြပေးပါ။

၂။ မိမိတို့ ပတ်ဝန်းကျင်အတွင်း မည်သို့သော ဝင်ငွေမရရှိသည့် အလုပ်တာဝန်များကို အမျိုးသမီး၊ အမျိုးသားတို့ ဆောင်ရွက်ကြရသည်ကို ဖော်ပြပြီး အဘယ်ကြောင့် ထိုသို့ လုပ်ဆောင်ကြရသည်ကိုပါ အဖြေရှာပေးပါ။

၃။ လုပ်ငန်းခွင်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများ ရရှိပိုင်ဆိုင်သည်ဟု ထင်ပါသလား။ မည်ကဲ့သို့သော ပြဿနာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကို ဖော်ပြပေးပါ။

# အခန်း (၄) ပညာရေး

**အခန်း (၄) အနှစ်ချုပ် သိမှတ်ဖွယ် - ပညာရေး**

ဤအခန်းတွင် အမျိုးသားများနှင့် အမျိုးသမီးတို့အကြား ပညာသင်ကြားမှု အခြေအနေ ကွဲပြားမှုများ ဖော်ပြပေါ်ရှိပြီး စာတတ်မြောက်မှုနှုန်းများနှင့် ၎င်း၏ လူ့အဖွဲ့အစည်းအပေါ် လူမှုရေးဆိုင်ရာ သက်ရောက်မှု၊ နိုင်ငံဖွံ့ဖြိုးမှုနှင့် ပညာတတ်မြောက်မှုတို့အကြား ဆက်နွှယ်ပုံ အစရှိသည်တို့ကို ထည့်သွင်း တင်ပြပေးထားသည်။ ထို့အပြင် အခြေခံ၊ အလယ်တန်း၊ အထက်တန်းပညာရေးတို့၏ အခြေအနေအကြောင်းရပ်တို့နှင့် ထိုပညာရေးအသီးသီးတွင် ကျောင်းသား၊ ကျောင်းသူတို့ တက်ရောက်သင်ကြားနိုင်မှု အနေအထားတို့ပါ ပါဝင်ပေသည်။ ကလေးငယ်တစ်ဦး အခြေခံပညာရယူရေးတွင် ကြုံတွေ့ခံစားနေကြရသည့် အခက်အခဲများ၊ လူငယ်အမျိုးသား အမျိုးသမီးများအနေဖြင့် တက္ကသိုလ်ပညာရယူရာတွင် ဖြတ်သန်းရသော အတားအဆီးများ၊ ကျောင်းအသီးသီးတွင် ကျောင်းသားကျောင်းသူတို့အပေါ် ကွဲပြားစွာ ဆက်ဆံခံရမှုများနှင့် ၎င်းတို့၏ လူ့အဖွဲ့အစည်းအပေါ် ရေတို ရေရှည် အကျိုးသက်ရောက်နိုင်ပုံများကို လေ့လာဆန်းစစ်စေမည် ဖြစ်သည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။

- အခြေခံပညာရေးနှင့် အထက်တန်းပညာရေးတို့တွင် ကျောင်းသား၊ ကျောင်းသူတို့အနေဖြင့် တက်ရောက်သင်ကြားနိုင်မှု မတူညီသည့် အနေအထားများ။
- စာတတ်မြောက်မှုနှုန်းနှင့် ၎င်းအပေါ် သက်ရောက်လွှမ်းမိုးနေသည့် အကြောင်းတရားများ။
- ဆရာ၊ ဆရာမတို့၏ ကျောင်းသူ၊ ကျောင်းသားများအပေါ် ကိုင်တွယ်ဆက်ဆံပုံများ။
- ပညာဆက်လက် မသင်ကြားနိုင်ရခြင်းနှင့် ထိုကျောင်းသူနှင့် ကျောင်းသားတို့ ရင်ဆိုင်ကြုံတွေ့နေရသော လူမှုရေး ပြဿနာရပ်များ။
- တက္ကသိုလ်ပညာရေးနှင့် ကျောင်းသား၊ ကျောင်းသူတို့အကြား ဘာသာရပ် ရွေးချယ်မှု ကွဲပြားပုံများ။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည် ဖြစ်သည်။

- လူငယ်လူရွယ်တိုင်း ပညာသင်ကြားနိုင်ရေးသည် လူ့အဖွဲ့အစည်း၏ အရေးပါသော တာဝန်တစ်ရပ် ဖြစ်သည်ကို သိမြင်လာနိုင်သည်။
- မိမိတို့ ပတ်ဝန်းကျင်နှင့် ကမ္ဘာတစ်ဝှမ်းရှိ စာတတ်မြောက်မှုနှုန်းထားများကို လိင်ပိုင်းဆိုင်ရာ ကွဲပြားမှုများအရ အကဲဖြတ်သုံးသပ်လာနိုင်သည်။
- ပညာမတတ်ခြင်း၏ အကျိုးဆက်များကို လိင်ပိုင်းဆိုင်ရာ ကွဲပြားမှုများအရ သိမြင်သဘောပေါက်လာနိုင်သည်။
- ပညာရေးနှင့် အလုပ်ခွင်တို့အကြား ဆက်သွယ်လျက်ရှိသည်ကို နားလည်သိမြင်လာမည်။
- အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းပညာရေးတို့တွင် ကျောင်းသားနှင့် ကျောင်းသူတို့၏ ပညာသင်ကြားနိုင်မှု အခြေအနေတို့ကို လိင်ပိုင်းဆိုင်ရာ ကွဲပြားမှုများအရ သဘောပေါက်လာနိုင်သည်။
- ကျောင်းများတွင် ကျောင်းသားများကို မည်သို့ ကိုင်တွယ်ဆက်ဆံသည်၊ ကျောင်းသူတို့ကို ဆရာ၊ ဆရာမများက မည်သို့ သဘောထားသည်ကိုပါ သိမြင်လာမည်။
- ပညာဆက်လက် မသင်ကြားနိုင်ရခြင်း၏ အကြောင်းရင်းတို့ကိုပါ လေ့လာသိရှိလာမည်။
- ထိုပြဿနာရပ်များကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုပါ ကြံဆသိမြင်လာနိုင်သည်။
- တက္ကသိုလ်ပညာရေးတွင် ကျောင်းသားနှင့် ကျောင်းသူတို့အကြား ဘာသာရပ် ရွေးချယ်မှု ကွဲပြားရသည့် အကြောင်းရင်းတို့ကို ဆန်းစစ်လာနိုင်မည်။
- တက္ကသိုလ်ပညာရေးတွင် ရွေးချယ်မှုတို့က လူ့အဖွဲ့အစည်းနှင့် လုပ်ငန်းခွင် ဆောင်ရွက်မှုတို့အပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို သိမြင်သဘောပေါက်လာမည် ဖြစ်သည်။

# အခန်း (၄) ပညာရေး



## ၄.၁ ပညာရေးဆိုင်ရာ မညီမျှမှုများ

**က။** အောက်ဖော်ပြပါ အဆိုအမိန့်ကို ကြည့်ရှုသုံးသပ်ပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

> ***"ယောက်ျားလေးတစ်ယောက်ကို ပညာသင်ကြားပေးခြင်းသည် လူတော်လူကောင်းတစ်ယောက်ကို မွေးထုတ်ပေးရာ ရောက်ပေသည်။ မိန်းကလေးငယ်တစ်ဦးကို ပညာသင်ကြားစေခြင်းသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ တိုင်းပြည်တစ်ရပ်လုံးကို လူတော်လူကောင်းများအဖြစ် မွေးထုတ်ပေးရာ ရောက်ပေသည်။"***
>
> ***(ဂါနာစကားပုံ)***

၁။ ထိုစကားပုံ၏ ဆိုလိုရင်းကို ဖော်ပြပါ။

၂။ ထိုအဆိုကို လက်ခံသဘောတူပါသလား။

**ခ။** အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ ကမ္ဘာအရပ်ရပ်တွင် စာမတတ်မြောက်သူ အမျိုးသားများ၊ အမျိုးသမီးများကြား အချိုးအစား မည်မျှ ရှိသည်ကို သုံးသပ်ပေးပါ။

၂။ မိမိတို့၏ လူ့အဖွဲ့အစည်းအတွင်း စာမတတ်မြောက်သူ အမျိုးသားနှင့် အမျိုးသမီး အချိုးအစား မည်မျှ ရှိသည်ကို သုံးသပ်ပေးပါ။

၃။ မြန်မာပြည်အတွင်း မိန်းကလေးငယ်လေးများနှင့် ယောက်ျားလေးတို့၏ အခြေခံပညာရရှိမှု မည်သည်က ပိုမို များပြားသည်ကို ခန့်မှန်းတွက်ထုတ်ပေးပါ။



၈။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

ကမ္ဘာအရပ်ရပ်ရှိ ဒေသအသီးသီးတို့တွင် ပညာသင်ကြားမှု အခွင့်အရေးများ၊ စာတတ်မြောက်မှု နှုန်းထားများသည် ရှေးယခင်ရာစုနှစ်များနှင့် နှိုင်းယှဉ်ပါက သိသိသာသာ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပေသည်။ သို့သော်လည်း စာမတတ်မြောက်သည့် လူပေါင်း ၇၇၄ သန်းတွင် (၃) ပုံ (၂) ပုံခန့်မှာ အမျိုးသမီးများ ဖြစ်နေသည်ကို တွေ့ရပေသည်။ ထိုအချိုးအစားမှာ ကုန်လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ အတွင်း ပြောင်းလဲမှု မရှိသည်ကို တွေ့ရပေသည်။ လိင်သတ်မှတ်ချက်ကြောင့် လူမှုကွဲပြားမှုများအရ အထူးသဖြင့် အရွယ်ရောက်ပြီး အမျိုးသမီးတို့အနေဖြင့် ပညာရေးဆိုင်ရာ အခွင့်အရေးများ လက်လှမ်းမမီနိုင်သေးဘဲ ရှိနေသည်ကို လေ့လာချက်များအရ သိရသည်။ သို့ရာတွင်လည်း အမျိုးသမီးငယ်လေးများ၏ အခြေခံပညာ ရရှိပိုင်ဆိုင်နိုင်မှုမှာ စိတ်ကျေနပ်စရာ အနေအထားတစ်ရပ်တွင်ရှိကြောင်း တွေ့ရပေသည်။ နိုင်ငံများအားလုံးနီးပါးတွင် လူငယ်အရွယ်စာတတ်မြောက်မှုနှုန်းသည် အရွယ်ရောက်ပြီးသူများ၏ စာတတ်မြောက်မှုနှုန်းထက် မြင့်မားနေသည်ကို တွေ့ရှိရသည်။ ထိုကဲ့သို့ အခြေခံပညာရေးကို မြှင့်တင်ပေးခြင်းသည် အနာဂတ်ကမ္ဘာကြီးအတွက် စာတတ်မြောက်မှုနှုန်းကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု လက်ခံယုံကြည်ထားကြသည်။ စစ်တမ်းများအရ ကလေးသူငယ်လေးများ၏ စာတတ်မြောက်မှုနှုန်းမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး ယောကျ်ားကလေးများရော၊ မိန်းကလေးငယ်များပါ အခြေခံပညာရေး ရရှိခံစားနိုင်ခွင့်သည် လိင်သတ်မှတ်ချက်ကြောင့် လူမှုကွဲပြားမှုများအရလည်း ညီမျှမှု ရှိလာကြောင်း တွေ့ရပေသည်။

နိုင်ငံတိုင်းလိုလိုရှိ မူလတန်းကျောင်းများ၏ ကျောင်းအပ်နှံမှုနှုန်းထားများတွင် ကျား/ မ ပမာဏ မျှတမှုရှိနေသည်ကို တွေ့ရပေသည်။ ထိုကဲ့သို့ သိသာသော ပြောင်းလဲတိုးတက်မှုများ ခံစားနေကြရသော်လည်း ကျောင်းမတတ်နိုင်သော ကလေးငယ်ပေါင်း ၇၂ သန်း၏ ၅၄ ရာခိုင်နှုန်းခန့်သည် မိန်းကလေးများ ဖြစ်သည်ကို လေ့လာချက်များအရ သိရှိရသည်။ ထိုဖြစ်ရပ်က အခြေခံပညာရေးဆိုင်ရာ မြှင့်တင်မှုလုပ်ငန်းများ၏ လိုအပ်ချက်အချို့ကို ထင်ဟပ်ပြသလျက် ရှိနေပေသည်။

အထက်တန်းကျောင်းများ၏ ကျောင်းအပ်နှံမှုသည်လည်း ယနေ့ခေတ်အခါတွင် တိုးတက်လာသည်ကို တွေ့ရှိရသည်။ သို့သော်လည်း ထိုတိုးတက်မှုတို့မှာ မူလတန်းပညာရေးနှင့် နှိုင်းယှဉ်ပါက နှေးကွေးလျက် ရှိနေသေးကြောင်း တွေ့မြင်ရသည်။ မူလတန်းပညာရေး၏ ကျောင်းအပ်နှံနှုန်းနှင့် နှိုင်းယှဉ်ပါက အထက်တန်းကျောင်းတို့တွင် အပ်နှံမှုမှာ သိသိသာသာ လျော့နည်းနေသေးပြီး ကျောင်းသား၊ ကျောင်းသူ အချိုးအစားနှင့် တက်ရောက်နိုင်မှု အခွင့်အရေးတို့မှာလည်း စိတ်ကျေနပ်လောက်သည့် အခြေအနေတစ်ရပ်သို့ မရောက်ရှိသေးသည်ကို လေ့လာသိရှိရပေသည်။

*Source: The World's Women 2010 (United Nations)*



၁။ ကမ္ဘာတစ်ဝှမ်းတွင် အမျိုးသားနှင့် အမျိုးသမီးတို့ကြား စာတတ်မြောက်မှုနှုန်း မည်မျှ ကွာခြားသည်ကို သုံးသပ်ပေးပါ။

၂။ လူ့အဖွဲ့အစည်းအတွင်း မည်သည့် အသက်အရွယ်အစုအဖွဲ့က စာတတ်မြောက်မှုနှုန်း အများဆုံးဖြစ်မည်ဟု ထင်သနည်း။

၃။ မူလတန်းပညာရေးတွင် ကျောင်းတက်ရောက်မှုနှုန်းထက်အထက်တန်းပညာရေး၏ ကျောင်းတက်ရောက်မှုနှုန်းက အားနည်းလျော့ကျနေရခြင်း၏ အကြောင်းရင်းကို ဖော်ပြပေးပါ။

၄။ အလယ်တန်းနှင့် အထက်တန်းပညာရေးတွင် ကျောင်းသားနှင့် ကျောင်းသူ အချိုးအစား ကွာခြားမှုနှင့် ၎င်း၏ အကြောင်းရင်းတို့ကို ဖော်ထုတ် ဆွေးနွေးပါ။

**ဃ။** အောက်ပါ ဇယားကို ကြည့်ရှုသုံးသပ်ပြီး မည်သည်တို့ လေ့လာသိရှိရသည်ကို ဖော်ပြပေးပါ။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသား၊ အမျိုးသမီးတို့၏ စာတတ်မြောက်မှု အချိုးအစား ပမာဏ

| နိုင်ငံ | အမျိုးသား | အမျိုးသမီး |
|---|---|---|
| အိန္ဒိယ | ၁၈% | ၃၅% |
| အင်ဒိုနီးရှား | ၆% | ၁၄% |
| အီရန် | ၁၇% | ၃၀% |
| တောင်ကိုရီးယား | ၁% | ၄% |
| မြန်မာ | ၇% | ၁၄% |
| လာအို | ၁၇% | ၃၇% |
| ကမ္ဘောဒီးယား | ၁၆% | ၃၆% |
| ပါကစ်စတန် | ၃၂% | ၆၀% |
| ဖိလစ်ပိုင် | ၈% | ၈% |
| ဘူတန် | ၄၀% | ၅၆% |
| ပါပူဝါ နယူးဂီနီ | ၃၇% | ၅၀% |
| မွန်ဂိုးလီးယား | ၄% | ၃% |
| ဗီယက်နမ် | ၄% | ၈% |
| ထိုင်း | ၆% | ၁၀% |
| အာဖဂန်နစ္စတန် | ၁၂% | ၂၁% |
| ဘင်္ဂလားဒေရှ့် | ၃၉% | ၄၈% |

*Source: https://www.cia.gov/library/publications/the-world-factbook/fields/print_2103.html)*

**င။** အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ စာတတ်မြောက်မှုနှုန်းထားများနှင့် ပတ်သက်၍ ဖော်ပြပါ ဇယားအရ မည်သည်တို့ သိရှိမှတ်သားရသနည်း။

၂။ ဇယားပါ ကိန်းဂဏန်းများသည် တိကျသေချာမှု ရှိသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၃။ ကမ္ဘာ့ဒေသတစ်ခုနှင့် တစ်ခုတို့ရှိ စာတတ်မြောက်မှုနှုန်းများ ခြားနားကြရခြင်း၏ အကြောင်းရင်းကို ဖော်ပြပေးပါ။

၄။ မိမိ၏ လူမှုအသိုင်းအဝိုင်းအတွင်း စာတတ်မြောက်မှု အခြေအနေ၊ ပညာသင်ကြားနိုင်ခွင့် အနေအထားတို့ မည်သို့ မည်ပုံ ရှိသည်ကို သုံးသပ်ပေးပါ။

၅။ ထိုကဲ့သို့သော အခြေအနေ အကြောင်းရပ်တို့အပေါ် သက်ရောက်နေသည့် ကိစ္စရပ်များ၊ ပြဿနာရပ်များကို ဖော်ထုတ်ဆွေးနွေးပါ။



၅။ အောက်ပါ အဆိုကို ကြည့်ရှုသုံးသပ်ပြီး မေးခွန်းတို့ကို ဆွေးနွေး ဖြေဆိုပါ။

> "ယနေ့ခေတ် အချိန်အခါတွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျောင်းသူကလေးများ၏ အထက်တန်းပညာရေးရရှိနိုင်မှု ပမာဏမှာ ၄၃ ရာခိုင်နှုန်းခန့်သာ ရှိပေသည်။"
>
> *Source: The State of the World's Childern 2007 (UNICEF)*

၁။ အထက်ဖော်ပြပါ အဆိုတွင် ဖော်ပြပါထားရှိချက်တို့က မိမိတို့၏ လူမှုအသိုင်းအဝိုင်းကို ကိုယ်စားပြုနေပါသလား။ (သို့မဟုတ်) အသိုင်းအဝိုင်းအတွင်း ကျောင်းသူ၊ ကျောင်းသားများ၏ စာသင်ကြားနိုင်မှု အခွင့်အရေး ညီမျှသည်ဟု ဆိုနိုင်ပါသလား။

၂။ ထိုကဲ့သို့ ပညာသင်ကြားနိုင်မှု အခွင့်အရေးများ မညီမျှရခြင်း၏ အကြောင်းရင်းကို ဖော်ပြပေးပါ။

၆။ အောက်ပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါ။

၁။ အဘယ်ကြောင့် အချို့သော မိန်းကလေးများအနေဖြင့် ပညာဆက်လက် မသင်ယူနိုင်ကြရသနည်း။

၂။ အဘယ်ကြောင့် အချို့သော ယောကျ်ားလေးများအနေဖြင့် ပညာဆက်လက် မသင်ယူနိုင်ကြရသနည်း။

၃။ ကျောင်းပညာ မပြည့်စုံပါလျက် မည်သို့သော လုပ်ငန်းခွင်များတွင် ဝင်ရောက် လုပ်ကိုင်တတ်ကြသနည်း။

၇။ ဖော်ပြပါ ဇယားကို ကြည့်ရှုသုံးသပ်ပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

အထက်တန်းကျောင်းပညာရေးတွင် စာရင်းသွင်း အပ်နှံမှုပြဇယား

| နိုင်ငံ | ယောကျ်ားလေး | မိန်းကလေး |
|---|---|---|
| ကမ္ဘောဒီးယား | ၃၀ | ၁၉ |
| ဖူဂျီ | ၇၃ | ၇၉ |
| အင်ဒိုနီးရှား | ၅၄ | ၅၄ |
| လာအို | ၃၈ | ၃၂ |
| မွန်ဂိုးလီးယား | ၇၂ | ၈၃ |
| မြန်မာ | ၃၆ | ၃၄ |
| ပါပူဝါ နယူးဂီနီ | ၂၇ | ၂၁ |
| ဖိလစ်ပိုင် | ၅၄ | ၆၅ |
| ဗန်နျူရာတူ | ၂၇ | ၂၈ |

*Source: The State of the World's Children, UNICEF, 2006*

၁။ မေးခွန်း (၈) တွင် ဖြေဆိုခဲ့သည့် အဖြေများနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး ကိုက်ညီမှုရှိ၊ မရှိ သုံးသပ်ပေးပါ။

၂။ ဖော်ပြပါ ဇယားအရနိုင်ငံအသီးသီးရှိကျောင်းသူ၊ ကျောင်းသားတို့၏ အထက်တန်းကျောင်းပညာဆက်လက်သင်ကြားနိုင်မှုနှင့် ပတ်သက်၍ မည်သည်တို့ လေ့လာသိရှိရသနည်း။

၃။ ဖော်ပြပါ ဇယားတို့အရ နိုင်ငံအချို့တို့တွင် အထက်တန်းပညာရေးအတွက် ကျောင်းအပ်နှံမှု လျော့နည်းရသည့် အကြောင်းရင်းများကို ဖော်ပြပေးပါ။

## ၄.၂ ကျောင်းသားအခြေပြု ပညာရေး၊ ကျောင်းသူအခြေပြု ပညာရေး

**က။** ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် တက်ရောက်သင်ကြားနေကြသည့် ကျောင်းအသီးသီးတွင် တူမျှသော အခွင့်အရေးများ ဆက်ဆံခံစားကြရသည်ဟု ထင်ပါသလား။ ကျောင်းသားတစ်ဦး၊ ကျောင်းသူတစ်ဦး ဖြစ်ရခြင်း၏ အကောင်း၊ အဆိုးတို့ကိုပါ ဖော်ပြပေးပါ။

**ခ။** အောက်ဖော်ပြပါ ကမ္ဘာတစ်ဝှမ်းမှ ကျောင်းသားများ/ ဆရာ၊ ဆရာမများ၏ ပြောဆိုချက်တို့ကို လေ့လာသုံးသပ်ပြီး ဇယားတွင် ဖြည့်စွက်ပေးပါ။

| ကျောင်းသား | | ကျောင်းသူ | |
|---|---|---|---|
| ကျောင်းသားဖြစ်ရခြင်း၏ အားသာချက်များ | ကျောင်းသားတစ်ဦး ကြုံတွေ့နိုင်သည့် အခက်အခဲများ | ကျောင်းသူဖြစ်ရခြင်း၏ အားသာချက်များ | ကျောင်းသူတစ်ဦး ကြုံတွေ့နိုင်သည့် အခက်အခဲများ |
| | | | |

ဆရာ၊ ဆရာမတွေက အတန်းထဲမှာဆို ကျောင်းသားတွေကိုပဲ ဦးစားပေးတယ်။ ဘာကြောင့်လည်းတော့ သမီးလည်း နားမလည်ဘူး။

မြန်မာနိုင်ငံမှ (၁၃) နှစ်အရွယ် ကျောင်းသူတစ်ဦး



ကျွန်မသင်ရတဲ့ အတန်းတွေမှာတော့ မိန်းကလေးတွေက ယောကျ်ားလေးတွေထက် စာပိုတော်ကြတယ်။ ပြီးတော့ ကျောင်းမှာကလည်း ဆရာမတွေကြီးပဲ။ ဒီတော့ မိန်းကလေးတွေကို ပိုပြီး ဂရုစိုက်ပေးကြတယ်။ ကျောင်းသားတွေကြတော့ သူတို့ လူငယ်သဘာဝ ဆော့ကြပျော်ကြတာကို ခွင့်ပြုထားပေမယ့်၊ မိန်းကလေးတွေကိုတော့ မမှားသင့်တာ မမှားကြရအောင် ထိန်းကွပ် ပေးရတယ်။

မြန်မာ ကျောင်းဆရာမတစ်ဦး

လေ့လာသုတေသနပြုချက်များအရ ကျောင်းသား၊ ကျောင်းသူတို့၏ စာလိုက်နိုင်စွမ်းအပေါ် မူတည်လျက် ဆရာများ၏ ထိန်းကျောင်းဆက်ဆံမှု ကွာခြားလျက်ရှိကြောင်း တွေ့ရှိရသည်။ အများအားဖြင့် ကျောင်းသားတို့ကို ဆရာများက ကောင်းကောင်းမွန်မွန် ဆက်ဆံတတ်ကြပြီး စာကျက်ချိန် ကျက်၊ ကစားချိန် ကစား စသည်ဖြင့် လွတ်လပ်ခွင့် ပေးထားကြသည်။ ကျောင်းသူတို့မှာမူ ကျောင်းသားများလောက် ဂရုစိုက် မခံကြရဘဲ စာသင်ခန်းအတွင်း ထိုင်ရာတွင်ပင် နောက်ပိုင်းထိုင်ခုံများ၌သာ နေရာချထားတတ်ကြောင်း ဆိုကြသည်။ အချို့သော ကျောင်းများတွင် ကျောင်းသားများက ဆော့ကစား နေကြချိန်၌ ကျောင်းသူတို့မှာ သန့်ရှင်းရေး လုပ်ကြရကြောင်း သိရှိရသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများရှိ ကျောင်းများတွင် ကျောင်းသူတို့က ကျောင်းသားများထက် ပညာရည် စွမ်းဆောင်မှု ကောင်းမွန်နိုင်ကြသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင်မူ ကျောင်းသားများကသာ အမှတ်များများ ရတတ်ကြသည်ကို လေ့လာသိရှိရပေသည်။

*Source: State of the World's Children 2007 (UNICEF)*

ကျွန်မတို့ ကျောင်းတက်တုန်းကတော့ ယောကျ်ားလေးတွေက ပိုပြီး လွတ်လွတ်လပ်လပ် ရှိကြသလိုပဲ။ သူတို့တွေက စာသင်ခန်း အပြင်ထွက်ပြီး အားကစားတို့၊ လက်တွေ့လုပ်ငန်းတို့ ဆောင်ရွက်ကြရတဲ့ အချိန်မှာ ကျွန်မတို့ မိန်းကလေးတွေကတော့ စာသင်ခန်းထဲမှာ အပ်ချုပ်တို့၊ အချက်အပြုတ်တို့ကို သင်ကြရတယ်။

အင်္ဂလန် ကျောင်းဆရာမတစ်ဦး

နိုင်ငံအသီးသီးရှိ ကျောင်းများတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ အချိုးအစားပမာဏ တူမျှကြသော်လည်း ထိုကျောင်းသူ၊ ကျောင်းသားများသည် ကွဲပြားစွာ ဆက်ဆံထိန်းကျောင်းမှု ခံရလျက်ရှိပေသည်။ အချို့သော ကျောင်းသားများသည် ဆူပူကြိမ်းမောင်းမှု ခံကြရပြီး အချို့သော ကျောင်းသူကလေးများအနေဖြင့် သူတို့အပေါ် ဆရာ၊ ဆရာမတို့က ဂရုတစိုက် ဆက်ဆံပေးကြလေ့ မရှိကြောင်း ဆိုထားသည်။ ကျောင်းသူကလေးများသည် ကျောင်းသားတို့၏ နှောင့်ယှက်စနောက်မှု မျိုးလည်း ကြုံတွေ့ရတတ်ပေသည်။

*Source: http://www.ungei.org/gap/reportPacific.html*

ဂ။ ရှေ့တွင် ပြုလုပ်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူတစ်ဦး ဖြစ်ရခြင်း၏ အကောင်းအဆိုးတို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး စာဖတ်သူ၏ လူမှုအသိုင်းအဝိုင်းအတွင်း အခြေအနေများနှင့် ကိုက်ညီမှုရှိ၊ မရှိ ဖော်ပြပေးပါ။

ဃ။ အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။


၁။ အချို့သော ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသူနှင့် ကျောင်းသားတို့အကြား ခွဲခြားဆက်ဆံရသည့် အကြောင်းရင်းတို့ကို ဖော်ပြပေးပါ။

၂။ ထိုကဲ့သို့ ခွဲခြားဆက်ဆံမှုများကို စာဖတ်သူအနေဖြင့် လက်သင့်ခံနိုင်ပါသလား။ သင့်တော်သည်ဟု ထင်ပါသလား။

၃။ ဆရာတို့၏ ကျောင်းသားတို့အပေါ် ဆက်ဆံမှုများ တစ်နေရာနှင့် တစ်နေရာ မတူကွဲပြားရသည့် အကြောင်းရင်းကို ဖော်ပြပေးပါ။

၄။ ထိုကဲ့သို့ ကျောင်းသားနှင့် ကျောင်းသူတို့အပေါ် ဆက်ဆံမှုများ မတူညီခြင်းကြောင့် ထိုကျောင်းသား၊ ကျောင်းသူတို့နှင့် သူတို့၏ လူ့အဖွဲ့အစည်းအပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်သည်ကို ဖော်ပြပေးပါ။

င။ အောက်ပါ စာပိုဒ်တို့ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။



သူ့အမည်မှာ ထူးထူးဖြစ်ပြီး ထိုင်းနိုင်ငံတွင် မိဘနှစ်ပါးနှင့်အတူ အခြေချနေထိုင်လျက်ရှိသည်။ မြန်မာပြည်တွင် နေထိုင်ခဲ့စဉ်က ကျောင်းပညာကို ဖြောင့်ဖြောင့်ဖြူးဖြူး မသင်ကြားနိုင်ခဲ့သဖြင့် ထိုင်းနိုင်ငံတွင် ကျောင်းတက်သောအခါ အတန်းဖော်များနှင့် နှိုင်းယှဉ်ပါက အသက်အနည်းငယ်ကြီးနေသည်။ သူတက်ခဲ့ရသည့် အတန်းမှာ ဆဋ္ဌမတန်းဖြစ်သော်လည်း အတန်းဖော်များထက် အသက်ကြီးနေသည့် အတွက်ကြောင့် သူကိုယ်တိုင် သိမ်ငယ်စိတ် ခံစားခဲ့ရသည်။ တစ်ဖက်တွင်လည်း စားဝတ်နေရေးအတွက် မိဘတို့ကို တစ်ဖက်တစ်လမ်းက ကူညီရန် လိုအပ်နေသဖြင့် နဝမတန်းကို ဆက်လက် မတက်ရောက်တော့ဘဲ စက်ရုံတစ်ရုံတွင် အလုပ်ဝင်လုပ်နေရသည်။

စန္ဒာမှာ အသက် (၁၅) နှစ်ရှိပြီ ဖြစ်ပြီး နယ်စပ်ကျေးလက်တောရွာကလေးမှ ဖြစ်သည်။ ကျောင်းတွင် ထူးချွန်သော ကလေးမလေးဖြစ်ပြီး ကျောင်းဆရာမတစ်ဦး ဖြစ်ရမည်ဟု ရည်မှန်းချက်ရှိခဲ့သည်။ သို့ရာတွင် ကံတရားက မျက်နှာသာမပေးဘဲ ကိုယ်ဝန်ရရှိခဲ့ပြီး လက်ထပ်ထိမ်းမြားခြင်း ခံခဲ့ရသည်။ သူ့အနေဖြင့် ပညာဆက်လက် သင်ကြားလိုသော်လည်း ကျေးရွာတွင်း လူကြီးသူမတို့က ကျောင်းတစ်ဖက် အိမ်ထောင်တစ်ဖက် လုပ်ဆောင်ခြင်းကို ကန့်ကွက်တားမြစ်ကြသဖြင့် သူ၏ ဆရာမဖြစ်ရမည်ဟူသော အိမ်မက်တို့ကို စွန့်လွှတ်ကာ နဝမတန်းဖြင့်ပင် ကျောင်းထွက်ခဲ့ရသည်။



၁။ ဖော်ပြပါ ဖြစ်ရပ်များနှင့် အလားသဏ္ဌာန်တူသည့် အခြေအနေမျိုး မိမိတို့၏ ပတ်ဝန်းကျင်တွင် တွေ့မြင်ကြားသိဖူးပါသလား။

၂။ ထူးထူးနှင့် စန္ဒာတို့အနေဖြင့် ကျောင်းဆက်လက် မတက်ရောက်နိုင်ကြ၍ မည်သို့ ခံစားကြရသည်ကို ဖော်ပြပေးပါ။

၃။ အကြောင်းအမျိုးမျိုးတို့ကြောင့် ကျောင်းထွက်ခဲ့ရသည့် ဖြစ်ရပ်များကို ကျောင်းသားများတွင် တွေ့ရှိရမှု များသလား၊ ကျောင်းသူတို့တွင် တွေ့ရှိရမှု များသလား ဆိုသည်ကို ဆန်းစစ်ပေးပါ။

စ။ အထက်ဖော်ပြပါ ထူးထူးနှင့် စန္ဒာတို့ကဲ့သို့ လူငယ်များအနေဖြင့် ပညာဆက်လက် သင်ကြားနိုင်စေရန် မည်သည်တို့ လုပ်ဆောင်ပေးနိုင်သည်ကို ဖော်ပြပေးပါ။

## ၄.၃ တက္ကသိုလ်ပညာရေး

က။ အမျိုးသားများနှင့် အမျိုးသမီးများတွင် မည်သူတို့က တက္ကသိုလ်ပညာရေးကို ပိုမို ရရှိနိုင်ကြသနည်း။ အမျိုးသားများသာ လေ့လာသည့် ဘာသာရပ်များ၊ မေဂျာများ၊ အမျိုးသမီးများသာ လေ့လာသည့် ဘာသာရပ်များရှိ၊ မရှိကိုပါ ဆန်းစစ်ပေးပါ။

ခ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မိမိတို့၏ လူမှုပတ်ဝန်းကျင်နှင့် နှိုင်းယှဉ်သုံးသပ်ပေးပါ။

> တက္ကသိုလ်များ၏ ဝင်ခွင့်ရာနှုန်း တိုးတက်လာမှုနှင့်အတူ အမျိုးသမီးများ တက္ကသိုလ်ပညာရေး ရရှိမှုမှာလည်း သိသိသာသာ များပြားလာသည်။ ကုန်လွန်ခဲ့သည့် ရာစုနှစ်များအတွင်း အမျိုးသားများသာ တက္ကသိုလ်ပညာရေးကို ရရှိနိုင်ခဲ့ကြသော်လည်း ယနေ့ခေတ် အခါတွင် တက္ကသိုလ်အသီးသီး၌ တက်ရောက်နေသည့် အမျိုးသမီးများမှာ အမျိုးသား ပမာဏထက်ပင် များပြားနေကြောင်း တွေ့ရပေသည်။
>
> ထိုကဲ့သို့ အမျိုးသား၊ အမျိုးသမီးများ တက္ကသိုလ်တက်ရောက်မှု အချိုးအစား တူမျှလာသော်လည်း သင်ကြားသည့် ဘာသာရပ်များတွင်မူ ကွဲပြားမှုများ ရှိနေသေးသည်ကို တွေ့ရပေသည်။ အမျိုးသမီးများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးသိပ္ပံ၊ လူမှုဗေဒနှင့် ဝိဇ္ဇာဘာသာရပ်များတွင် အများဆုံး တက်ရောက်ကြပြီး အင်ဂျင်နီယာနှင့် သိပ္ပံဘာသာရပ်များတွင်မူ အမျိုးသမီးအနည်းစုသာ တက်ရောက်ကြသည်ကို လေ့လာသိရှိရသည်။
>
> Source: The World's Women 2010

ဂ။ အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ မိမိ၏ အနှစ်သက်ဆုံး ဘာသာရပ်များကို ဖော်ပြပေးပါ။

၂။ မြန်မာအမျိုးသား၊ အမျိုးသမီးများအနေဖြင့် တက္ကသိုလ်အသီးသီးတွင် တက်ရောက်သင်ကြားကြရာ၌ စာပိုဒ်တွင် ဖော်ပြပါရှိသည့် ဘာသာရပ်များအတိုင်း လေ့လာသင်ယူကြပါသလား။ သို့မဟုတ် စာပိုဒ်ပါ အကြောင်းအရာတို့နှင့် ကွဲပြားမှုများ ရှိနေပါသလား။ အဘယ်ကြောင့်နည်း။


၃။ အမျိုးသားများသာ သင်ကြားသင့်သော ဘာသာရပ်၊ အမျိုးသမီးများနှင့်သာ သင့်လျော်သော ဘာသာရပ်ဟူ၍ ခွဲခြားထားသင့်သည်ဟု ထင်ပါသလား။

၄။ တက္ကသိုလ်တွင် သင်ကြားခဲ့သည့် ဘာသာရပ်များက အလုပ်ခွင်ဝင်သည့်အခါ လိင်ပိုင်းဆိုင်ရာ လူမှုရေးညီမျှမှု၊ မည်သို့သော သက်ရောက်မှုများ ရှိနိုင်သနည်း။

၅။ မြန်မာပြည်ရှိ တက္ကသိုလ်များတွင် တွေ့ရလေ့ရှိသော ကျောင်းသားများနှင့် ကျောင်းသူတို့၏ လိင်ပိုင်းဆိုင်ရာ လူမှုရေးပြဿနာ၊ အတွေ့အကြုံ၊ အခြေအနေတို့နှင့် သက်ဆိုင်သည့် ကွဲပြားမှုများကို ဖော်ထုတ် ဆွေးနွေးပေးပါ။

ဃ။ ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှုသုံးသပ်ပြီး အမျိုးသား၊ အမျိုးသမီးတို့၏ ပညာရည်စွမ်းဆောင်မှုနှင့် ပတ်သက်၍ မည်သို့ ရှုမြင်ကြသည်ကို ဖော်ပြပေးပါ။

**မင်း သင်္ချာညံ့တာပဲ**




**မိန်းကလေးတွေ သင်္ချာညံ့တာပဲ။**

# အခန်း (၄) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ မိမိတို့ ဖြတ်သန်းခဲ့ရသည့် ပညာရေးစနစ်တွင် ကျောင်းသားများနှင့် ကျောင်းသူတို့အပေါ် ဆက်ဆံမှုများအကြား ကွဲပြားခြားနားမှုရှိ၊ မရှိ သုံးသပ်ပေးပါ။ ထိုကဲ့သို့သော အခြေအနေမျိုးကို ရင်ဆိုင်ကြုံတွေ့ဖူးပါက မည်သို့ ရှုမြင်ခံစားရသည်ကို ဖော်ပြပေးပါ။

၂။ စာသင်ကျောင်းများအနေဖြင့် ကျောင်းသား၊ ကျောင်းသူတိုင်း အခွင့်အရေးများ တန်းတူညီတူ ခံစားနိုင်စေရန် မည်သို့ ဖော်ဆောင်ပေးနိုင်မည်ကို ဆွေးနွေးပါ။

၃။ မိမိတို့ တက်ရောက်ခဲ့သည့် ကျောင်းများတွင် ကျောင်းသားများ၏ စာလိုက်နိုင်မှုအား ကောင်းပါသလား။ (သို့) ကျောင်းသူများက ပိုမို ထူးချွန်ကြပါသလား။ အဘယ်ကြောင့်နည်း။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက်ဖွင့်ဆိုပေးပါ။**

၁။ စာတတ်မြောက်မှုနှုန်း။

၂။ ပညာဆက်လက် မသင်ကြားနိုင်မှု။

၃။ လက်တွေ့အသုံးချ ပညာရပ်များ။

**ဂ။ အောက်ပါ မေးခွန်းတို့ကို စာပိုဒ်တစ်ပိုဒ်စီဖြင့် ဖြေဆိုပေးပါ။**

၁။ စာမတတ်မြောက်ခြင်း၏ အကျိုးဆက်များကို ဖော်ပြပေးပါ။

၂။ အချို့သော ကျောင်းသား၊ ကျောင်းသူတို့အနေဖြင့် အခြေခံပညာ မတက်ရောက်နိုင်ခြင်း၏ အကြောင်းရင်းတို့ကို ဖော်ထုတ်ပေးပါ။

၃။ အချို့သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အထက်တန်းပညာ ဆက်လက် မတက်ရောက်နိုင်ကြရခြင်း၏ အကြောင်းရင်းတို့ကို ဆွေးနွေးဖော်ပြပါ။

# အခန်း (၅) ယစဉ်ပီ

**အခန်း (၅) အနှစ်ချုပ် သိမှတ်ဖွယ် - ကိုးကွယ်ယုံကြည်မှု**

ဤအခန်းတွင် ကိုးကွယ်ယုံကြည်မှုတို့၏ လူမှုကဏ္ဍအပေါ် သက်ရောက်မှုများ ဖော်ပြပေးထားပြီး ဘာသာတရား တစ်ရပ်ချင်းစီ၏ အမျိုးသား၊ အမျိုးသမီးဆိုင်ရာ သတ်မှတ်ချက်များနှင့် ၎င်းတို့အပေါ် လွှမ်းမိုးနေသည့် နောက်ခံအကြောင်းတရားများ အစရှိသည်တို့ကို တင်ပြထားပေသည်။ ထို့အပြင် မြန်မာနှင့် အာရှနိုင်ငံအသီးသီးတွင် ကိုးကွယ်မှုများသည် ဘာသာကြီးများနှင့် ထိုဘာသာတရားတို့တွင် ပါရှိသည့် အဆုံးအမများ၊ ခေါင်းဆောင်မှုကဏ္ဍနှင့် လူမှုရေးအပေါ် အမြင်များကို ဆန်းစစ်စေမည် ဖြစ်သည်။ ထို့အပြင် 'ဘာသာမဲ့' များနှင့် လိင်မှုရေးရာတို့အကြား ဆက်နွယ်ပုံနှင့် ဘာသာရေး မပြင်းထန်သည့် လူမှုအသိုင်းအဝိုင်းတို့၏ အခြေအနေတို့ကိုပါ သိရှိစေမည် ဖြစ်သည်။ ထိုမျှသာမက ကိုးကွယ်ယုံကြည်မှုတို့က အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူညီမျှမှု မရှိရန် တွန်းအားပေးနေမှုရှိ၊ မရှိကိုပါ ဝေဖန်ဆန်းစစ်စေမည် ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ဘာသာကြီးများ၏ လူမှုအသိုင်းအဝိုင်းအတွင်း လိင်မှုရေးရာအပေါ် အမြင်များကို မည်သို့ ပြောင်းလဲစေနိုင်သည်ကို ဖော်ပြပေးထားပြီး ဘာသာရေးခေါင်းဆောင်တို့၏ အဆိုပါ အကြောင်းအရာတို့အပေါ် မည်သို့ ရှုမြင်ထားကြသည်ကို လေ့လာသုံးသပ်နိုင်စေမည့် လက်တွေ့လုပ်ဆောင်ချက်များလည်း ပါဝင်ပေသည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။

- ကိုးကွယ်မှု အများဆုံး ဘာသာကြီးများနှင့် ၎င်းတို့၏ လိင်မှုရေးရာအပေါ် အမြင်အယူအဆများ။
- အမျိုးသား၊ အမျိုးသမီးဆိုင်ရာ အမြင်များနှင့် ပတ်သက်၍ ဘာသာရေး၏ လွှမ်းမိုးသက်ရောက်မှုများ။
- ဘာသာတရားတစ်ခုနှင့် တစ်ခုအကြား ခေါင်းဆောင်မှု၊ လူမှုရေးရာနှင့် Gender ဆိုင်ရာ အကြောင်းခြင်းရာတို့အပေါ် ထားရှိသည့် ကွဲပြားသော အတွေးအမြင် အယူအဆများ။
- ဘာသာမဲ့နှင့် လိင်မှုရေးရာတို့အကြား ဆက်နွယ်မှု။
- အမျိုးသား၊ အမျိုးသမီးဆိုင်ရာ တန်းတူညီမျှရေးနှင့် ပတ်သက်၍ ဘာသာတရားအသီးသီး လက်ခံယူဆထားချက်များ။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည် ဖြစ်သည်။

- မိမိတို့ ကိုးကွယ်သည့် ဘာသာတရားနှင့် အခြားသော ဘာသာကြီးများ၏ လိင်မှုရေးရာ ကွဲပြားမှုအပေါ် အမြင်များကို လေ့လာသိရှိလာနိုင်မည်။
- ဘာသာတရားတစ်ရပ်ဆီတွင် ဖော်ပြပါရှိသော Gender ဆိုင်ရာ အခန်းကဏ္ဍတို့နှင့် သက်ဆိုင်သည့် အတွေးအခေါ်တို့ကို အသေးစိတ်ရှုမြင် သုံးသပ်လာနိုင်မည်။
- ဘာသာတရားအသီးသီး၏ လိင်မှုရေးရာ ခွဲခြားမှုများအပေါ် ထားရှိသည့် ကွဲပြားသော လက်ခံမှုများ၊ အယူအဆများကို တိုင်းတာဆန်းစစ်လာနိုင်မည်။
- မိမိတို့ ကိုးကွယ်သည့် ဘာသာရေးတွင် အမျိုးသား၊ အမျိုးသမီးတို့အပေါ် ထားရှိသည့် စံနှုန်းသတ်မှတ်ချက်များကိုပါ သိရှိလာနိုင်သည်။
- အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူညီမျှမှုများနှင့် ဘာသာမဲ့ဖြစ်ခြင်း၊ မဖြစ်ခြင်းတို့၏ ဆက်နွယ်မှုကိုပါ သိမြင်သဘောပေါက်လာမည်။
- လိင်မှုအခြေပြု တန်းတူညီမျှမှုများနှင့် ပတ်သက်ပြီး ဘာသာရေး၏ အခန်းကဏ္ဍတို့ကို ဆန်းစစ်လေ့လာနိုင်မည် ဖြစ်သည်။
- ဘာသာရေးဆိုင်ရာ ခေါင်းဆောင်တို့၏ Gender အပေါ် အမြင်များကိုပါ ဆွေးနွေးသိရှိနိုင်စေမည် ဖြစ်သည်။

# အခန်း (၅) ကိုးကွယ်ယုံကြည်မှု



## ၅.၁ ကိုးကွယ်မှုနှင့် အမျိုးသား အမျိုးသမီးဆိုင်ရာ လူမှုကဏ္ဍ

**က။** ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှုပြီး ထိုအမျိုးသမီးတို့ အနေဖြင့် အဘယ်ကြောင့် ထိုသို့ ဝတ်ဆင်ထားသည်ကို ဝေဖန်သုံးသပ်ပေးပါ။

**ခ။** စာဖတ်သူ လေ့လာသိရှိထားသည့် ဘာသာအယူဝါဒတို့ကို စာရင်းပြုစုပြီး ထိုဘာသာတို့တွင် အမျိုးသား၊ အမျိုးသမီးတို့ ဝတ်စားဆင်ယင်ပုံနှင့် ပတ်သက်၍ သတ်မှတ်ချက်များရှိ၊ မရှိကို အောက်ပါ ဇယားတွင် ဖြည့်စွက်ပေးပါ။




| | အမျိုးသား | အမျိုးသမီး |
|---|---|---|
| ခရစ်ယာန်ဘာသာ | | |
| အစ္စလာမ်ဘာသာ | | |
| ဗုဒ္ဓဘာသာ | | |
| အခြား ကိုးကွယ်ယုံကြည်မှုများ | | |

ဂ။ စာဖတ်သူ ပါဝင်ပတ်သက်မှုရှိသည့် ကိုးကွယ်မှုတစ်ရပ်အပေါ် အခြေခံလျက် အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်မှုတာဝန်ကို အမျိုးသားများ တာဝန်ယူကြရပါသလား၊ သို့မဟုတ် အမျိုးသမီးတို့ တာဝန်ယူကြရပါသလား။

၂။ ဘာသာရေးဆိုင်ရာ အထွတ်အမြတ်နေရာများသို့ သွားရောက်ရာတွင် အမျိုးသား၊ အမျိုးသမီးတို့အပေါ် ကန့်သတ်တားမြစ်ထားမှုများ ရှိပါသလား။

၃။ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးအနေဖြင့် လိုက်နာကျင့်ကြံရမည့် ကျင့်ဝတ်၊ တာဝန်များ ရှိပါသလား။

၄။ ထိုကျင့်ဝတ်များ ထားရှိ ကျင့်သုံးကြရသည့် အကြောင်းရင်းတို့ကို ဖော်ပြပေးပါ။

၅။ ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် ဘာသာဝင် လူငယ်လူရွယ်များအား Gender ဆိုင်ရာ အကြောင်းခြင်းရာတို့ကို သင်ကြားပေးသင့်သည်ဟု ထင်ပါသလား။ မည်သည်တို့ကို ထည့်သွင်း သင်ကြားပေးအပ်သနည်း။

ဃ။ အောက်ပါ ပြောဆိုချက်တို့ကို လေ့လာသုံးသပ်ပြီး မည်သည့် ပြောဆိုချက်က မည်သည့် ကိုးကွယ်ယုံကြည်မှုကို ကိုယ်စားပြုသည်ကို ဖော်ပြပေးပါ။

င။ ဇယားတွင်ရှိသည့် ခေါင်းစဉ်တစ်ခုချင်းစီအတွက် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ လက်ခံယူဆထားချက်များကို ဖြေကြားပေးပါ။

| ကိုးကွယ်ယုံကြည်မှု | လူမှုရေးဆိုင်ရာ အမြင်များ | ခေါင်းဆောင်မှု | ဘာသာအယူဝါဒ |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |



## လူမှုရေးဆိုင်ရာ အမြင်များ

က။ "ကျွန်မ အမေကတော့ မိန်းမသားဘဝဖြစ်ရတာဟာ အရင့် အရင်ဘဝက ပြုခဲ့တဲ့ မကောင်းမှုကံတရားတွေရဲ့ အကျိုးဆက်တစ်ရပ်လို့ ခံယူထားတယ်။ ကျွန်မကို မွေးတော့ မိန်းကလေးဖြစ်နေတဲ့အတွက် သိပ်တော့ မပျော်ရှာဘူး။ ဘာကြောင့်လဲဆိုတော့ မိသားစုတစ်စုမှာ သားဦးမွေးမှသာ ဂုဏ်ယူအားတက်စရာတစ်ရပ်လို့ သတ်မှတ်ထားကြလို့ပဲ။ ဒါပေမဲ့လည်း အမေတို့ခေတ်နဲ့ နှိုင်းယှဉ်ရင် ဒီဘက်ခေတ်မှာတော့ မိန်းကလေးတွေအနေနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရှိ နေထိုင်လာနိုင်ကြသလိုပဲ။ မိန်းကလေးတစ်ယောက်ဖြစ်ရလို့လဲ သိမ်ငယ်စရာ မရှိဘူးလေ။ အမျိုးသမီးတိုင်းလည်း ဒီလိုစိတ်မျိုး မွေးကြမယ်လို့ ကျွန်မအနေနဲ့ ယုံကြည်မိပါတယ်။"

ခ။ "ကျွန်တော်တို့ ဘာသာအရတော့ ဘုရားသခင်ရဲ့ မေတ္တာရိပ်အောက်မှာ လူသားတိုင်းဟာ အတူတူပါပဲ။ ဒါပေမဲ့လည်း ကျွန်တော်တို့ လူ့အဖွဲ့အစည်းအနေနဲ့ အမျိုးသမီးတွေအပေါ်မှာ အရင်လို ဖိနှိပ်ချုပ်ခြယ်နေကြတုန်းပဲ။"

ဂ။ "ကျွန်မတို့အနေနဲ့ အစ္စလာမ်သမိုင်းရာဇဝင်ထဲက အမျိုးသမီးတွေကို စံထားပြီး အစ္စလာမ်အမျိုးသမီးတွေရဲ့ သရုပ်သကန် အစစ်အမှန်တွေကို ထင်ဟပ်စေဖို့အတွက် ကြိုးပမ်းဖော်ဆောင်ပေးလျက် ရှိပါတယ်။ ပြီးတော့ ဘာသာဝင်အမျိုးသမီးတွေနဲ့ လည်း တွေ့ဆုံပွဲတွေ၊ ဆွေးနွေးမှုတွေ ကျင်းပပေးပြီး အမျိုးသမီးတို့ရဲ့ လူမှုဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။"

ဃ။ "ကျူးကျော်နယ်ချဲ့မှုတွေက ကျုပ်တို့ တိုင်းပြည်မှာရှိတဲ့ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍတွေအပေါ်မှာ လွှမ်းမိုးသက်ရောက်မှု ရှိတာကို တွေ့ရတယ်။ လူမှုအသိုင်းအဝိုင်းတွေဘက်ကလည်း သူတို့ လက်ခံကျင့်သုံးနေတဲ့ လူမှုရေးဆိုင်ရာ သတ်မှတ်ချက် တွေနဲ့ အမျိုးသမီးထုကြီးအတွက်ဆိုပြီး ပြင်ပက ဝင်ရောက်လာတဲ့ ဘာသာအယူဝါဒတွေကို တားဆီးကာကွယ်ခဲ့ကြပါတယ်။ အကျိုးဆက်အနေနဲ့ ကျွန်တော်တို့ရဲ့ လူမှုသတ်မှတ်ချက်တွေဟာ ပိုမို ကျဉ်းကြပ်လာပြီး အရွယ်မရောက်ခင် လက်ထပ်မှု၊ တစ်ခုလပ် အမျိုးသမီးတွေ စွဲဆောင်မှု မရှိအောင်ဆိုပြီး ကတုံး တုံးပေးထားမှုတွေအထိ ဖြစ်ပွားပေါ်ပေါက်ခဲ့ရပါတယ်။"

## ခေါင်းဆောင်မှု

င။ "အဖွဲ့အစည်းအသီးသီးတွင် အရေးကြီးဆုံး ခေါင်းဆောင်မှုတာဝန်တွေကို အမျိုးသားတွေကပဲ တာဝန်ယူထားလျက် ရှိပါတယ်။ သူတို့အနေနဲ့ ဆုံးဖြတ်ချက်တွေ ချတဲ့အခါ အမျိုးသမီးတွေရဲ့အမြင်တွေကို လျစ်လျူရှုထားဆဲဖြစ်ပြီး ကျွန်မတို့ အမျိုးသမီးတွေရဲ့ အရေးပါမှုကို မေ့လျော့နေကြတယ် ထင်ပါရဲ့။"

စ။ "အမျိုးသမီးတွေဟာ အမျိုးသားတွေထက် နိမ့်ကျတယ်ဆိုပြီး မြတ်စွာဘုရားက မဟောကြားခဲ့ပါဘူး။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ ဒီအချက်ကို မေ့လျော့နေကြပုံ ရတယ်။"

ဆ။ "ဆစ်ခ် (Sikh) ဘာသာဝင် အမျိုးသမီးများအနေဖြင့် ယခုအခါ၌ ဘာသာရေးတွင် ထဲထဲဝင်ဝင်ပါဝင်မှု လျော့နည်းလာသည် ကို တွေ့ရသည်။ ပုံမှန်အားဖြင့် အမျိုးသမီးများသည် သီလစောင့်ထိန်းခြင်း၊ ဘုရားကျောင်းမှန်မှန်တတ်ခြင်း၊ တရားတော်မြတ် ဟူကမ် (Hukam) ကို လေးစားလိုက်နာခြင်း၊ ဘာသာရေးပွဲများ စီစဉ်ကျင်းပခြင်း၊ ဂါထာများ ရွတ်ဖတ် ပူဇော်ခြင်းတို့ကို ပုံမှန်ပြုလုပ်ကြရမည် ဖြစ်သော်လည်း ယခုအခါ အမျိုးသမီးအနည်းစုကသာ လုပ်ဆောင်ကြသည်။ လေ့လာသူတို့၏ အမြင်အရ ဤဘာသာသည် အမျိုးသားများကို ဦးစားပေးလွန်းသည့် ဘာသာတစ်ခု ဖြစ်သည်ဟုလည်း ဆိုကြသည်။"

## ဘာသာအယူဝါဒမှ သင်ပြမှု

ဇ။ "ကျွန်မငယ်ငယ်က ကြားဖူးတဲ့ ပုံပြင်တစ်ပုဒ်ရှိတယ်၊ ငှက်တစ်ကောင်နဲ့ သူ့တောင်ပံနှစ်လက်အကြောင်း ပုံပြင်ပေါ့။ ပြီးတော့ အဲဒီတောင်ပံတစ်လက်စီက 'ယောကျ်ား' နဲ့ 'မိန်းမ' ကို ကိုယ်စားပြုနေကြတယ်။ တောင်ပံနှစ်လက်က ဘက်မမျှရင် ငှက်တစ်ကောင်အနေနဲ့ ခပ်မြင့်မြင့်ကို၊ ချောချောမွေ့မွေ့ မပျံနိုင်တော့ဘူးတဲ့။"

ဈ။ "ဘုရားသခင်က ယောကျ်ားတိုင်း၊ မိန်းမတိုင်းကို အတူတူပဲလို့ ရှုမြင်ထားတော်မူပါတယ်။ ဒါပေမဲ့ လိုအပ်မှုတွေအပေါ် အခြေခံပြီးတော့ တစ်ဦးနှင့် တစ်ဦး အခွင့်အရေးတွေ ကွဲပြားမှုရှိနေတာကိုလည်း သိမြင်တော်မူပါတယ်။ အမျိုးသမီးတွေအနေနဲ့ ကိုယ်ပိုင်လွတ်လပ်မှုတွေ ရရှိပိုင်ဆိုင်သင့်ကြပြီး မျိုးရိုးအမည် ဆက်ခံခွင့်၊ ဥစ္စာခနဲ စုဆောင်းခွင့်တို့ကိုလည်း ပေးအပ်ထားသင့် ပါတယ်။ အမျိုးသားတွေဘက်ကလည်း အမျိုးသမီးတို့အပေါ် စောင့်ရှောက်မှုအပြည့်နဲ့ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။"

ည။ "ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ခေတ်ရေစီးကြောင်းကို မျက်ခြေမပြတ်စေဘဲ အကျင့်တရားကတစ်ဖက်၊ ခေတ်နဲ့အညီ လိုက်လျော ညီထွေ ပြုမူနေထိုင်မှုက တစ်ဖက်ဖြင့် မျှတစွာ ကျင့်ကြံနေထိုင်ကြရမှာ ဖြစ်သလို အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကိုလည်း မမေ့မလျော့ဘဲ ဖော်ဆောင်သင့်လှပါတယ်။"

စ။ အထက်ဖော်ပြပါ ခေါင်းစဉ်တိုင်းအတွက် အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ မိမိတို့ ကိုးကွယ်ယုံကြည်သော ဘာသာတရားတွင် အထက်ဖော်ပြပါ အခြေအနေမျိုးနှင့် ကြုံတွေ့နေရမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

၂။ ထိုဘာသာတရားတို့တွင် တွေ့ရသည့် တူညီသော အတွေးအခေါ်၊ အယူအဆတို့ကို ဖော်ပြပေးပါ။

ဆ။ စာဖတ်သူတို့ လေ့လာသိရှိခဲ့သည့် ဘာသာတရားတို့ရှိလျှင် ၎င်းတို့ကို အခြေခံပြီး အမျိုးသား၊ အမျိုးသမီးဆိုင်ရာ အခန်းကဏ္ဍများ နှင့် ပတ်သက်၍ မည်သို့ ဖော်ပြပါရှိသည်ကို ဇယားတစ်ရပ် ပြုစုရေးဆွဲပေးပါ။

## ၅.၂ ဘာသာမဲ့ခြင်းနှင့် Gender




က။ ဘာသာအယူဝါဒ ကိုးကွယ်မှု မရှိသူများအကြောင်းကို ကြားသိဖူးပါသလား။ ကမ္ဘာအရပ်ရပ်တွင် 'အစ္စလာမ်၊ ခရစ်ယာန်၊ ဗုဒ္ဓဘာသာကိုးကွယ်သူ' ရာခိုင်နှုန်း မည်မျှရှိ၍ 'ဘာသာမဲ့' ရာခိုင်နှုန်း မည်မျှရှိသည်ကို ဖော်ပြပါ။

ခ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး တစ်ဖက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

လေ့လာတွေ့ရှိချက်များအရ 'ဘာသာမဲ့' ပေါများသည့် နိုင်ငံများသည် လူသားအချင်းချင်းကြား တန်းတူညီမျှမှု အမြင့်မားဆုံး ဖြစ်နေသည်ကို တွေ့ရှိရပြီး ဘာသာအယူဝါဒ ပြင်းထန်သည့် တိုင်းပြည်များတွင် ဖိနှိပ်မှုများ ထူထဲနေသည်ကို သိရှိရသည်။ လူသားဖွံ့ဖြိုးမှုအဖွဲ့မှ ၂၀၀၄ ခုနှစ်တွင် ထုတ်ပြန်သည့် 'အမျိုးသား၊ အမျိုးသမီးဆိုင်ရာ စွမ်းဆောင်မှု မြှင့်တင်ရေး' အစီရင်ခံစာအရ အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူညီမျှမှု အမျှတဆုံးနိုင်ငံ (၁၀) နိုင်ငံသည် မည်သည့် ဘာသာအယူဝါဒမှ ကိုးကွယ်ယုံကြည်မှု မရှိသော နိုင်ငံသားပမာဏ များပြားသည့် တိုင်းပြည်များ ဖြစ်နေကြသည်ကို တွေ့ရှိရသည်။ တန်းတူညီမျှမှု အနည်းဆုံး (၁၀) နိုင်ငံမှာမူကား ဘာသာအယူဝါဒဆိုင်ရာ တစ်ဖက်သတ်ဆန်လွန်းသည့် နိုင်ငံသားများပြားပြီး ဘာသာမဲ့ဦးရေ နည်းပါးသည့် တိုင်းပြည်များ ဖြစ်နေသည်ကို အံ့သြဖွယ် လေ့လာသိရှိရပေသည်။ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုများသည့် တိုင်းပြည်များဖြစ်သည့် ဆွီဒင်၊ ဒိန်းမတ်ကဲ့သို့သော နိုင်ငံများတွင်လည်း ဘာသာမဲ့ဦးရေ များပြားကြပြီး ပါကစ္စတန်၊ နိုင်ဂျီးရီးယား ကဲ့သို့သော ဘာသာအယူဝါဒ ပြင်းထန်သည့် တိုင်းပြည်များတွင်မူ အမျိုးသမီးများ၏ နိုင်ငံရေးတွင် တက်ကြွပါဝင်မှု လျော့နည်းနေသည်ကို တွေ့ရပေသည်။

ကမ္ဘာ့ဒေသအသီးသီးတို့တွင် ဘာသာမဲ့ဦးရေများ တစ်စတစ်စ တိုးတက်လာကြသည်ကို တွေ့မြင်နေရပေသည်။ သို့ရာတွင် လူဦးရေတိုးပွားမှုနှုန်း မြင့်မားသည့် ဆင်းရဲသော တိုင်းပြည်များရှိ လူ့အဖွဲ့အစည်းများတွင်မူ ဘာသာမဲ့များ တွေ့ရခဲသည်။

'ဘာသာမဲ့' ဖြစ်ခြင်းနှင့် လူ့အဖွဲ့အစည်းတို့အကြား ဆက်နွယ်ပတ်သက်မှု ရှိသည်မှာ မှန်သည်။ သို့ရာတွင် ဘာသာမဲ့ဦးရေ တိုးပွားခြင်း၊ လျော့နည်းခြင်းကြောင့် ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်နိုင်မည်ဟု ကောက်ချက်မချသင့်ပေ။ လူ့အဖွဲ့အစည်း၏ အခြေအနေ၊ အကြောင်းရပ်တို့ကသာ ဘာသာမဲ့ဖြစ်ခြင်း၊ ဘာသာအယူဝါဒတစ်ရပ်ရပ်ကို အကြွင်းမဲ့ ကိုးကွယ်ခြင်းတို့ကို ဖြစ်ပေါ်စေပေသည်။ (ဥပမာ – အခြေခိုင်ပြီးဖြစ်သည့် လူမှုအသိုင်းအဝိုင်းများသည် ဘာသာမဲ့ဖြစ်ရန် အလားအလာများပြီး၊ လူမှုပြဿနာများ ရင်ဆိုင်ကြုံတွေ့နေရသူများမှာမူ ဘာသာရေးကို ထွက်ပေါက်တစ်ရပ်အသွင် ကိုးကွယ်တတ်ကြသည်။)

*Source: Cambridge Companion to Atheism: Phil Zuckerman, Atheism - Contemporaty Rates and Patterns*

၁။ စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့အရ ကိုးကွယ်ယုံကြည်မှုတို့နှင့် အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူညီမျှမှုဆိုင်ရာ ကိစ္စရပ်များ မည်သို့ ဆက်စပ်နေသည်ကို ဖော်ပြပေးပါ။


၂။ စာပိုဒ်ပါ အကြောင်းအရာတို့ကို စာဖတ်သူအနေဖြင့် မည်သို့ ရှုမြင်သုံးသပ်မိသနည်း။ အဘယ်ကြောင့်နည်း။

၃။ ဘာသာမဲ့ဦးရေ များပြားသည့် တိုင်းပြည်များအနေဖြင့် ဘာသာအယူဝါဒတစ်ရပ်ရပ် အားသန်သည့် တိုင်းပြည်များထက် အမျိုးသား၊ အမျိုးသမီးဆိုင်ရာ တန်းတူအခွင့်အရေးများ သာလွန် ကောင်းမွန်ရသည့် အကြောင်းရင်းကို ဖော်ပြပေးပါ။

၄။ အမျိုးသား၊ အမျိုးသမီးတို့ကြား တန်းတူအခွင့်အရေးများ ဖော်ဆောင်ရာတွင် ဘာသာမဲ့ လူ့အဖွဲ့အစည်းများတွင် ပိုမို အောင်မြင်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။


## ၅.၃ ဘာသာရေးနှင့် တန်းတူညီမျှမှု

က။ အောက်ပါ အဆိုအမိန့်တို့ကို ဖတ်ရှုသုံးသပ်ပြီး စာဖတ်သူ လက်ခံယုံကြည်ထားသည့် အယူအဆများနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။




က။ "မြတ်စွာဘုရား ပွင့်တော်မူခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ တုန်းက အိန္ဒိယပြည်ရဲ့ လူ့အဖွဲ့အစည်းမှာ အမျိုးသားများသာ ကြီးစိုးလွှမ်းမိုးနေခဲ့ပါတယ်။ အဲဒီခေတ် အဲဒီအခါမှာ မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေဟာ အမျိုးသမီးများဘက်က ရပ်တည်ဟောပြခဲ့မယ်ဆိုရင် ဒီတရားတော်တွေကို လက်ခံနာကြားမယ့်သူ ရှိပါ့မလားတောင် မထင်မိဘူး။ ဘာပဲဖြစ်ဖြစ် အရေးကြီးတာက ဦးဇင်းတို့ ပြီးခဲ့တဲ့နှစ် ၃၀ လောက်က စပြီး ဒါကို ပြောင်းလဲဖို့ ကြိုးစားခဲ့တာပဲ။"

*The Dalai Lama*



ခ။ "အမျိုးသား၊ အမျိုးသမီးတိုင်းအနေဖြင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ သာတူညီမျှမှုတွေ ရရှိ ပိုင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။ ဖော်ပြပါ တန်းတူအခွင့်အရေးတွေကို လင်နှင့် မယားအကြား၊ မိသားစုအကြား ဆက်ဆံမှုမျိုးတွေမှာသာမက လူမှုအသိုင်းအဝိုင်း တစ်ရပ်လုံးအတွင်းမှာပါ ကျင့်သုံးတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။"

*Pope Benedict XVI*



ဂ။ "ကျွန်ုပ်တို့ရဲ့ အလ္လာလ်အရှင်မြတ်အနေနဲ့ အမျိုးသားတိုင်း၊ အမျိုးသမီးတိုင်းဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြဖို့ သတ်မှတ်ဆုံးမထားပြီး ဖြစ်ပါတယ်။ အရှင်မြတ်ကို လေးစားမြတ်နိုးတဲ့ အနေနဲ့ အမျိုးသားတွေဘက်က အမျိုးသမီးတွေအပေါ် မတူမတန် ဆက်ဆံမှုမျိုး ရှောင်ကြဉ်ကြရမှာ ဖြစ်ပါတယ်။"

*Imam Johari Abdul Malik, Dar Al Hijrah Islamic Center*

ခ။ အတန်းဖော်များနှင့် တွဲဖက်ပြီး အထက်ဖော်ပြပါ အဆိုအမိန့်များအတွက် မေးခွန်းတို့ကို ဖြေဆိုပေးပါ။

၁။ အဆိုအမိန့်ပါ ဖော်ပြထားချက်များအတိုင်း ဘာသာဝင်တို့အနေဖြင့် လိုက်နာကျင့်သုံးမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။ ကျင့်သုံး လိုက်နာမှု မရှိရသည့် အကြောင်းရင်းကိုပါ ဖော်ပြပေးပါ။

၂။ အမျိုးသား၊ အမျိုးသမီးတို့အကြား တန်းတူညီမျှမှု ဖော်ဆောင်ရေးအတွက် ကိုးကွယ်ယုံကြည်သည့် ဘာသာတရား၊ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များအနေဖြင့် မည်သို့ တာဝန်ယူ လုပ်ဆောင်နိုင်ကြသည်ကို ဖော်ပြပေးပါ။

ဂ။ အတန်းဖော်များနှင့် တွဲဖက်ပြီး ဘာသာရေးဆိုင်ရာအမြင်နှင့် အမျိုးသား၊ အမျိုးသမီးဆိုင်ရာ တန်းတူအခွင့်အရေးတို့အကြား ဆက်နွှယ်မှုပြ အဆိုအမိန့်များကို စုဆောင်း ပြုစုပေးပါ။

ဃ။ ဘာသာရေးခေါင်းဆောင်တစ်ဦးဦးအား တွေ့ဆုံမေးမြန်းပြီး အမျိုးသား၊ အမျိုးသမီးဆိုင်ရာ တန်းတူညီမျှမှုအပေါ် အမြင်များကို ဆွေးနွေးပေးပါ။ ထိုသို့ ဆွေးနွေးရာတွင် အထောက်အထားအကိုးအကားများပါ ထည့်သွင်းပါရှိစေပါ။ (သို့) ဘာသာရေးဆိုင်ရာ ကျမ်းများကို ဖတ်ရှုပေးပါ။ ထိုကျမ်းတွင် ဖော်ပြပါရှိသည့် အမျိုးသား၊ အမျိုးသမီးတို့အပေါ် ခွဲခြားဆက်ဆံမှု ဥပမာရပ်များနှင့် တန်းတူညီမျှ ဆက်ဆံမှုဆိုင်ရာ ဥပမာရပ်များကို ရှာဖွေ ဆွေးနွေးပေးပါ။

# အခန်း (၅) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ မိမိကိုးကွယ်ယုံကြည်သည့် ဘာသာတရားတွင် အမျိုးသား၊ အမျိုးသမီးများအပေါ် တန်းတူသဘောထားမှုရှိ၊ မရှိ ဝေဖန်ဆန်းစစ်ပါ။

၂။ မိမိတို့၏ ပတ်ဝန်းကျင်တွင် အမျိုးသမီးများ ဦးဆောင်သည့် ဘာသာရေးအဖွဲ့အစည်းများရှိ၊ မရှိနှင့် ရှိပါက ထိုအမျိုးသမီး ဘာသာရေးခေါင်းဆောင်များ၏ လုပ်ဆောင်နိုင်စွမ်း အခြေအနေကို ဖော်ပြပေးပါ။

၃။ ဘာသာရေးတွင် အမျိုးသမီးခေါင်းဆောင်များ ပိုမို ပါဝင်လာခြင်းက မည်သို့သော သက်ရောက်မှုများ ရှိနိုင်သည်ကို ဖော်ပြပါ။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးပါ။**

၁။ ဘာသာတရား။

၂။ ရိုးရာအစဉ်အလာ။

၃။ ဘာသာမဲ့။

**ဂ။ အောက်ပါ အကြောင်းအရာအပေါ် အခြေခံလျက် စာလုံးရေ (၂၀၀ – ၃၀၀) ခန့်ရှိ စာစီစာကုံးတစ်ပုဒ် ရေးသား ပေးပါ။**

စာဖတ်သူ ကိုးကွယ်ယုံကြည်သည့် ဘာသာတရားအနေဖြင့် အမျိုးသား၊ အမျိုးသမီးဆိုင်ရာ အခန်းကဏ္ဍများနှင့် ပတ်သက်၍ မည်သို့ ဖော်ပြပါရှိသနည်း။ ထိုအမြင်အယူအဆတို့ကို စာဖတ်သူအနေဖြင့် မည်သို့ လက်ခံသဘောထား ရှိသနည်း။

# အခန်း (၆) ပစပ

**အခန်း (၆) အနှစ်ချုပ် သိမှတ်ဖွယ် - ခေါင်းဆောင်မှု**

ဤအခန်းတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍရပ်များ ဖော်ပြပါရှိပေသည်။ အဓိကအားဖြင့် နိုင်ငံအသီးသီးရှိ အုပ်ချုပ်ရေးတွင် အမျိုးသား၊ အမျိုးသမီးများ တန်းတူပါဝင်ခွင့်ရှိခြင်း၊ မရှိခြင်းကို လေ့လာကြရမည် ဖြစ်သည်။ ထို့အတူ မည်သည့်နိုင်ငံရှိ အစိုးရများတွင် အမျိုးသား၊ အမျိုးသမီး အချိုးကျ ပါဝင်လျက်ရှိသည်၊ ထိုတိုင်းပြည်တို့က အခြားသော တိုင်းပြည်များနှင့် မည်သို့ခြားနားမှုများ ရှိသည်၊ အမျိုးသားရော အမျိုးသမီးတို့ပါ အစိုးရတွင်း ကိုယ်စားပြုပါဝင်ကြခြင်းက အရေးပါမှု ရှိ၊ မရှိ အစရှိသည်တို့ကို ဆန်းစစ်စေမည် ဖြစ်သည်။ ထိုမျှသာမက လူ့အဖွဲ့အစည်း၏ အရေးပါသော ဆုံးဖြတ်ချက်ချမှတ်ပုံများနှင့် မည်သူတို့က ပါဝင်ဆုံးဖြတ်သည်၊ မည်သူတို့အပေါ် သက်ရောက်မှု ရှိနိုင်သည်တို့ကိုပါ ဖော်ပြပေးထားသည်။ ထို့အပြင် ကမ္ဘာအရပ်ရပ်မှ လူမှုအသိုင်းအဝိုင်းအခြေပြု ခေါင်းဆောင်မှုပုံစံများကို လေ့လာဆန်းစစ်နိုင်မည်ဖြစ်ပြီး ထိုလှုပ်ရှားမှုများ ဖော်ဆောင်ရာတွင် မည်သို့သော အခက်အခဲများ ရင်ဆိုင်ဖြတ်သန်းရသည်၊ မည်သို့သော အကျိုးရလဒ်များ ခံစားရသည် အစရှိသည်တို့ကိုပါ သိမြင်လာစေမည် ဖြစ်သည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။

- အစိုးရလုပ်ငန်းဆောင်တာများတွင် အမျိုးသား၊ အမျိုးသမီးတို့၏ ပါဝင်မှုအနေအထား။
- အသိုင်းအဝိုင်းရေးရာနှင့် နိုင်ငံရေးရာ ဆုံးဖြတ်ချက်များတွင် အမျိုးသား၊ အမျိုးသမီးတို့ ပါဝင်မှု မညီမျှခြင်း၏ အကြောင်းတရားများ။
- အမျိုးသား၊ အမျိုးသမီးများ နိုင်ငံ၏ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တန်းတူပါဝင်ခြင်း၏ လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုများ။
- Gender အခြေပြု လူ့အဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားမှုများ၏ ဥပမာများ။
- အမျိုးသမီးခေါင်းဆောင်များ ကြုံတွေ့ဖြတ်သန်းရသည့် အခက်အခဲ အတားအဆီးများ။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည် ဖြစ်သည်။

- နိုင်ငံတကာရှိ အစိုးရအသီးသီးတွင် အမျိုးသား၊ အမျိုးသမီးတို့၏ ပါဝင်မှု အချိုးအစားကို တွက်ထုတ်လာနိုင်မည်။
- ကမ္ဘာ့ဒေသတစ်ခုနှင့် တစ်ခုအကြား အမျိုးသမီးတို့ နိုင်ငံရေးတွင် ပါဝင်မှု အခြေအနေများ မတူညီကြပုံကို သိရှိလာနိုင်မည်။
- နိုင်ငံရေးရာ၊ အသိုင်းအဝိုင်းရေးရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တန်းတူပါဝင်မှု၏ တန်ဖိုးများကို ဆန်းစစ်ဝေဖန်လာနိုင်မည်။
- အမျိုးသမီး၊ အမျိုးသားတို့၏ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆုံးဖြတ်ခြင်းက မည်သည့် လူမှုအပြောင်းအလဲများ ဆောင်ကြဉ်းပေးနိုင်သည်ကို တွေးဆ ဆင်ခြင်နိုင်စေမည်။
- မိမိတို့ လူမှုအဖွဲ့အစည်းအတွင်း အမျိုးသား၊ အမျိုးသမီးတို့၏ ဦးဆောင်ပါဝင်နိုင်မှု အခြေအနေတို့ကို လက်တွေ့ ရှုမြင်သုံးသပ်လာနိုင်မည်။
- အမျိုးသမီးတို့ ဦးဆောင်မှုပြု ဆောင်ရွက်လျက်ရှိသော နိုင်ငံအသီးသီးမှ လူမှုလှုပ်ရှားမှုများကို လေ့လာ သိရှိလာနိုင်မည်။
- အမျိုးသမီးတို့ ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ကြုံတွေ့ဖြတ်သန်းရမည့် အခက်အခဲ အတားအဆီးများကို လေ့လာဆန်းစစ်နိုင်မည် ဖြစ်သည်။

# အခန်း (၆) ခေါင်းဆောင်မှု



## ၆.၁ အမျိုးသား၊ အမျိုးသမီးတို့၏ နိုင်ငံရေးတွင် ပါဝင်မှု

**က။** ကမ္ဘာ့နိုင်ငံအသီးသီးရှိ လွှတ်တော်အသီးသီးတွင် တာဝန်ယူဆောင်ရွက်နေသည့် အမျိုးသား၊ အမျိုးသမီးပမာဏ အချိုးအစားကို ဆန်းစစ် တွက်ထုတ်ပေးပါ။

**ခ။** အောက်ပါ ကာတွန်းရုပ်ပုံ၏ ဆိုလိုရင်းကို ဖော်ပြပေးပါ။




**သမီးရယ်၊ ဝမ်းနည်းပါတယ်ကွယ်။ ညည်းအစ်ကိုတွေ စားပြီးတာနဲ့ ဘာမှကို မကျန်တော့ဘူး။**

**ဂ။** နိုင်ငံရေးတွင် အမျိုးသား၊ အမျိုးသမီး ပါဝင်မှု မျှတမှုရှိကြောင်း ဖော်ပြသည့် ကာတွန်းရုပ်ပုံတစ်ပုံ ရေးဆွဲပေးပါ။

**ဃ။** အောက်ပါ အဆိုကို ဖတ်ရှုပြီး မြန်မာနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီးအမတ် မည်မျှ ရှိသည်ကို ဆန်းစစ်ပေးပါ။

> ***"ကမ္ဘာ့နိုင်ငံအသီးသီးရှိ လွှတ်တော်များ၏ အမတ်နေရာအများစုတွင် အမျိုးသားများကသာ ကိုယ်စားပြု ဆောင်ရွက်လျက်ရှိသည်။ ယေဘုယျအားဖြင့် အမတ်နေရာ၏ ၁၇ ရာခိုင်နှုန်းခန့်သာ အမျိုးသမီးများ ဖြစ်ကြသည်။ အစိုးရပိုင်းတွင်လည်း ရာထူး ၁၉၂ နေရာခန့်တွင် ၁၁ နေရာခန့်သာ အမျိုးသမီးများ တာဝန်ယူထားကြရသည်။"***
>
> *Source: The World's Women 2010 (United Nations)*

# ၆.၂ အမျိုးသမီးများနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်

**က။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

ကမ္ဘာနှင့်တစ်ဝှမ်းတွင် အမျိုးသား၊ အမျိုးသမီးတို့၏ အစိုးရအတွင်း ပါဝင်လုပ်ဆောင်ကြရာတွင် တန်းတူပါဝင်နိုင်မှု မရှိခြင်းသည် အမြစ်တွယ်နေဆဲပင် ဖြစ်သည်။ ထိုသို့ တန်းတူပါဝင်နိုင်အောင် ဖော်ဆောင်ခြင်းသည် အရေးပါသော လုပ်ရပ်တစ်ရပ်ဖြစ်ပြီး အမျိုးသမီးတို့၏ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့တွင် ပါဝင်လာခြင်းက ဒီမိုကရေစီ၏ အနှစ်သာရနှင့် သဘောတရားတို့ကို ထင်ဟပ်စေနိုင်ပေသည်။ ထိုသို့ ထင်ဟပ်စေရသည့် အဓိကအကြောင်းရင်း (၂) ချက် ရှိသည်။

ပထမအကြောင်းရင်းမှာ ပြည်သူကို ကိုယ်စားပြုနိုင်မည့် အစိုးရတစ်ရပ် ဖန်တီးအကောင်အထည်ဖော်ရာတွင် အရေးပါလှသော ကြောင့် ဖြစ်သည်။ သို့မှလည်း နိုင်ငံရေးဆိုင်ရာ တင်းမာမှုများ၊ အရှုပ်အထွေးများမှ ကင်းဝေးနိုင်မည် ဖြစ်ပေသည်။ ထိုကဲ့သို့ ပြည်သူ့အကျိုးပြု ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် အမျိုးသမီးများ ပါဝင်စေသင့်သကဲ့သို့ ဘာသာတိုင်း၊ လူမျိုးစုတိုင်းကို ကိုယ်စားပြုနိုင်အောင်လည်း ကြိုးစားဖော်ဆောင်ကြရမည် ဖြစ်သည်။

ဒုတိယအကြောင်းရင်းဖြစ်သည့် အမျိုးသား၊ အမျိုးသမီး အချိုးကျကိုယ်စားပြု ပါဝင်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော် တစ်ရပ်သည် နိုင်ငံတွင်း အမျိုးသမီးတို့၏ အကျိုးစီးပွားအတွက် ပိုမို ဆောင်ရွက်စေနိုင်ပေမည်။ ဆိုလိုသည်မှာ နိုင်ငံရေးသမား အမျိုးသားများအနေဖြင့် ထိုသို့ ဖော်ဆောင်ရန် မေ့လျော့နေကြမည် မဟုတ်သည်မှာ မှန်သည်၊ အမျိုးသမီးနိုင်ငံရေးသမားများ အနေဖြင့်လည်း အမျိုးသမီးအခွင့်အရေးများကိုသာ အစဉ်တင်ပြဖော်ဆောင်နေကြမည် မဟုတ်သည်မှာလည်း မှန်ကန်သည်။ သို့ရာတွင် အမျိုးသမီးများ လွှတ်တော်အတွင်း ပိုမို ပါဝင်လာခြင်းက အမျိုးသမီးထုကြီးအတွက် လက်တွေ့စနစ်ကျပြီး ထိရောက်မှုရှိသည့် ပေါ်လစီများ ပေါ်ပေါက်ရန် အလားအလာများကြောင်း လေ့လာသုတေသနပြုချက်များအရ သိရသည်။

နိုင်ငံရေးအရ တည်ငြိမ်မှုရှိရေး၊ ငြိမ်းချမ်းမှုဖော်ဆောင်ရေးတို့ကို ဆောင်ရွက်ရာတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှု၊ ဦးဆောင်မှုတို့က အဓိကသက်ဆိုင်ပါဝင်လျက်ရှိသည့် အချက်များမဟုတ်ကြ၊ သို့ရာတွင်လည်း ရှိကို ရှိသင့်သည့် အခြေအနေ အကြောင်းရပ်တစ်ခု ဖြစ်သည်မှာ ယုံမှားသံသယ မရှိအပ်ချေ။ ထို့ကြောင့်လည်း လက်ဘနွန်၊ ပြင်သစ်၊ အမေရိကန် စသည်ဖြင့် ကမ္ဘာ့နယ်မြေဒေသအသီးသီးက ဒီမိုကရေစီလှုပ်ရှားသူများက ထိုအချက်ကို အစဉ်နှိုးဆော် တိုက်တွန်းနေကြခြင်းပင် ဖြစ်ပေသည်။

*Source: Why Women in Politics Matter, HRW*

၁။ စာပိုဒ်ပါ တင်ပြချက်များအရ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ခြင်းသည့် အဘယ့်ကြောင့် အရေးပါသနည်း။

၂။ စာပိုဒ်ပါ အဆိုအရ မည်သည့် အဖွဲ့များအနေဖြင့် အစိုးရတွင်း ကိုယ်စားပြုပါဝင်သင့်သည်ဟု ဖော်ပြထားသနည်း။

၃။ စာပိုဒ်ပါ အယူအဆများကို စာဖတ်သူအနေဖြင့် လက်ခံ သဘောတူပါသလား။ အဘယ်ကြောင့်နည်း။


၄။ မည်သည့် ပြဿနာ အကြောင်းအရာများသည် အမျိုးသမီးထုကြီးအတွက် အရေးကြီးသည်ဟု သင်ထင်ပါသနည်း။

**ခ။** တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အမျိုးသမီးများအနေဖြင့် သမ္မတ (သို့) ဝန်ကြီးချုပ်အနေဖြင့် တာဝန်ယူလျက် ရှိသည့်၊ တာဝန်ယူခဲ့ဖူးသည့်နိုင်ငံ မည်မျှ ရှိသနည်း။

**ဂ။** တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အမျိုးသမီးခေါင်းဆောင်များ မပေါ်ထွန်းဖူးသည့် တိုင်းပြည်များ ရှိပါက ဖော်ထုတ်ပေးပါ။

ဃ။ အောက်ပါ စာရင်းဇယားကို ကြည့်ရှုသုံးသပ်ပြီး မည်သည်တို့ ဖော်ပြပါရှိသည်ကို ဆွေးနွေးပါ။

နိုင်ငံကိုယ်စားပြု လွှတ်တော်အသီးသီးတွင် အမျိုးသမီးများ ပါဝင်မှုပြ ဇယား




င။ ဖော်ပြပါ ဇယားကို အခြေခံပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ ၁၉၉၇ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်အတွင်း အမျိုးသမီးတို့၏ လွှတ်တော်တွင်း ကိုယ်စားပြု ပါဝင်မှု မည်သို့ ပြောင်းလဲလာခဲ့သနည်း။

၂။ ထိုကဲ့သို့ ပြောင်းလဲလာရသည့် အကြောင်းရင်းများကို ဖော်ပြပေးပါ။

၃။ ဒေသတွင်း ဆင်းရဲချမ်းသာမှုက ထိုပြောင်းလဲမှုအပေါ် မည်သို့ သက်ရောက်နေသနည်း။

၄။ လွှတ်တော်တွင် အမျိုးသမီးများ ပါဝင်မှု မြင့်မားသည့် တိုင်းပြည်တို့ရှိ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်တို့သည် အခြားသော အခြေအနေ မတူညီသည့် တိုင်းပြည်များနှင့် မည်သို့ မည်ပုံ ကွဲပြားနိုင်သနည်း။

စ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

က။ နိုင်ငံရေးရာ ဆုံးဖြတ်မှုများ၌ အမျိုးသမီးများအနေဖြင့် အောက်ပါအချက်များကြောင့် အမျိုးသားများနှင့် ကွဲလွဲနိုင်သည်။

၁။ အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရသည့် အကြောင်းရင်းများ၊ ခံယူချက်များသည် အမျိုးသားများနှင့် ကွဲပြားနိုင်သည်။

၂။ အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသည့် ဘဝဖြတ်သန်းမှု အတွေ့အကြုံများရှိခြင်းက ဆုံးဖြတ်ချက်တို့ အပေါ် သက်ရောက်နိုင်သည်။

၃။ အမျိုးသမီးကိုယ်စားလှယ်များအနေဖြင့် အမျိုးသမီးတို့၏ အခြေအနေတို့ကို စာနာနားလည်နိုင်ပြီး ထိရောက်စွာ ကူညီပေးနိုင်မည်။

*Source: State of the World's Children, UNICEF*

ခ။ "အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေးမှာ ပါဝင်မှု တိုးတက်လာခြင်းက လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အစရှိတဲ့ ဘက်ပေါင်းစုံ တိုးတက်မှုအတွက် အရေးပါတဲ့ ခွန်အားတစ်ရပ် ဖြစ်တယ်ဆိုတာကို ယုံမှားသံသယ မရှိသင့်ပါဘူး။"

*Source: Rwanda President Paul Kagame, 2003*

၁။ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်တို့တွင် အမျိုးသမီးများ ပါဝင်မှုသည် အဘယ့်ကြောင့် အရေးပါသနည်း။

၂။ ဦးဆောင်မှုကဏ္ဍတွင် အမျိုးသမီးများ ပါဝင်မှုက လူမှုရေးဆိုင်ရာ အပြောင်းအလဲများ ဖော်ဆောင်ရာတွင် မည်သို့ သက်ရောက်မှု ရှိနိုင်သနည်း။

**၁၁။** စာပိုဒ် (က) ပါ အချက်သုံးချက်အတွက် ဥပမာများနှင့် ရှင်းလင်းချက်များကို ဖော်ပြပေးပါ။

**၁၂။** စာဖတ်သူ နေထိုင်ကျင်လည်ရာ လူမှုအသိုင်းအဝိုင်း (သို့) နေရာဒေသအပေါ် သက်ရောက်မှု ရှိနေသည့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်စီမံချက် ၄ သို့မဟုတ် ၅ ရပ်ကို ဖော်ပြပေးပါ။ (စာသင်ကျောင်းများ တည်ဆောက်ပေးခြင်း၊ ဥပဒေတစ်ရပ် ပြဋ္ဌာန်းခြင်း) အောက်ပါ ဇယား၏ သင့်တော်သော နေရာတွင် စီမံချက်တစ်ခုချင်းစီအတွက် အဖြေများကို ဖြည့်စွက်ပေးပါ။

**၁၃။** အမျိုးသမီးခေါင်းဆောင်များအနေဖြင့် အောက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး မည်သို့ ရှုမြင်သုံးသပ်ကြသည်ကို ဖော်ပြပေးပါ။ သဘာဝပတ်ဝန်းကျင်ယိုယွင်းမှု၊ ပြစ်မှုဥပဒေများ၊ ကျန်းမာရေး စောင့်ရှောက်မှုများ၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး။

| | ဆုံးဖြတ်ချက် | အမျိုးသမီးများ ပါဝင်မှု ရှိ/မရှိ | ဆုံးဖြတ်ချက်ကြောင့် အမျိုးသား၊ အမျိုးသမီးတိုင်း တန်းတူအခွင့်အရေး များ ခံစားပိုင်ခွင့် ရှိ/မရှိ | မည်သူတို့က ထို ဆုံးဖြတ်ချက်ကို ချမှတ် အကောင် အထည်ဖော်သနည်း။ အမျိုးသမီး မည်မျှ ပါဝင်သနည်း။ | အမျိုးသမီး ပါဝင်မှုက စီမံဆုံးဖြတ်ရာတွင် မည်သို့ သက်ရောက်မှု များ ရှိသနည်း။ |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |









## ၆.၃ အသိုင်းအဝိုင်းအတွင်း ဦးဆောင်မှု

**က။** အောက်ပါ ဖြစ်ရပ်တို့ကို ဖတ်ရှုပြီး မည်သို့သော လူမှုအပြောင်းအလဲများ ဖော်ဆောင်ရန် ကြိုးပမ်းနေကြသည်ကို ဖော်ပြ ပေးပါ။

**ဖြစ်ရပ်လေ့လာချက် (၁)** မော်ရိုကို။ ၂၀၀၄ ခုနှစ်တွင် ပြုလုပ်ကျင်းပခဲ့သည့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုများ၊ နှိုးဆော်မှုများ၏ အကျိုးရလဒ်အနေဖြင့် 'မိသားစုဆိုင်ရာ ဥပဒေ' တစ်ရပ် ပြုလုပ်ပြဋ္ဌာန်းနိုင်ခဲ့သည်။ အဆိုပါ ဥပဒေကြောင့် အမျိုးသမီးများ တန်းတူညီမျှရေး၊ ကလေးသူငယ်များ စောင့်ရှောက်ရေးနှင့် အမျိုးသားတို့၏ ဂုဏ်သိက္ခာဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းစဉ်များအထိ ဖော်ဆောင် ပေးနိုင်ခဲ့သည်။

**ဖြစ်ရပ်လေ့လာချက် (၂)** မိုဇန်ဘစ်။ အရွယ်မရောက်သေးခင် လက်ထပ်ထိမ်းမြားမှုများအား ကန့်ကွက်ဆန္ဒပြသည့် အစီအစဉ်တစ်ရပ်ကို ရပ်ရွာအခြေပြု အမျိုးသမီးအဖွဲ့ငယ်များမှ ကြီးမှူးကျင်းပခဲ့ကြပြီး အကျိုးဆက်အနေဖြင့် ၂၀၀၄ ခုနှစ်တွင် ထိုလက်ထပ်မှုများကို ကန့်သတ် ထိန်းကွပ်နိုင်မည့် မိသားစုဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းအတည်ပြုနိုင်ခဲ့သည်။ ထိုဥပဒေအရ အုပ်ထိန်းသူ ခွင့်ပြုချက်မပါဘဲ လက်ထပ် ထိမ်းမြားသူများအနေဖြင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး၊ အုပ်ထိန်းသူ သဘောတူပါက အသက် ၁၄ နှစ်မှ ၁၆ နှစ် အတွင်းရှိ အရွယ်ရောက်ပြီးသူများအနေဖြင့် လက်ထပ်ထိမ်းမြားနိုင်ကြမည် ဖြစ်သည်။

**ဖြစ်ရပ်လေ့လာချက် (၃)** မြန်မာ။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်း (Women's Development Network - WDN) အနေဖြင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု လုပ်ငန်းများကို ဖော်ဆောင်ပေးလျက်ရှိပြီး မူလတန်းကြို ပညာရေးကျောင်းများနှင့် ကျေးလက်ရှိ ကျောင်းများအတွက် လိုအပ်သော ပညာရေးဆိုင်ရာ ထောက်ပံ့မှုများကိုပါ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျေးလက်နေ အမျိုးသမီးများအတွက် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းငယ်များ စီမံဖန်တီးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး ချုပ်လုပ်မှု အတတ်ပညာ၊ ရောင်းဝယ်မှု ပညာတို့နှင့် အသက်မွေးနိုင်စေရန်အတွက်ပါ ကူညီပေးထားသည်။ ဥပမာဆိုရသော် ကျေးရွာတစ်ရွာ မှ အမျိုးသမီးများ ချုပ်လုပ်ထားသည့် ရိုးရာဝတ်စုံများကို ဈေးကွက်အတွင်း တင်ပို့နိုင်စေရန် ကူညီပေးပြီး အကျိုးအမြတ်ကို ထိုအမျိုးသမီး များ ခံစားနိုင်စေမည် ဖြစ်သည်။

**ဖြစ်ရပ်လေ့လာချက် (၄)** အာဖကန်နစ္စတန်။ အမျိုးသမီးအသင်းအဖွဲ့များမှ စုပေါင်း၍ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမို ပါဝင်လာစေရန် လှုံ့ဆော်ပေးနေပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်ပုံများကို အများပြည်သူ သိရှိနိုင် စေရန် မျှဝေပေးလျက် ရှိပေသည်။ အမျိုးသမီးဒုက္ခသည်များအတွက် လူ့အခွင့်အရေးဆိုင်ရာ အသိအမြင်များ တိုးပွားနိုင်စေမည့် ဟောပြောပွဲများလည်း စီစဉ်ဆောင်ရွက်ပေးလျက် ရှိပေသည်။

**ဖြစ်ရပ်လေ့လာချက် (၅)** အိန္ဒိယ။ ဘောလိဝုဒ်သရုပ်ဆောင် ဖာဟမ်အက်ထာ (Farhan Akhtar) မှ ဦးဆောင်ကြီးမှူး၍ အမျိုးသားများအနေဖြင့် အမျိုးသမီးတို့အပေါ် အဓမ္မပြုကျင့်မှု၊ ခွဲခြားဆက်ဆံမှုများမှ ကာကွယ်ပေးမည့် အဖွဲ့အစည်းတစ်ရပ်ကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါ အဖွဲ့အစည်းအနေဖြင့် ရုံပုံငွေပွဲများ၊ မီဒီယာအခြေပြု လှုံ့ဆော်မှုများ (ဥပမာ – facebook, twitter စသဖြင့်) မှ ဆောင်ရွက်လျက်ရှိပြီး ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များရှိ လူငယ်လူရွယ်များအတွက် အသိပညာပေး လုပ်ငန်းရပ်များကိုပါ တိုးချဲ့လုပ်ဆောင်နိုင်ရန် စီစဉ်လျက်ရှိသည်။







ခ။ ဖြစ်ရပ်လေ့လာချက် (၅) အနေဖြင့် အခြားသော ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ပါက မည်သို့ ထူးခြားနေသနည်း။

ဂ။ အဖွဲ့များ ဖွဲ့ပြီး အဖွဲ့တစ်ဖွဲ့လျှင် ဖြစ်ရပ်လေ့လာချက်တစ်ခုစီ တာဝန်ယူပေးပါ။ ထိုဖြစ်ရပ်ပါ လုပ်ဆောင်ချက်များ ထိရောက်မှု ရှိ၊ မရှိ မိမိတို့ အသိုင်းအဝိုင်းအတွင်း ဖော်ဆောင်နိုင်မှု၊ အောင်မြင်နိုင်မှုအနေအထားများနှင့် ထိုသို့ ဆောင်ရွက်ရာတွင် မည်သို့သော အခက်အခဲ အတားအဆီးများ ကြုံတွေ့နိုင်သည်ကို ဆွေးနွေးပေးပါ။ ပြီးနောက် မိမိတို့ အဖွဲ့၏ ဆွေးနွေးချက်များကို အခြားသော အဖွဲ့များထံ တင်ပြပေးပါ။

ဃ။ ကင်ညာနိုင်ငံမှ ဝန်ဂါရီ မာသ်ဟီ (Wangari Maathai) ဆိုသော အမျိုးသမီး စွမ်းဆောင်ရှင်အကြောင်း ကြားသိဖူးပါသလား။

င။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။



၁၉၇၇ ခုနှစ်၊ ဇွန်လအတွင်း ဝန်ဂါရီ မာသ်ဟီ (Wangari Maathai) အမည်ရ အမျိုးသမီးတစ်ဦးက ကင်ညာနိုင်ငံ၏ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သစ်ပင် (၇) ပင်ကို စိုက်ပျိုးခဲ့သည်။ ထိုလုပ်ရပ်ကြောင့် Greenbelt Movement ဟူသည့် လှုပ်ရှားမှုတစ်ရပ်ကို စတင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်အထိ အမျိုးသမီး ၅၀၀၀၀ ခန့် ပါဝင်လှုပ်ရှားလျက် သစ်ပင်ပေါင်း ၁၀ သန်းခန့်ကို စိုက်ပျိုးနိုင်ခဲ့ပြီး မြေဧက ထောင်ပေါင်းများစွာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည်။ ထိုလှုပ်ရှားမှု၏သတင်းမှာ နိုင်ငံအသီးသီးသို့ ပျံ့နှံ့သွားခဲ့ပြီး ကမ္ဘာ့ဆုကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက ချီးမြှင့်ပေးအပ်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုကိုပါ ရရှိနိုင်ခဲ့သည်။ အဆိုပါ လှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ သစ်ပင်များ ပိုမို စိုက်ပျိုးကြခြင်းဖြင့် မြေသယံဇာတကို ထိန်းသိမ်းရန်၊ သဘာဝလောင်စာများ ပိုမို သုံးစွဲနိုင်ရန်၊ သာယာသော ပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်ရန်နှင့် မိသားစု အပိုဝင်ငွေ ရှာဖွေနိုင်ရန် ရည်ရွယ်သည်။ တစ်ဖက်ကလည်း ထိုသစ်ပင်များကို ပြုစုစောင့်ရှောက်ပြီး ထိန်းသိမ်းရောင်းချပေးသော အမျိုးသမီးများအတွက် စားဝတ်နေရေး အထောက်အပံ့ ပေးနိုင်ရန်လည်း ရည်ရွယ်ပေသည်။ ထိုသို့ စိုက်ပျိုးရာတွင် လိမ္မော်၊ ထောပတ်၊ သံလွင်စသည့် သီးပင် စားပင်များသာမက ကိုလိုနီခေတ်အတွင်း ပြုန်းတီးခဲ့ရသည့် ဝါး၊ သဖန်း၊ ထနောင်းအစရှိသည့် ဒေသတွင်း အပင်များကိုပါ စိုက်ပျိုးစေမည် ဖြစ်သည်။

ဝန်ဂါရီသည် ကင်ညာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသမီး ဇီဝဗေဒပါမောက္ခဖြစ်ပြီး ကလေးသုံးဦး၏ အုပ်ထိန်းသူ မိခင်လည်း ဖြစ်သည်။ ကွာရှင်းခဲ့သည့် ခင်ပွန်းသည်ဖြစ်သူမှာ နိုင်ငံရေးသမားတစ်ဦး ဖြစ်သည်။ ဝန်ဂါရီ ပြုလုပ်ခဲ့သည့် လှုပ်ရှားမှုများမှာ ခင်ပွန်းသည်ဖြစ်သူ၏ ယောကျ်ားသိက္ခာကျသည်ဟု လှောင်ပြောင်ကဲ့ရဲ့ခံရပြီး၊ နိုင်ငံရေးအလုပ်တွင်ပါ ထိခိုက်လာသည့်အတွက် သူ့ကို ပစ်ထားခဲ့ခြင်း ဖြစ်သည်။ ထိုအခြေအနေမျိုးတို့နှင့် ကြုံတွေ့ခဲ့ရသော်လည်း ဝန်ဂါရီမှာ အပြုံးမပျက်၊ လူအများအားကိုးရာ အမျိုးသမီးခေါင်းဆောင်များအနေဖြင့် အမျိုးသားများကိုသာ ဦးစားပေးလွန်းသည့် လူ့အဖွဲ့အစည်းတစ်ရပ်တွင် ထိုကဲ့သို့သော ပြဿနာအခက်အခဲများနှင့် ကြုံတွေ့ရမည်မှာ ဓမ္မတာဖြစ်သည်ဟု တရားသဘောဖြင့် ဆင်ခြင်ဖြေသိမ့်ခဲ့သည်။

ဝန်ဂါရီနှင့် The Greenbelt Movement အနေဖြင့် လူသားတိုင်း၏ အကျိုးအတွက် အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်း အမိမြေကို ချစ်ခင်ထိန်းသိမ်းတတ်စေရန်၊ နိုင်ငံဖွံ့ဖြိုးရေးတွင် စွမ်းစွမ်းတမံ ပါဝင်နိုင်ကြစေရန်၊ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန် အစဉ်အမြဲ အားပေးလှုံ့ဆော်ပေးလျက် ရှိပေသည်။ ထို့အပြင် ထိုလှုပ်ရှားမှုကို ကင်ညာနိုင်ငံအတွင်းသာမက အခြားသော တိုင်းပြည်များတွင်ပါ အသုံးချဆောင်ရွက်နိုင်အောင် ပံ့ပိုးကူညီပေးလျက် ရှိပေသည်။ ဝန်ဂါရီ၏ လုပ်ဆောင်ချက်များက အမျိုးသမီးတို့၏ လုပ်ဆောင်နိုင်စွမ်းကို ထင်ဟပ်နေပြီး လူသားတိုင်း စံနမူနာ ထားသင့်လှပေသည်။

*Source: 'Planting Trees of Kenya: The Story of Wangari Maathai' by Claire Nivola (2008)*

၁။ ဝန်ဂါရီ ဖော်ဆောင်ခဲ့သည့် လုပ်ငန်းများတွင် အမျိုးသမီးတစ်ဦး ဖြစ်နေသည့်အတွက် မည်သို့သော အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသနည်း။

၂။ ဝန်ဂါရီအနေဖြင့် မည်သို့သော မိသားစုပြဿနာများ ကြုံတွေ့ခဲ့၍ ၎င်းတို့ကို မည်သို့ ရင်ဆိုင်ကျော်လွှားခဲ့သည်ကို ဖော်ပြပေးပါ။

၃။ ဝန်ဂါရီအနေဖြင့် ကင်ညာပြည်သူ ပြည်သားတို့အတွက် မည်သို့သော အကျိုးတရားများ ဆောင်ကြဉ်းပေးနိုင်ခဲ့သနည်း။

၄။ ဝန်ဂါရီ၏ လုပ်ဆောင်ချက်များမှ လေ့လာအတုယူသင့်သည့် လေးစားအားကျဖွယ်အချက်များကို ဖော်ပြပေးပါ။

**စ။** ထင်ရှားသည့် လူမှုစွမ်းဆောင်ရှင် အမျိုးသား (သို့) အမျိုးသမီးတစ်ဦးအကြောင်းကို လေ့လာပေးပါ။ ထိုသို့ လေ့လာရာတွင် လူမှုရေး၊ အမျိုးသမီးများအရေး၊ နိုင်ငံရေး အစရှိသည့် ကိစ္စရပ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နေသူတစ်ဦးကို ရွေးချယ်နိုင်သည်။ ထိုရွေးချယ်ထားသူ၏ ပုဂ္ဂိုလ်ရေး၊ အောင်မြင်မှုများ၊ လုပ်ဆောင်ချက်များ အစရှိသော အကြောင်းအရာ အသေးစိတ်ကို လေ့လာစုဆောင်းပြီး ထိုသူကြောင့် မည်သို့ ကောင်းမွန်သော လူမှုအပြောင်းအလဲများ ဖော်ဆောင်နိုင်ခဲ့သည်ကို ရေးသားပြုစုပေးပါ။

# အခန်း (၆) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ အသိုင်းအဝိုင်းအတွင်း ခေါင်းဆောင်မှု အပြည့်အဝပေးနိုင်ရန် မည်သို့သော အရည်အသွေးများ ပိုင်ဆိုင်ထားသင့်သနည်း။

၂။ အမျိုးသမီးများ ဦးဆောင်မှုကဏ္ဍတွင် ပါဝင်လာကြခြင်းက လူမှုအသိုင်းအဝိုင်းတို့အတွက် အကျိုးတရားများ ဖန်တီးပေးနိုင်ပါသလား။ အဘယ်ကြောင့်နည်း။

၃။ အမျိုးသမီးများ ဦးဆောင်မှုကဏ္ဍတွင် ပိုမို ပါဝင်လာစေရန် မည်သို့ လှုံ့ဆော်ပေးနိုင်မည်နည်း။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက်ဖွင့်ဆိုပေးပါ။**

၁။ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်။

၂။ လူမှုမီဒီယာများ။

၃။ အသိုင်းအဝိုင်းအတွင်း ဦးဆောင်မှု။

**ဂ။ အောက်ပါ မေးခွန်းတို့ကို အချက်အလက် စုံလင်စွာဖြင့် ဖြေဆိုပေးပါ။**

၁။ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုက အမျိုးသားများထက် အဘယ်ကြောင့် လျော့နည်းနေရသနည်း။

၂။ အမျိုးသားများ နိုင်ငံအုပ်ချုပ်ရေးတွင် ချယ်လှယ်ချုပ်ကိုင်ထားခြင်းက မည်သို့သော အကျိုးရလဒ်များ ဖန်တီးပေးလျက် ရှိသနည်း။

၃။ အမျိုးသမီးများ ခေါင်းဆောင်မှု တာဝန်ယူကြသည့်အခါ အမျိုးသားများ ခေါင်းဆောင်မှုပြုစဉ်တွင် မတွေ့ရတတ်သော မည်သည့် အခက်အခဲ အတားအဆီးများနှင့် ကြုံတွေ့ရတတ်သနည်း။

# အခန်း (၇) မစပီ

**အခန်း (၇) အနှစ်ချုပ် သိမှတ်ဖွယ် - လိင်စိတ်လက္ခဏာ**

ဤအခန်းတွင် လိင်စိတ်လက္ခဏာ အကြောင်းခြင်းရာတို့ ဖော်ပြပါရှိပြီး ‘လိင်စိတ်တိမ်းညွှတ်မှု’၊ ‘ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ စရိုက်လက္ခဏာ’ အစရှိသော ဝေါဟာရတို့ကို လေ့လာသုံးသပ်စေမည် ဖြစ်သည်။ ထို့အပြင် ကမ္ဘာအရပ်ရပ်နှင့် မြန်မာပြည်အတွင်းရှိ လိင်စိတ်ခံယူမှုကို အကြောင်းပြု၍ ဖြစ်ပွားပေါ်ပေါက်ခဲ့သော အခြေအနေတို့ကို လေ့လာစေမည် ဖြစ်ပြီး လူ့အဖွဲ့အစည်းအနေဖြင့် မည်သို့ တုံ့ပြန်ဆောင်ရွက်ခဲ့သည်တို့ကိုပါ ဆန်းစစ်စေမည် ဖြစ်သည်။ ထို့အပြင် ဘဝလက်တွဲဖော်ရှာဖွေရာတွင် ‘လိင်စိတ်တိမ်းညွှတ်မှု’၊ ‘ကျား၊ မ ဖြစ်မှုဆိုင်ရာ စရိုက်လက္ခဏာ’ တို့၏ အရေးပါမှု၊ ခန္ဓာဗေဒတည်ဆောက်ပုံနှင့် လိင်စိတ်ခံယူမှုတို့အစဉ် ကိုက်ညီမှုရှိနိုင်၊ မရှိနိုင်၊ အမျိုးသား၊ အမျိုးသမီးတို့၏ အမူအကျင့်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းအတွင်း သတ်မှတ်ထားချက်များက မည်သို့ သက်ရောက်မှုများ ရှိနိုင်သည် အစရှိသည်တို့ကိုပါ လေ့လာသုံးသပ်စေမည် ဖြစ်သည်။ နောက်ဆုံးတွင် လိင်တူချင်းချစ်ခင်ခြင်းနှင့် ၎င်းတို့အနေဖြင့် မည်သို့သော လူမှုပြဿနာရပ်များနှင့် ရင်ဆိုင်ကြုံတွေ့လျက် ရှိသည်ကို ဆန်းစစ်စေမည် ဖြစ်သည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။

– ‘လိင်စိတ်တိမ်းညွှတ်မှု’ အကြောင်းခြင်းရာများနှင့် ‘ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ။’

– လိင်စိတ်ခံယူမှုနှင့် ‘ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ’ အကြောင်းပြု၍ ခေါ်ဝေါ်သုံးနှုန်းတတ်သော ဝေါဟာရများ။

– ကမ္ဘာနှင့် မြန်မာမှ LGBT အသိုင်းအဝိုင်းများအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေအရပ်ရပ်။

– LGBT အသိုင်းအဝိုင်းတို့အတွက် ဆောင်ရွက်ပေးနိုင်သည့် လူမှုအပြောင်းအလဲများ၊ လှုပ်ရှားမှုများ။

– ဟိုမိုဖိုးဘီးယား (Homophobia) ၏ လူ့အဖွဲ့အစည်း အပေါ် သက်ရောက်မှုများ။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည် ဖြစ်သည်။

– ‘လိင်စိတ်ခံယူမှု’ အမျိုးမျိုးနှင့် ‘ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ စရိုက်လက္ခဏာများ’၊ ၎င်းတို့ကို မည်သို့ ကိုယ်စားပြုသုံးနှုန်းတတ်ကြသည် အစရှိသည်တို့ကို ခွဲခြမ်းစိတ်ဖြာနိုင်လာမည်။

– ‘လိင်စိတ်ခံယူမှု’ နှင့် ‘ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ’ တို့အကြား မည်သို့ ကွဲပြားခြားနားသည်ကို သိမြင်လာနိုင်မည် ဖြစ်သည်။

– ဒေသတွင်း LGBT အသိုင်းအဝိုင်းတစ်ရပ်အကြောင်း မှတ်သား သိရှိလာနိုင်မည်။

– အဆိုပါ အသိုင်းအဝိုင်းများ ရင်ဆိုင်ခံစားနေရသော ပြဿနာရပ်များနှင့် ၎င်းတို့ကို မည်သို့ အဖြေရှာ ဆောင်ရွက်နိုင်သည်တို့ကိုပါ လေ့လာသုံးသပ်လာနိုင်မည်။

– အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတွင် ရှိသင့်သော စရိုက်လက္ခဏာရပ်များနှင့် လိင်စိတ်ခံယူမှုတို့အကြား မည်သို့ ဆက်နွှယ်နေသည်ကို တွေးဆ ဆင်ခြင်လာစေမည်။

– ယောက်ျားဆန်ခြင်းနှင့် ပတ်ဝန်းကျင်၏ လွှမ်းမိုး သက်ရောက်မှုများကိုပါ သိမြင်လာခြင်း။

– ဟိုမိုဖိုးဘီးယား (Homophobia) ဆိုင်ရာ အချက်အလက်များနှင့် ဥပမာများကိုပါ လေ့လာသိရှိလာနိုင်မည်။

– ဟိုမိုဖိုးဘီးယား (Homophobia) အမြစ်တွယ်ရခြင်း၏ အကြောင်းရင်း၊ အကျိုးဆက်တို့ကို ဆင်ခြင်လာနိုင်မည် ဖြစ်သည်။

# အခန်း (၇) လိင်စိတ်လက္ခဏာ



## ၇.၁ လိင်စိတ်တိမ်းညွတ်မှု

**က။** 'လိင်စိတ်တိမ်းညွှတ်မှု' နှင့် 'ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ' တို့အကြား မည်သို့ ဆက်နွယ်နေကြသနည်း။ ထိုအကြောင်းအရာတို့ကို သိနားလည်ထားသင့်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

**ခ။** အတိတ်တွင် ထားရှိဖူးသော မိမိ၏ လက်တွဲဖော် (ချစ်သူရည်းစား) နှင့် အနာဂတ်တွင် ထားရှိလိုသည့် လက်တွဲဖော်တို့အကြောင်း ပုံဖော်စိတ်ကူးပြီး ထိုပုဂ္ဂိုလ်အပေါ် အဘယ့်ကြောင့် စိတ်ဝင်စားမှုရှိသည်ကို ပြုစုရေးသားပေးပါ။ ထိုပြုစုထားသည်တို့ကို အတန်းဖော်တစ်ဦးနှင့် ဆွေးနွေးဖြေဆိုပြီး မည်သို့သော တူညီမှုများ၊ ကွဲပြားမှုများ ရှိသည်ကို ဆန်းစစ်ပါ။

**ဂ။** အောက်ပါ စာပိုဒ်တို့ကို ဖတ်ရှုပြီး ဆိုလိုရင်းကို သုံးသပ်ပေးပါ။




'လိင်စိတ်တိမ်းညွှတ်မှု' ဟူသော အသုံးသည် လူသားတစ်ဦးအပေါ်တစ်ဦး ထားရှိသည့် ခံစားမှုဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်အခြေအနေအားလုံးကို ကိုယ်စားပြုနေသည့် ဝေါဟာရစကားလုံး ဖြစ်သည်။ ထိုစိတ်အခြေအနေများတွင် တစ်ဦးအပေါ်တစ်ဦး တဏှာ၊ မေတ္တာတရားတို့ထားကာ ချစ်ခင်ခြင်း၊ ဘဝလက်တွဲဖော်အဖြစ် ပေါင်းဖက်နေထိုင်ခြင်း အစရှိသည်တို့ပါ အကျုံးဝင်ပေသည်။ ထိုကဲ့သို့ ချစ်ခင်ကြင်နာကြရာတွင်လည်း လိင်တူခြင်း ချစ်ခင်ခြင်း (Homosexual)၊ လိင်မတူသူကို စိတ်ဝင်စားခြင်း (Heterosexual)၊ လိင်တူလိင်ကွဲ နှစ်ဦးစလုံးနှင့် ပေါင်းဖက်ခြင်း (Bisexual) အစရှိသည်ဖြင့် ကွဲပြားနိုင်ပေသေးသည်။ 'လိင်စိတ်တိမ်းညွှတ်မှု' ကို ဖွင့်ဆိုရာတွင်လည်း အမျိုးမျိုး ဖွင့်ဆိုတတ်ကြသည်။ ထိုသို့ ဖွင့်ဆိုပုံခြားနားမှုများကို သမိုင်းတွင်လည်း တွေ့နိုင်သည်၊ အရပ်ဒေသအလိုက်လည်း ကွဲပြားနိုင်ပေသေးသည်။ အင်္ဂလိပ်စကားပြော တိုင်းပြည်တို့တွင် လိင်စိတ်ခံယူမှုတို့ကို ယေဘုယျအားဖြင့် အမျိုးအစား ၄ မျိုး ခွဲခြားထားပေသည်။ ၎င်းတို့မှာ အမျိုးသမီးအချင်းချင်း စိတ်ဝင်စားသူ (Lesbian)၊ အမျိုးသားအချင်းချင်း စိတ်ဝင်စားသူ (Gay)၊ လိင်တူလိင်ကွဲ နှစ်ဦးစလုံး စိတ်ဝင်စားသူ (Bisexual)၊ မိမိတို့၏ လိင်စိတ်အတိုင်း ပြောင်းလဲပြုမူနေထိုင်သူ (Transgender) စသည်တို့ ဖြစ်ကြသည်။ ၎င်းကို LGBT ဟုလည်း အတိုကောက် သုံးနှုန်းတတ်ကြသည်။

*Source: David Gilbret, Researcher*

### မြန်မာနိုင်ငံ၏ ပထမဆုံးသော LGBT အခမ်းအနား ကျင်းပ

*By LAWI WENG/THE IRRAWADY/Thursday, May 17, 2012*



မေလ ၁၇ ရက်၊ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော LGBT အခမ်းအနားကို ကျင်းပနိုင်ခဲ့သည်။ အဆိုပါပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ NGO အဖွဲ့အစည်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများ အစရှိသည့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက် အားပေးခဲ့ကြပြီး ဟောပြောမှုများ၊ ပြဇာတ်များ၊ ပညာပေးဇာတ်လမ်းတိုများ ပြသပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ် တိုးတက်မှုများကြောင့် LGBT အသိုင်းအဝိုင်းများအနေဖြင့် ရေးယခင်ကထက် ပြောဆိုခွင့်များ ရရှိလာခဲ့ပြီး လွတ်လပ်မှု ပိုမို ရရှိလာကြကြောင်းကိုလည်း ဧရာဝတီ သတင်းဌာနသို့ ပြောကြားသည်။

သို့ရာတွင် အဆိုပါ အသိုင်းအဝိုင်းတို့အပေါ် ဖိနှိပ်မှုများ၊ ပစ်ပယ်ထားမှုများမှာ ဆက်လက် တည်ရှိနေဆဲဖြစ်ကြောင်း HREIB (Human Rights Education Institute of Burma) အဖွဲ့မှ ဦးအောင်မျိုးမင်းက ပြောကြားခဲ့သည်။ အထူးသဖြင့် နယ်ဒေသများတွင် ပညာရေးအခြေအနေတို့ကြောင့် ထိုကဲ့သို့သော ဖိနှိမ်မှုများမှာ အမြစ်တွယ်လျက်ရှိသေးကြောင်း ထပ်လောင်း ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော LGBT ဆိုင်ရာ ပညာပေး တီဗွီအစီအစဉ်တစ်ရပ်ဖြစ်သည့် Color Rainbow TV အစီအစဉ်ကိုလည်း ၂၀၁၁ ခုနှစ်တွင် ရိုက်ကူးအကောင်အထည်ဖော်နိုင်ခဲ့သည်။ အဆိုပါ အစီအစဉ်တွင် ကမ္ဘာအရပ်ရပ်နှင့် မြန်မာပြည်တွင်းမှ LGBT ဆိုင်ရာ သတင်းအချက်အလက်တို့ကို ဝေမျှပေးလျက် ရှိပေသည်။

*Source: adapted from http://www.irrawaddy.org/archives/4461*

## ၇.၂ ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ

**က။** အမျိုးသားအဖြစ် မွေးဖွားခဲ့သော်လည်း မိမိကိုယ်ကို အမျိုးသမီးဟု ခံယူထားသူကို လူ့အဖွဲ့အစည်းအတွင်း မည်သို့ ခေါ်ဝေါ်သတ်မှတ်တတ်ကြသနည်း။ ထို့အတူ အမျိုးသမီးတစ်ဦးအဖြစ် မွေးဖွားခဲ့သော်လည်း မိမိကိုယ်ကို အမျိုးသားဟု ခံယူထားတတ်ကြသူတို့ကို မည်သို့ ခေါ်ဝေါ်သတ်မှတ်တတ်ကြသနည်း။



ခ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်း (က) တွင် ဖြေဆိုခဲ့သည့် အချက်များနှင့် နှိုင်းယှဉ်ကြည့်ပါ။



အိန္ဒိယပြည်ရှိ ဟီဂျာ (ခေါ်) တတိယလိင်တို့သည် လူမှုအသိုင်းအဝိုင်း၏ လျစ်လျူရှုခြင်းကို ခံစားနေကြရသည်။ သို့ရာတွင် ထိုအသိုင်းအဝိုင်းအတွင်း မြင်သာသော ဖြစ်ပေါ်ပြောင်းလဲမှုများ တွေ့မြင်နေရပြီး ၂၀၀၀ ခုနှစ်တွင် ဟီဂျာတစ်ဦးဖြစ်သူ ရှာဘ်နမ်မာစီသည် အိန္ဒိယပြည်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံခဲ့ရသည်။

လူသားတိုင်းသည် မွေးဖွားစဉ်ကတည်းက ယောကျ်ားကလေးဖြစ်သည်၊ မိန်းကလေးဖြစ်သည် ဟူ၍ ခန္ဓာဗေဒအရ သတ်မှတ်ထားပြီး ဖြစ်သည်။ ထိုအချက်အပေါ် အခြေခံ၍ပင်လျှင် မွေးစာရင်းတွင် ထည့်သွင်း ဖော်ပြထားကြပြီး မိဘဘိုးဘွားတို့ကလည်း ယောကျ်ားကလေး ဆိုလျှင် ယောကျ်ားဆန်ဆန်နာမည်၊ မိန်းကလေးဆိုလျှင်လည်း မိန်းကလေးနှင့် ကိုက်ညီမည့် အမည်နာမတို့ကို ခေါ်ဝေါ်သမုတ်ထားတတ်ကြသည်။

ယေဘုယျအားဖြင့် အမျိုးသား၊ အမျိုးသမီးတို့သည် မိမိတို့ မွေးရာပါ လက်ရှိ လိင်အပေါ် လက်ခံလေ့ရှိကြပြီး သက်ဆိုင်ရာ စရိုက်လက္ခဏာများနှင့်အညီ ပြုမူကျင့်ကြံတတ်ကြသည်။ သို့ရာတွင် အချို့သော အမျိုးသား၊ အမျိုးသမီးတို့မှာ မိမိတို့ မွေးဖွားစဉ်က ခန္ဓာဗေဒ တည်ဆောက်ပုံနှင့် လိင်စိတ်ခံယူမှုတို့မှာ ထပ်တူမကျနိုင်သည့် အခြေအနေမျိုးကိုလည်း ကြုံတွေ့ရတတ်သည်။ အမျိုးသားအဖြစ် မွေးဖွားခဲ့သော်လည်း အမျိုးသမီးစိတ်ပေါက်နေခြင်း၊ အမျိုးသမီးဖြစ်သော်လည်း အမျိုးသားတစ်ဦး ကဲ့သို့သော ပြုမူနေထိုင်ခြင်းတို့ကို တွေ့မြင်ရသည်။ ထိုကဲ့သို့သော အခြေအနေမျိုးကို အင်္ဂလိပ်ဘာသာဖြင့် (Transgenders) ဟူ၍ သတ်မှတ်ခေါ်ဝေါ်တတ်ကြသည်။ အချို့သော ပုဂ္ဂိုလ်တို့မှာ မွေးဖွားစဉ်ကတည်းက အမျိုးသားဖြစ်သည်၊ အမျိုးသမီး ဖြစ်သည်ဟူ၍ ပီပီပြင်ပြင် ပိုင်းခြားနိုင်မှု မရှိသည်ကိုလည်း တွေ့ရသည်။ ထိုသူတို့အနေဖြင့် အမျိုးသား၊ အမျိုးသမီးတန်ဆာ နှစ်ရပ်လုံး ပါရှိနေတတ်ပြီး ဥဘတောဗျည်းဟု ပါဠိဘာသာအရ ခေါ်ဆိုသည်။ ထိုသူများမှာ မွေးစာရင်းသွင်းရာ၌ အခက်အခဲ ကြုံတွေ့ရတတ်ပြီး အချို့မှာလည်း ဆရာဝန်တို့၏ အကူအညီဖြင့် အမျိုးသား (သို့) အမျိုးသမီးအဖြစ် သတ်သတ်မှတ်မှတ် ပြောင်းလဲနေထိုင်တတ်ကြသည်။

ထိုကဲ့သို့ ပြောင်းလဲနေထိုင်ကြခြင်းကို အချို့ကလည်း လက်မခံချင်ကြချေ။ ထို့ကြောင့်ပင်လျှင် အချို့မှာ အသက်အရွယ်ကြီးရင့်မှ ပြောင်းလဲနေထိုင်ခြင်း၊ အချို့ကလည်း မိမိကိုယ်ကို အမျိုးသားအဖြစ်ရော၊ အမျိုးသမီးအဖြစ်ပါ ကျင့်သုံးနေထိုင်ခြင်း အစ ရှိသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် ရှင်သန်နေထိုင်လျက် ရှိကြပေသည်။

*Source: http://www.stonewall.org.uk*

ဂ။ ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး ဆိုလိုရင်းကို သုံးသပ်ပေးပါ။

ဃ။ မျဉ်းသားထားသည့် ဝေါဟာရစကားလုံးတို့ကို ကြည့်ရှုပြီး လူ့အသိုင်းအဝိုင်းအတွင်း မည်သို့သော အချက်တို့အပေါ် အခြေခံလျက် အမျိုးသားဖြစ်သည်၊ အမျိုးသမီးဖြစ်သည်ဟု သတ်မှတ်တတ်ကြသည်ကို ဖော်ပြပေးပါ။

'လိင်စိတ်အရ ပြုကျင့်နေထိုင်မှု' (Gender Expressions) ဆိုသည်မှာ လူ့အဖွဲ့အစည်းက သတ်မှတ်ထားသည့် 'အမျိုးသား ဆန်ခြင်း'၊ 'အမျိုးသမီးဆန်ခြင်း' စသော စံနှုန်းများအတိုင်း ပြုမူနေထိုင်ခြင်းများ၊ စရိုက်သဘာဝများပင် ဖြစ်သည်။ ထိုသို့ ပိုင်းဖြတ်ရာတွင် **အဝတ်အစား၊ ဆံပင်၊ ကိုယ်လက်လှုပ်ရှားမှု၊ ပြောဆိုပြုမူပုံ၊ ဆက်ဆံမှုပုံစံ** အစရှိသည်တို့ကို ကြည့်ရှုသုံးသပ် တတ်ကြပေသည်။ ထို့အပြင် ထိုသို့ သတ်မှတ်ရာ၌ ယဉ်ကျေးမှုများ၊ လူမှုစရိုက်လက္ခဏာများကိုပါ ထည့်သွင်းစဉ်းစားကြရမည် ဖြစ်သည်။ အချို့သော လူ့အဖွဲ့အစည်းများအတွင်း အပြုအမူ အနေအထိုင်တစ်ရပ်ရပ်ကို အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ပြုမူသင့်သည်ဟု သတ်မှတ်ထားနိုင်သော်လည်း ယဉ်ကျေးမှုချင်း မတူညီသည့် လူမှုအဖွဲ့အစည်းတစ်ရပ်တွင်မူ ပုံစံတစ်မျိုးဖြင့် လက်ခံကျင့်သုံးနိုင်ပေသည်။

*Source: http://www.hrc.org/issues/ Gender_identity_terms_definitions.asp*

င။ လိင်တူချစ်သူများကို အမျိုးသားဖြစ်လျှင် Gay၊ အမျိုးသမီးဖြစ်လျှင် Lesbian ဟူ၍ အင်္ဂလိပ်စကားတွင် သုံးနှုန်းတတ်ကြသည်။ ထိုစကားလုံးတို့နှင့် အဓိပ္ပာယ်ဆင်တူသည့် ဝေါဟာရများ မြန်မာစကားတွင်ရှိ၊ မရှိ ဖော်ပြပေးပါ။

ပြီးနောက် အောက်ပါ စာပိုဒ်ကို ဖတ်ရှု၍ ဝေဖန်သုံးသပ်ပေးပါ။

## မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လိင်စိတ်ခံစားမှုနှင့် ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာများ

မြန်မာ့လူမှုအသိုင်းအဝိုင်းရှိ လိင်စိတ်ခံယူမှုအခြေအနေများ၊ ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာရပ်များမှ အနောက်တိုင်း ယဉ်ကျေးမှုတို့နှင့် နှိုင်းယှဉ်ပါက မတူကွဲပြားမှုများ ရှိသည်ကို တွေ့ရှိရပေသည်။ ယေဘုယျအားဖြင့် မြန်မာ့လူ့အဖွဲ့အစည်းရှိ လိင်တူချစ်သူများအပေါ် အောက်ပါအတိုင်း သုံးနှုန်းသတ်မှတ်ထားကြသည်။

- သူငယ် – အမျိုးသားများ ဖြစ်ကြပြီး အများအားဖြင့် အမျိုးသမီးတို့အပေါ်တွင်သာ စိတ်ဆန္ဒရှိတတ်ကြသော်လည်း အခြားသော လိင်တူချစ်သူများဖြစ်သည့် အပုန်း၊ အပွင့်တို့အပေါ်တွင်လည်း စိတ်ဆန္ဒရှိတတ်ကြသည်။
- အပုန်း – အမျိုးသားများ ဖြစ်ကြပြီး ယောကျ်ားဆန်ဆန်သာ ပြုမူနေထိုင်တတ်ကြသည်။ သို့ရာတွင် အမျိုးသားများ အပေါ်၌သာ စိတ်ဝင်စားတတ်ကြပြီး သူတို့၏ အပြုအမူတို့ကြောင့် ထိုအချက်ကို ခန့်မှန်းနိုင်ရန် ခဲယဉ်းသည်။
- အပွင့် (ခ) မိန်းမလျာ – အမျိုးသားအချင်းချင်း စိတ်ဝင်စားတတ်ကြပြီး အမျိုးသမီးတစ်ဦးကဲ့သို့သာ ပြုမူနေထိုင်တတ်ကြသည်။
- ယောကျ်ားလျာ – အမျိုးသမီးများ ဖြစ်ကြပြီး အမျိုးသားတစ်ဦးအသွင် နေထိုင်တတ်ကြသည်။ အမျိုးသမီးများ အပေါ်တွင်သာ စိတ်ခံစားမှု ရှိတတ်ကြသည်။
- အမျိုးသမီး – အမျိုးသားများအပေါ်၌ စိတ်ခံစားမှု ရှိတတ်ကြပြီး အချို့သည် ယောကျ်ားလျာများကို စိတ်ဝင်စားတတ်ကြသည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လိင်တူချင်းချစ်ခင်ခြင်းမှာ ကန့်ကွက်တားမြစ်မှုများနှင့် ကြုံတွေ့ကြရဆဲဖြစ်ပြီး ၎င်းတို့ ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင်တို့တွင် လှောင်ပြောင်ကဲ့ရဲ့မှုများ ခံစားကြရသည်။ ထိုကဲ့သို့ လှောင်ပြောင်သရော်မှုများမှာ ကျောင်း၊ ရပ်ကွက်အတွင်း၊ အသိုင်းအဝိုင်းအတွင်းမှာသာမက မိသားစုအတွင်းတွင်ပါ ကြုံတွေ့နေကြရကြောင်း တွေ့ရှိရသည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပါ ရံဖန်ရံခါ ကြုံရတတ်သည်။ ယောကျ်ားလျာလေးအချို့တို့သည် ကာမဆက်ဆံရာမှ မူလအမျိုးသမီးစိတ် ပြန်လည်ပေါ်ပေါက်နိုင်သည်ဟူသော အယူဖြင့် အမျိုးသားအချို့တို့က အဓမ္မအကြမ်းဖက်မှုများ ပြုကျင့်တတ်ကြပေသည်။


အချို့သော မိန်းမလျာတို့၏ မိဘဘိုးဘွားတို့မှာလည်း မိမိတို့ သားဖြစ်သူ၏ လိင်စိတ်ခံယူမှုအပေါ် လက်ခံလိုစိတ် မရှိကြချေ။ အချို့မှာလည်း အမွေဖြတ် စွန့်ပစ်ခံကြရသည်။ ဤသည်တို့က စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ဖြစ်ထွန်းပေါ်ပေါက်နိုင်ပေသည်။ ၎င်းတို့အနေဖြင့် အလုပ်ခွင်တွင်လည်း ခွဲခြားဆက်ဆံမှုများနှင့် ကြုံတွေ့ကြရပေသည်။ အဓိက အကြောင်းရင်းမှာ မိမိတို့ လိင်စိတ်ခံယူမှုအတိုင်းသာ ဝတ်စားနေထိုင်လိုကြသောကြောင့်ဖြစ်ပြီး အလုပ်ခွင်တွင်မူ အမျိုးသားဆိုလျှင် အမျိုးသားယူနီဖောင်း၊ အမျိုးသမီးဆိုလျှင်လည်း အမျိုးသမီးယူနီဖောင်း သတ်မှတ်ဝတ်ဆင်ကြရသောကြောင့် ဖြစ်ပေသည်။ တချို့သော မိန်းမလျာ၊ အပုန်း၊ အပွင့်များသည် ရာထူးတက်ခြင်းမှ တားဆီးခြင်းခံရသည်။

အဆိုပါ လိင်တူချစ်သူများအနေဖြင့် ထိမ်းမြားလက်ထပ်ကြရာတွင်လည်း ဥပဒေဆိုင်ရာ ခံစားပိုင်ခွင့်များ၊ အခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိသည်ကို လေ့လာတွေ့ရှိရပေသည်။

*Source: David Gilbret,Researcher*

စ။ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များအနေဖြင့် မည်သို့သော လူမှုပြဿနာများနှင့် ကြုံတွေ့နေရသည်ကို ဖော်ပြပေးပါ။

ဆ။ ‘လိင်စိတ်တိမ်းညွှတ်မှု’ နှင့် ‘ကျား၊ မ ဖြစ်မှုဆိုင်ရာ လက္ခဏာ’ တို့အကြား မည်သို့ ကွဲပြားခြားနားသည်ကို ဖော်ပြပေးပါ။




## ၇.၃ ‘ယောက်ျားဆန်ခြင်း’ နှင့် ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ

က။ မိမိတို့၏ လူ့အဖွဲ့အစည်းအတွင်း အမျိုးသားတစ်ဦး ကျင့်ကြံသင့်သော အပြုအမူ၊ အမျိုးသမီးတစ်ဦး ကျင့်သုံးရမည့် အမူအကျင့်ဟူ၍ ခွဲခြားသတ်မှတ်ထားပါသလား။ သင်ခန်းစာ (၇.၂)၊ မေးခွန်း (ဃ) တွင် ဖြေဆိုထားချက်များနှင့် တိုက်ဆိုင်စစ်ဆေးပေးပါ။ ထိုကဲ့သို့ ထုံးတမ်းဓလေ့တို့အရ အမျိုးသား၊ အမျိုးသမီးဆိုင်ရာ စရိုက်လက္ခဏာတို့ ခွဲခြားသတ်မှတ်ထားခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ဖော်ပြပေးပါ။

ခ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။ ပြီးနောက် မေးခွန်း (က) တွင် ဖြေဆိုထားချက်များနှင့် တိုက်ဆိုင်စစ်ဆေးပေးပါ။

‘ဖို ဝါဒ’ ဆိုင်ရာ သတ်မှတ်ထားချက်တို့မှာ ခေတ်စနစ်တို့ ပြောင်းလဲလာမှုနှင့်အတူ ရှုပ်ထွေးမှုများ ရှိလာကြောင်း တွေ့ရှိရပေသည်။ ငယ်ရွယ်စဉ်အချိန်ကပင်လျှင် ယောက်ျားငယ်လေးတစ်ဦးအနေဖြင့် ‘ယောက်ျားပီသသူ၊ အမျိုးကောင်းသား’ တစ်ဦး ပြုမူကျင့်ကြံသင့်သည်တို့ကို ပတ်ဝန်းကျင်မှ သင်ကြားလေ့လာတတ်ကြသည်။ ထိုသို့ မြင်ကြားသိရှိထားချက်များ အတိုင်းလည်း ပြုမူနေထိုင်တတ်ကြပေသည်။ ထိုကဲ့သို့ ကျားဆန်ဆန် မနေထိုင်တတ်သူများကို အားပျော့သူ၊ အရှုံးသမားများအသွင် သတ်မှတ်တတ်ကြပြန်သေးသည်။

ထိုကဲ့သို့ သတ်မှတ်ထားချက်များက အမျိုးသားများ၏ ကျန်းမာရေးကို ထိခိုက်စေပြီး၊ မိမိကိုယ်ကို တန်ဖိုးထားမှုကိုလည်း လျော့ကျစေသည်။ ယောက်ျားလေးအချို့တို့မှာ မိမိတို့၏ စိတ်ခံစားမှု အမှန်များကို ဖုံးကွယ်တတ်လာကြပြီး ယောက်ျားပီသမှသာ လူရာဝင်မည်၊ လူလေးစားခံရမည်ဟု ခံယူလာကြသည်။ ဆွဲဆောင်မှုရှိခြင်း၊ သန်မာခြင်း၊ ဉာဏ်ကောင်းခြင်း၊ လွှမ်းမိုးနိုင်စွမ်းရှိခြင်း အစရှိသည်တို့မှာ ယောက်ျားတစ်ဦးတွင် ရှိသင့်သည့် လက္ခဏာရပ်များဟု နိုင်ငံတော်တော်များများတွင် ယုံကြည်ထားကြသည်။ လက်တွေ့တွင် ထိုအရည်အသွေးတိုင်းကို လူငယ်အမျိုးသားတိုင်း ပိုင်ဆိုင်ထားနိုင်ခြင်း မရှိကြ။ ဤကဲ့သို့ အမျိုးသားငယ်တို့ ရင်ဆိုင်ကြုံတွေ့နေရသော ဖိအားများကို လေ့လာသိရှိထားခြင်းက မိမိတို့ ပတ်ဝန်းကျင်ရှိ လူငယ်များအား ပြုစုပျိုးထောင်ပေးရာတွင် အထောက်အကူပြုနိုင်ပေသည်။

လေ့လာသုတေသနပြုချက်များအရ အမျိုးသားများသည် သန်မာကြောင်း၊ ယောက်ျားပီသကြောင်း ပြသရန် ပတ်ဝန်းကျင်၏ ဖိအားပေးခြင်းခံရသည်။ ထိုသို့ပြသနိုင်ရန်အတွက်လည်း အချို့သော ကာလသားတို့မှာ သက်ဝံ့စံဖျား မှတ်ကျောက်တင်တတ်ကြပေသေးသည်။ ကျန်းမာရေးဆိုင်ရာ စာရင်းဇယားများအရ ကားမတော်တဆမှုများ၊ ရန်ပွဲများ၊ အရက်အလွန်အကျွံ သောက်သုံးမှုများ၊ ရာဇဝတ်မှုများ အစရှိသည်တို့မှာ အမျိုးသားတို့၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေတို့အပေါ် တည်မှီနေကြသည်ကိုလည်း တွေ့ရှိရပေသည်။ ထိုကဲ့သို့သော ပြဿနာတို့၏ အကျိုးဆက်များကို လူငယ်အမျိုးသားတို့အနေဖြင့် ဆင်ခြင်နိုင်ကြမည် ဖြစ်သော်လည်း အရဲစွန့်ခြင်းကိုပင် ယောက်ျားဆန်သော အပြုအမူတစ်ရပ်အသွင် ခံယူတတ်ကြပြန်သေးသည်။

*Source: Gender Matters(2007) by the Council of Europe*

**ဂ။** အောက်ပါ မေးခွန်းတို့ကို ဆွေးနွေးဖြေဆိုပါ။

၁။ မိမိတို့ လူ့အဖွဲ့အစည်းတွင် အမျိုးသားများသည် သန်မာမှု ရှိသင့်သည်ဟု သတ်မှတ်ထားခြင်း ရှိပါသလား။

၂။ အမျိုးသားမှန်လျှင် သတ္တိရှိရှိ ပြုမူသင့်သည်ဟု လက်ခံသတ်မှတ်ချက်များ ရှိပါသလား။

၃။ အမျိုးသမီးများအနေဖြင့် အမျိုးသားတို့ သတ္တိရှိစွာ ပြုမူကျင့်ကြံမှုများကို မည်သို့ ရှုမြင်ကြသနည်း။ အားပေးတိုက်တွန်းမှုများ ရှိပါသလား။ မည်သို့ တိုက်တွန်းတတ်ကြသနည်း။

၄။ ရဲရဲဝင့်ဝင့် ဆောင်ရွက်တတ်သော အမျိုးသမီးများကို စာဖတ်သူ၏ လူမှုပတ်ဝန်းကျင်တွင် မည်သို့ ရှုမြင်ကြသနည်း။

## ၇.၄ ဟိုမိုဖိုးဘီးယား (Homophobia) (လိင်တူချစ်သူများကို မုန်းတီးမှု)

**က။** ဟိုမိုဖိုးဘီးယား (Homophobia) ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကြောင့် ထိုစရိုက်လက္ခဏာမျိုး တည်ရှိနေသနည်း။

**ခ။** ဖော်ပြပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ ဟိုမိုဖိုးဘီးယား (Homophobia) ၏ စရိုက်လက္ခဏာရပ်များကို ဖော်ပြပေးပါ။

၂။ ဟိုမိုဖိုးဘီးယားကြောင့် မည်သို့သော အကျိုးဆက်များ ခံစားနေရသည်ဟု ဖော်ပြထားသနည်း။

၃။ လိင်တူချင်း ချစ်ခင်ခြင်းကို တားမြစ်သည့် ဥပဒေများ မြန်မာနိုင်ငံတွင်ရှိ၊ မရှိ ဆန်းစစ်ပေးပါ။

၄။ စာဖတ်သူအနေဖြင့် (Homophobia) အပေါ် မည်သို့ လက်ခံထားသနည်း။ ထိုသို့သော ခွဲခြားမှုများကို ကန့်သတ်တားမြစ်သည့် ဥပဒေများ ရှိသင့်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

ဟိုမိုဖိုးဘီးယား (Homophobia) ဆိုသည်မှာ လိင်တူချစ်တူများအပေါ် ခွဲခြားမှု၊ ရွံရှာမှု၊ ဖိနှိပ်မှု အစရှိသည့် အမူအကျင့်တို့ကို ဆိုလိုသည်။




ဟိုမိုဖိုးဘီးယားကို ပုံစံအမျိုးမျိုးဖြင့် တွေ့နိုင်ပေသည်။ တစ်ခါတစ်ရံတွင် အကြမ်းဖက် အပြုအမူများထိ ပါဝင်နိုင်ပေသေးသည်။ ဥပမာဆိုလျှင် ယောကျ်ားလျာများကို အမျိုးသမီးစိတ်ပြန်ပေါက်ရန် အဓမ္မပြုကျင့်ခြင်းတို့ ပါဝင်သည်။ ထို့အတူ မိန်းမလျာဖြစ်နေ၍ လုပ်ငန်းခွင်မှ ထုတ်ပယ်ခံရခြင်း၊ အလုပ်ရှာဖွေခွင့် မရရှိခြင်း အစရှိသော အခြေအနေများပါ အကြုံးဝင်လေသည်။

ဖော်ပြပါ ခွဲခြားမှုများတွင် အပြုအမူဖြင့်သာမက၊ စကားလုံးများဖြင့် လှောင်ပြောင်ခြင်းမျိုးတို့ကိုပါ တွေ့ရှိနိုင်ပေသည်။ ထိုလှောင်ပြောင်သရော်သည့် စကားအသုံးအနှုန်းများ အပြောအဆိုများသည် လိင်တူချင်း စိတ်ဝင်စားသူတို့၏ လိင်စိတ်တိမ်းညွတ်မှုနှင့် စရိုက်သဘာဝတို့ကို အခြေခံပြီး သရော်ကဲ့ရဲ့တတ်ကြသည်ကိုလည်း တွေ့ရသည်။

ထိုကဲ့သို့သော အခြေအနေမျိုးကို လူမှုအဖွဲ့အစည်းတိုင်းလိုလိုတွင် တွေ့မြင်နေကြရပြီး မိသားစုအတွင်း၊ ကိုးကွယ်ရာ ဘာသာတူသူအချင်းချင်း၊ မီဒီယာသတင်းတို့နှင့် ဥပဒေဆိုင်ရာ လျစ်လျူရှုမှုများအထိ ကမ္ဘာ့အသီးသီးတွင် အဆိုပါ ဖိနှိပ်မှုများကို ကြားသိနေရသည်။ လက်ရှိအချိန်တွင် မိန်းမလျာများကို သေဒဏ်ချမှတ်သည့် နိုင်ငံ (၁၀) နိုင်ငံရှိပြီး အချို့တိုင်းပြည်များတွင်လည်း လိင်တူခြင်း ချစ်ခင်ခြင်းကို တရားဥပဒေနှင့် မကိုက်ညီသော လုပ်ရပ်အဖြစ် ရှုမြင်နေဆဲ ဖြစ်ပေသည်။

*Source: International Day Against Homophobia; stonewall.org.uk.*

ဂ။ အောက်ပါ ဖြစ်ရပ်တို့ကို လေ့လာသုံးသပ်ပြီး မည်သည်တို့က ခွဲခြားဆက်ဆံမှုများ ဖြစ်သည်ကို ရွေးထုတ်ပေးပါ။

၁။ အလုပ်ရှင်တစ်ဦးအနေဖြင့် လိင်တူချစ်သူများအပေါ် လှောင်ပြောင်ကဲ့ရဲ့သည့် စကားအသုံးအနှုန်းများကို ရုံးတွင် မကြာခဏ ပြောဆိုလေ့ရှိသည်။

၂။ ၁၅ နှစ်အရွယ် အမျိုးသားလူငယ်တစ်ဦးအနေဖြင့် သူ၏ ဝတ်စားနေထိုင်ပုံတို့မှာ ခပ်နွဲ့နွဲ့ဖြစ်နေ၍ ကျောင်းတွင် အလှောင်အပြောင် ခံရသည်။

၃။ လိင်တူစုံတွဲနှစ်ဦး ခရီးထွက်လာကြပြီး ဟိုတယ်တစ်ခုတွင် တည်းရန် စုံစမ်းမေးမြန်းနေသည်။ ထိုဟိုတယ်တွင် အခန်းလွတ် အများအပြား ရှိနေသေးသော်လည်း မန်နေဂျာဖြစ်သူက အခန်းမရှိတော့ကြောင်း ပြန်လည်ပြောဆိုသည်။

၄။ အမျိုးသားမှ အမျိုးသမီးအဖြစ်သို့ လိင်စိတ်ခံယူမှုအတိုင်း ပြုပြင်ပြောင်းလဲနေထိုင်နေသူတစ်ဦးအား ရုံးရှိ အမျိုးသမီး သန့်စင်ခန်းကို အသုံးမပြုရန် သတိပေးထားသည်။ မန်နေဂျာ၏ အဆိုအရ အခြားဝန်ထမ်းများက မနှစ်မြို့ကြသောကြောင့်ဟု ဆိုသည်။

၅။ ယောကျ်ားလျာတစ်ဦးသည် ရုံးတက်သည့်အခါတိုင်း ရှပ်အင်္ကျီနှင့် ဘောင်းဘီကိုသာ ဝတ်ဆင်လေ့ရှိသည်။ ရုံးရှိ အကြီးအကဲက သူ့ကို စကပ်နှင့် အမျိုးသမီးယူနီဖောင်းတို့သာ ဝတ်ဆင်ရန် သတိပေးထားသည်။

ဃ။ အထက်ပါ ဖြစ်ရပ်တစ်ခုချင်းစီအတွက် မည်သူတို့က အဖိနှိပ်ခံကြရသည်၊ မည်သို့ မည်ပုံ ခံစားကြရသည်၊ အဘယ်ကြောင့် ထိုသို့ ခံကြရသည်ကို ဆွေးနွေးသုံးသပ်ပေးပါ။ ထိုပြဿနာရပ်တို့ကို မည်သို့ အဖြေရှာဆောင်ရွက်နိုင်မည်ကိုပါ စဉ်းစားဖော်ထုတ် ပေးပါ။

င။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

မြန်မာလူမျိုး ရွှေ့ပြောင်းအခြေချနေထိုင်သူ 'မိုးစက်' မှ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းတွင်နေစဉ်က သူကြုံတွေ့ခဲ့ရသည့် လိင်တူချစ်သူများအပေါ် ခွဲခြားဖိနှိပ်မှု ဖြစ်ရပ်များအကြောင်း ပြန်လည် ပြောပြထားသည်။ ထိုင်း – မြန်မာနယ်စပ်အနီးရှိ 'မဲလ' ဒုက္ခသည်စခန်းတွင် နေထိုင်စဉ်က ခရစ်ယာန်ဘာသာရေးသမားတို့အနေဖြင့် လိင်တူချစ်သူများအား နှစ်လိုခြင်းမရှိသည့် တရားဟောချက်ကို ကြားဖူးသည်။ သူငယ်ချင်းဖြစ်သူ ဗုဒ္ဓဘာသာဝင် LGBT များ အနေဖြင့်လည်း ၎င်းတို့ မိသားစုဝင်များ၏ လက်ခံမှု မရရှိကြကြောင်း ဆိုထားသည်။ ၎င်းတို့အနေဖြင့် မိသားစုဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်လုပ်သည်ဟု စွပ်စွဲခံရတတ် ကြောင်းလည်း ထောက်ပြထားသည်။ ဆက်လက်၍ 'မွတ်ဆလင် မိသားစုတွေမှာဆိုလည်း အဲ့ဒီလို လိင်တူချင်း စိတ်ဝင်စားတဲ့ သားမျိုးရှိရင် ဇလီတောင် ပေးတတ်တော့တာမဟုတ်ဘူး' ဟု မိုးစက်က ဆိုသည်။

လိင်တူချစ်သူတစ်ဦးဖြစ်ခြင်းဟူသော အကြောင်းပြချက်ကြောင့် ထိုဒုက္ခသည်စခန်းတွင် နေထိုင်စဉ်က နေ့စဉ်လိုလို နှုတ်ဖြင့် အစော်ကားခံခဲ့ရကြောင်းလည်း သူက ဆိုသည်။ တစ်ခါတစ်ရံ သူဝတ်ထားသော အဝတ်အစားများကို ဆွဲချွတ်ပြီး လမ်းလယ်ခေါင် တွင် ပုံထားတတ်ကြောင်းလည်း ပြောဆိုထားသည်။ ထိုကဲ့သို့ နေ့စဉ်ရက်ဆက် အစော်ကားခံခဲ့ရသော်လည်း သူ့ဘက်မှ ရပ်တည်ပေးမည့်သူ မရှိခဲ့ကြောင်းကိုလည်း ပြန်ပြောင်းပြောပြသည်။ ထိုကဲ့သို့ လှောင်ပြောင်မှုများကြောင့် လိင်တူချစ်သူများ အနေဖြင့် ၎င်းတို့၏ စိတ်အခြေအနေ ပြောင်းလဲရန် ပတ်ဝန်းကျင်က ကြိုးစားတတ်ကြကြောင်းလည်း ဆိုထားသည်။

ထိုင်းနိုင်ငံတွင် နေထိုင်လျက်ရှိသည့် LGBT အရေး လှုပ်ရှားသူ ကိုမျိုးမင်းကလည်း ဒုက္ခသည်စခန်းများတွင် လိင်တူချစ်သူများ အနေဖြင့် ဖိနှိပ်မှုများ ခံစားနေကြရကြောင်း 'မိုးစက်'၏ အဆိုကို ထောက်ခံထားသည်။ 'ကျွန်တော်တို့ဘက်ကလည်း UNHCR (United Nations High Commission for Refugees) ရယ်၊ ဒုက္ခသည်စခန်းက အာဏာပိုင်တွေနဲ့ ပူးပေါင်းပြီးတော့ လိင်တူချစ်သူတွေရဲ့ အခွင့်အရေးတွေ တိုးတက်လာစေဖို့ ကြိုးစားပေးလျက် ရှိပါတယ်' ဟု ဆိုသည်။ ကျွန်တော်တို့ဘက်က သူတို့ကို အကာအကွယ်ပေးမှုတွေ ပေးနေတယ် ဆိုပေမဲ့လည်း တစ်ဖက်က သူတို့အပေါ် အကြမ်းဖက်မှုတွေ ရှိနေဆဲပါ။

မကြာသေးခင်ကလည်း ယောကျ်ားလျာတစ်ဦးပိုင်ဆိုင်သည့် ဆိုင်တစ်ဆိုင်မှာ ဖျက်ဆီးခံခဲ့ရပြီး ဆိုင်လုံးအပြည့် လိင်တူချစ်သူများ အပေါ် စော်ကားသော စာများ၊ ပုံများ ကပ်သွားခဲ့ကြောင်း သိရှိရသည်။ ထို့အပြင် သူနှင့် သူ့ညီမကို နောက်ထပ်လာရောက် အစမ္မပြုကျင့်မည်ဟု ပြောဆိုသွားခဲ့သည်။

ဖော်ပြပါ အကြောင်းခြင်းရာတို့ကြောင့် မိုးစက်အနေဖြင့် မြန်မာပြည်ပြန်ရမှာ ရွံ့ကြောက်မိကြောင်း ပြောဆိုထားသည်။ "ကျွန်တော့် အတွက်တော့ အနာဂတ်ဆိုတာ မသေချာဘူး။ ကျွန်တော်လုပ်ချင်တာက ပညာရေးကို ဆုံးခန်းတိုင်အောင်သင်ပြီး တစ်ချိန်ချိန်မှာ ကျွန်တော့်ရဲ့ လိင်စိတ်ခံယူမှု ဘယ်လိုဖြစ်ပါစေ ကျွန်တော့်ကို လူသားတစ်ယောက်လို ဆက်ဆံပေးမယ့် လူမှုအသိုင်းအဝိုင်း တစ်ရပ်မှာပဲ ရပ်တည်နေထိုင်သွားချင်ပါတယ်"

*Source: http://www.gaystarnews.com/article/homophobia-rife-refugee-camps-thailand-burmese-migranst-say010513*

၁။ စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့မှ မည်သည့်တို့က လိင်တူချစ်သူများကို မုန်းတီးသည့် အပြုအမူများ ဖြစ်သည်ကို တွက်ထုတ် ပေးပါ။

၂။ မိုးစက်အနေဖြင့် အဘယ်ကြောင့် မြန်မာပြည်သို့ မပြန်ရဲရသည်ကို ဖော်ပြပေးပါ။

၃။ မိုးစက် ကြုံတွေ့နေရသော ပြဿနာ အခက်အခဲများကို မည်သို့ အဖြေရှာ ဆောင်ရွက်ပေးနိုင်မည်နည်း။

# အခန်း (၇) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ သင်ခန်းစာပါ လေ့လာချက်များအရ မည်သို့သော LGBT နှင့် သက်ဆိုင်သည့် ဗဟုသုတများ တိုးပွားလာသနည်း။ မည်သို့သော အကြောင်းအရာ အသစ်အဆန်းများကို လေ့လာမှတ်သားခဲ့ရသနည်း။

၂။ သင်ခန်းစာပါ အကြောင်းအရာတို့ကို ဖတ်ရှုပြီးနောက် စာဖတ်သူ၏ LGBT အသိုင်းအဝိုင်းအပေါ် အမြင်များ ပြောင်းလဲလာပါသလား။ ထိုအသိုင်းအဝိုင်းအပေါ် ရှေးယခင်က မည်သို့ လက်ခံနားလည်ထားသနည်း။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးပါ။**

၁။ ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ။

၂။ LGBT

၃။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ။

**ဂ။ အောက်ပါတို့ကို အချက်အလက် စုံလင်စွာဖြင့် ဖြေဆိုပေးပါ။**

၁။ ကျား၊ မ ဖြစ်ခြင်းဆိုင်ရာ လက္ခဏာ။

၂။ လိင်စိတ်ခံယူမှု။

၃။ ယောကျ်ားဆန်ခြင်း (Masculinity)

၄။ ဟိုမိုဖိုးဘီးယား (Homophobia)

# အခန်း (၈) ဖစဖ

**အခန်း (၈) အနှစ်ချုပ် သိမှတ်ဖွယ် - ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု** (Gender Based Violence - GBV)

ဤအခန်းတွင် ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများအကြောင်း ဖော်ပြပါရှိပြီး မည်သို့သော လုပ်ရပ်များကို ထိပါး နှောင့်ယှက်မှုဟု အမည်တပ်နိုင်မည်၊ ထိုလုပ်ရပ်များ မည်မျှ အတွေ့ရများသည်၊ မည်သူတို့က သားကောင်များ ဖြစ်ကြရသည်၊ မည်သူတို့က ကျူးလွန်ကြသည်၊ အဘယ်ကြောင့် ကျူးလွန်ကြရသည် အစရှိသည်တို့ကို ဖော်ပြပေးထားသည်။ ထို့အပြင် အတွေ့ရများသည့် ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများကိုလည်း ထည့်သွင်း ဖော်ပြပေးထားပြီး ယုံကြည်မှုပေးအပ်ထားသူ၏ အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်မှုများ၊ အကြမ်းဖက်မှုများပါ ဖော်ပြပါရှိပေသည်။ ထို့အပြင် ရန်ကုန်မြို့တွင် ဖော်ဆောင်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုများ တားမြစ်ရေး လှုပ်ရှားမှုတစ်ရပ်အကြောင်းကိုပါ ဖော်ပြပေးထားပြီး မိမိတို့အနေဖြင့် မည်သို့သော လှုပ်ရှားမှုများ ဆောင်ရွက်နိုင်မည်ကိုပါ ဝေဖန်သုံးသပ်စေမည် ဖြစ်သည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။

- ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ နှင့် ထိုနှောင့်ယှက်မှုများ ဖြစ်ပွားစေသည့် အကြောင်းရပ်များ။
- ဖော်ပြပါ အကြမ်းဖက်မှုများအတွက် သတင်းမီဒီယာနှင့် လူမှုအသိုင်းအဝိုင်းတို့၏ လွှမ်းမိုးသက်ရောက်မှု။
- ယုံကြည်မှုပေးအပ်ထားသူထံမှ အကြမ်းဖက်မှုများ ခံစားရသည့် အဖြစ်အပျက်များ။
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ၎င်း၏ အကျိုးဆက်များ။
- လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်ခြင်းနှင့် တားဆီး ကန့်သတ်နိုင်မည့် လှုပ်ရှားမှုများ။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည် ဖြစ်သည်။

- ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ၏ လက္ခဏာရပ်များကို ခွဲခြားသိမြင်လာနိုင်မည်။
- အဆိုပါ နှောင့်ယှက်မှုများ ဖြစ်ပွားရသည့် အခြေအနေ အကြောင်းအရပ်ရပ်တို့ကို သိမြင်သဘောပေါက်လာမည်။
- လူမှုအသိုင်းအဝိုင်းအတွင်း လက်ခံယုံကြည်ထားချက်များ၊ သတင်းမီဒီယာများ၏ အဆိုပါ အကြမ်းဖက်မှုတို့အပေါ် လွှမ်းမိုးသက်ရောက်ပုံတို့ကို နားလည်သိမြင်လာမည်။
- ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုများ၊ စိတ်ပိုင်းအရ နှောင့်ယှက်မှုများ၊ စီးပွားရေးအရ နှောင့်ယှက်မှုများ အစရှိသော အကြမ်းဖက်မှု ပုံစံတို့ကို ခွဲခြားသိမြင်လာနိုင်မည်။
- ကမ္ဘာ့ဒေသအသီးသီး၊ အသက်အရွယ်အုပ်စုအသီးသီးမှ အမျိုးသမီးများအနေဖြင့် ခံစားကြရသည့် အကြမ်းဖက်ခံရမှု အခြေအနေ မတူညီကြပုံတို့ကို သိမြင်သဘောပေါက်လာမည် ဖြစ်သည်။
- လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများ၏ တစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအပေါ် မည်သို့ သက်ရောက်မှု ရှိနိုင်သည်ကို လေ့လာသိမြင်လာနိုင်မည်။
- လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်မှုများကို ကန့်သတ်တားဆီး နိုင်မည့် လှုပ်ရှားမှုတစ်ရပ် မည်သို့ ဖော်ဆောင်နိုင်သည်ကို လေ့လာသဘောပေါက်နိုင်မည်။
- အဆိုပါ လှုပ်ရှားမှုများ မိမိတို့၏ လူမှုအသိုင်းအဝိုင်းတွင် လက်တွေ့အသုံးချနိုင်ရန် အထောက်အကူပေးနိုင်မည် ဖြစ်ပေသည်။

# အခန်း (၈)
# ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု
# (Gender Based Violence - GBV)




## ၈.၁ အမျိုးသမီးများအပေါ် ဖိနှိပ်အကြမ်းဖက်မှု

**က။** 'ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု" ဆိုသည်မှာ အဘယ်နည်း။

**ခ။** ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှုပြီး မည်သူတို့ကို ကိုယ်စားပြုနေသည်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပတ်သက်၍ မည်သို့ ဝေဖန်ထောက်ပြထားသည်ကို ဖော်ပြပေးပါ။

**ဂ။** အဖွဲ့များခွဲ၍ အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

**အိမ်တွင်း အကြမ်းဖက်မှု**




**ကျွန်တော်တို့ ဒီကိစ္စရပ်အတွက် ဘယ်လိုမှ အရေးယူမှုမျိုး မလုပ်ပေးနိုင်ပါဘူး။ ဒါက ကိုယ်ရေးကိုယ်တာ ကိစ္စရပ် တစ်ရပ်ပါ။**

၁။ အမျိုးသမီးတို့အပေါ်၌ မည်သို့သော ပုံစံများဖြင့် ဖိနှိပ်အကြမ်းဖက်တတ်ကြသည်ကို ဖော်ပြပေးပါ။

၂။ အမျိုးသမီးတို့အပေါ် ထိပါးနှောင့်ယှက်မှုများ ဆောင်ရွက်တတ်သည့် အဓိကတရားခံတို့မှာ မည်သူတို့ ဖြစ်ကြနည်း။

၃။ မီဒီယာများအနေဖြင့် ထိုနှောင့်ယှက်မှုများ ပေါ်ပေါက်လာစေရန် လှုံ့ဆော်ပေးသည်ဟု ထင်ပါသလား။ မည်သို့သော သက်ရောက်မှုများ ရှိနိုင်သနည်း။

**ဃ။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်း (ဂ) ပါ ဖြေဆိုချက်များနှင့် တိုက်ဆိုင် စစ်ဆေးပေးပါ။

အမျိုးသမီးတို့အပေါ် ထိပါးနှောင့်ယှက်မှုများကို ကမ္ဘာ့နေရာအနှံ့တွင် တွေ့မြင်နေကြရပြီး တချို့တိုင်းပြည်များတွင် ပိုမိုအဖြစ်များသည်ကို တွေ့ရသည်။ အမျိုးသမီးများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ စီးပွားရေးဆိုင်ရာ အစရှိသည့် ပုံစံအမျိုးမျိုးသော ထိပါးနှောင့်ယှက်မှုများကို ရင်ဆိုင်ကြုံတွေ့နေကြရပြီး လူမှုပတ်ဝန်းကျင်တွင်ရော၊ မိသားစုအတွင်းတွင်ပါ ခံစားနေကြရပေသည်။ ထိုကဲ့သို့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ လက်သည်တရားခံတို့မှာ အများအားဖြင့် အသိလူယုံများ ဖြစ်တတ်ကြသည်ကို တွေ့ရှိရသည်။ အကြမ်းဖက်မှုများ၊ အဓမ္မမှုများမှာ ကမ္ဘာ့ဒေသတစ်ခုနှင့် တစ်ခုအကြား ဖြစ်ပွားမှုနှုန်း မတူညီကြသော်လည်း ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ဖြစ်ပွားမှုပုံစံတို့ အလားသဏ္ဍာန်တူကြသည်ကို တွေ့ရှိရပေသည်။

အချို့သောယဉ်ကျေးမှုပုံစံများတွင် လင်ယောကျ်ားတို့က သူတို့၏ ဇနီးမယားအပေါ် ဖိနှိပ်ခြင်း၊ ဆူပူကြိမ်းမောင်းတတ်ခြင်းတို့မှာ မထူးဆန်းသော အပြုအမူတစ်ရပ်လည်းဖြစ်သည်။ ထိုသို့ အကြမ်းဖက်မှုမျိုးတွင် ဇနီးသည်၏ မတော်တဆ လုပ်ရပ်တစ်ခုခု (ဥပမာ–ခင်ပွန်းသည်ခွင့်မပြုဘဲအပြင်သွားခြင်း၊ ဟင်းအိုးတူးခြင်းစသည်တို့)ကြောင့်လင်မယားကြားကတောက်ကဆဖြစ်ရာမှ ခင်ပွန်းသည်၏ ဒေါသတကြီး ပြုမူချက်တို့နှင့် ကြုံတွေ့ရတတ်သည်။ ထိုအခြေအနေမျိုးတွင် အချို့သော အမျိုးသမီးများမှာ ပြန်လည်မတုံ့ပြန်နိုင် ငြိမ်၍သာ ခံကြရသည်။

ထိုသို့ အမျိုးသမီးများအပေါ် ထိပါးနှောင့်ယှက်မှုများသည် တန်းတူရည်တူရှိမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းစွာနေထိုင်မှုကို အတားအဆီးဖြစ်စေသည်။ ထို့အပြင် အမျိုးသမီးတို့ ရရှိပိုင်ဆိုင်သင့်သော အခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို ပိတ်ပင်တားဆီးရာလည်း ရောက်ပေသည်။ ဖော်ပြပါ အမျိုးသမီးများအပေါ် ဖိနှိပ်မှုများကို အရင်းစစ်ကြည့်လျှင် လူ့အဖွဲ့အစည်းအတွင်း ရှေးယခင်ကာလကတည်းက ကျင့်သုံးလျက်ရှိသည့် အမျိုးသားများကိုသာ အခွင့်အာဏာ ပိုမို ပေးအပ်ထားခြင်း၏ အကျိုးဆက်တစ်ရပ်ဟု ခေါ်ဆိုနိုင်ပေသည်။ အမျိုးသမီးများမှာမူကား မိသားစု၊ အလုပ်ခွင်၊ လူမှုအသိုင်းအဝိုင်းအစရှိသော လူမှုကဏ္ဍအသီးသီးတွင်အမျိုးသားများကဲ့သို့အရေးပါအရာရောက်ခြင်းမရှိဘဲလူမှုရေးဆိုင်ရာဖိအားများနှင့်ပါ ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့ရှိရပေသည်။

အမျိုးသမီးတို့ ရင်ဆိုင်ကြုံတွေ့ရတတ်သည့် လူမှုရေးဖိအားများတွင် ဖော်ပြပါ နှောင့်ယှက်မှုတို့ကြောင့် ဂုဏ်သိက္ခာကျဆင်းရခြင်း၊ တရားဥပဒေအကာအကွယ်များ အပြည့်အဝ မခံစားနိုင်ခြင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ အလေးပေးမှုလျော့နည်းခြင်း၊ အကြမ်းဖက်မှုဆိုင်ရာ ပညာပေးရေးအစီအစဉ်များ မရရှိနိုင်ခြင်း အစရှိသည်တို့ပါဝင်ပေသည်။ ဇာတ်လမ်းတွဲများ၊ တီဗွီအစီအစဉ်များတွင် ပြသတတ်သော အမျိုးသမီးများအား လိင်မှုသားကောင်သဖွယ် ခိုင်းနှိုင်းသရုပ်ဖော်မှုတို့ကလည်း ဖော်ပြပါအကြမ်းဖက်မှုများကိုတွန်းအားပေးလျက်ရှိနေပေသည်။ ထိုကဲ့သို့သောလူမှုအဖွဲ့အစည်းအတွင်းလက်ခံသတ်မှတ်ထားကြသည့် အမျိုးသမီးများအပေါ် အမြင်အယူအဆတို့က အနာဂတ် လူမှုအသိုင်းအဝိုင်းများနှင့် လူငယ်လူရွယ်များအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ရပ်အသွင် တည်ရှိလျက် ရှိပေသည်။

*Source: The World’s Women 2010(United Nations,New York)*

**င။** အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ စာပိုဒ်ပါ ဖော်ပြပါရှိချက်များအရ အမျိုးသမီးတို့အပေါ် ထိပါးနှောင့်ယှက်မှုများ၏ အဓိကအကြောင်းရင်းတို့ကို ဖော်ပြပေးပါ။ ထိုတင်ပြထားချက်များကို စာဖတ်သူအနေဖြင့် လက်ခံသဘောတူပါသလား။

၂။ ထိုနှောင့်ယှက်မှုများကို အမျိုးသမီးများအနေဖြင့် အဘယ်အကြောင်းကြောင့် သိလျက်နှင့် ကြိတ်မှိတ်ခံနေကြရသနည်း။

၃။ ထိုကဲ့သို့သော အကြမ်းဖက်မှုများက ကလေးသူငယ်များအပေါ် မည်သို့သော သက်ရောက်မှုများ ရှိနိုင်မည်ဟု ထင်သနည်း။ လူမှုအသိုင်းအဝိုင်းအပေါ် မည်သို့ သက်ရောက်နိုင်မည်နည်း။

စ။ အမျိုးသားတို့အနေဖြင့် အကြမ်းဖက်မှုများ ကျူးလွန်ကြရသည့် အကြောင်းရင်းတို့ကို ဆွေးနွေး အဖြေရှာပေးပါ။ ပြီးနောက် အောက်ပါ စာပိုဒ်ကို ဖတ်ရှုပေးပါ။



“တစ်ခါတလေမှာ အချို့သော လူငယ်အမျိုးသားလေးတွေအနေနဲ့ အမျိုးသမီးတွေအပေါ်မှာ ခွဲခြားမှုမျိုးတွေ လုပ်ဆောင်တတ်တာ ရှိတယ်။ တချို့ကြတော့လည်း အဲ့ဒီလိုလုပ်ရပ်မျိုးလုပ်မှ ယောက်ျားပီသတယ်လို့ ထင်တတ်ကြပြန်တယ်။ ဒီလိုမျိုးလုပ်ရပ်တွေ ဆောင်ရွက်တဲ့အခါမှာလည်း ဘေးပတ်ဝန်းကျင်က ကြားဝင်ဖျန်ဖြေပေးရမယ့်အစား မဆိုင်သလိုနေကြတဲ့အတွက် အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုတွေဟာ မရပ်တန့်နိုင်ဘဲ ဆက်လက် ပေါ်ပေါက်လျက် ရှိပါတယ်။

သို့ပေမယ့်လည်း အဆိုပါ အကြမ်းဖက်လုပ်ရပ်မျိုးတွေကို ကျွန်တော်တို့ အမျိုးကောင်းသားတွေအနေနဲ့ လက်သင့်မခံနိုင်ပါဘူး။ ကျွန်တော်တို့ တတ်နိုင်စွမ်းရှိသလောက် အမျိုးသမီးထုကြီး အကျိုးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကျွန်တော်တို့ လူသားတိုင်း သိရှိထားရမယ့်အချက်ကတော့ ဖော်ပြပါ အကြမ်းဖက်မှုတွေဟာ အမျိုးသမီးတွေသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုပါ ထိခိုက်စေနိုင်တယ်ဆိုတာကိုတော့ အစဉ်သတိမူကြဖို့ လိုပါတယ်။”

ဘန်ကီမွန်း

*Source: UN Secretary General Ban Ki-Moon, UNITE to end violence against women*

ဆ။ စာပိုဒ်ပါ ဖော်ပြချက်များနှင့် မေးခွန်း (စ) တွင် ဖြေဆိုခဲ့သည်တို့ ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးပေးပါ။

## ၈.၂ ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု (GBV) ဆိုသည်မှာ အဘယ်နည်း

က။ ကျား၊မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု အမျိုးအစားများကို ခွဲခြားဖော်ထုတ်ပေးပါ။ ထိုပြုစုထားချက်များကို သင်ပုန်းပေါ်တွင် ရေးသားဖော်ပြပေးပါ။

ခ။ အောက်ပါ ဖြစ်ရပ်လေ့လာချက်တို့ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

**ဖြစ်ရပ်လေ့လာချက် (၁)** – သီတာသည် အသက် (၁၅) နှစ်ရှိပြီ ဖြစ်ပြီး ဦးလေးဖြစ်သူနှင့် နေထိုင်လျက်ရှိသည်။ ဦးလေးအိမ်တွင် အိမ်တွင်းချက်ပြုတ်၊ သန့်ရှင်းရေးစသော တာဝန်များကို ယူရသည်။ ဦးလေးဖြစ်သူက ညအချိန်တွင် သီတာ့ အခန်းတံခါးကို အပြင်မှ သော့ခတ်ထားသည်။ ထွက်ပြေးမည် စိုးသောကြောင့် ဖြစ်သည်။ သီတာ့အနေဖြင့် မိမိထက် အသက်ကြီးသူ ဆွေမျိုးယောက်ျားသားအပေါ် လေးစားရမည်ဖြစ်ကြောင်း၊ ပြုစုပေးရမည့် တာဝန်ရှိကြောင်း ဦးလေးဖြစ်သူက ဆိုထားသည်။

**ဖြစ်ရပ်လေ့လာချက် (၂)** – ဆာရာအနေဖြင့် အလုပ်ခွင်တွင် အမျိုးသားလုပ်ဖော်ကိုင်ဖက်များ၏ မထိတထိ နှောင့်ယှက်မှုများကို ကြုံတွေ့နေရသည်။ သူ့ကို စိုက်ကြည့်နေခြင်း၊ ညစ်ညမ်းသော စကားလုံးများဖြင့် ပြောဆိုခံရခြင်း၊ ထိကပါးရိကပါးလုပ်ခြင်း အစရှိသည်တို့ကို နေ့စဉ်ကြုံနေကြရသည်။ ထိုထိပါးနှောင့်ယှက်မှုတို့ကြောင့် အလုပ်မှ ထွက်ရန် စဉ်းစားနေသည်။

**ဖြစ်ရပ်လေ့လာချက် (၃)** – ဒေါ်စန်းစန်းသည် ခင်ပွန်းသည် အရိုက်အနက်ကို နေ့စဉ် ခံနေရသည်။ ထမင်းဟင်း မကောင်း၍၊ ကလေးများကို ငြိမ်ငြိမ်နေရန် မထိန်းနိုင်သဖြင့်၊ အဝတ်အစား ဖိုသီဖပ်သီရှိနေ၍ အစရှိသော အကြောင်းအမျိုးမျိုးတို့ကြောင့် နေ့တဓူဝ အထုအထောင်း ခံနေရသည်။

**ဖြစ်ရပ်လေ့လာချက် (၄)** – မီမီသည် အထက်တန်းကျောင်းသူတစ်ဦးဖြစ်ပြီး နေ့စဉ် နေ့တိုင်း ဘတ်စ်ကားဖြင့် ကျောင်းသို့ သွားသည်။ တစ်ခါတစ်ရံ ဘတ်စ်ကားပေါ်၌ အမျိုးသားတချို့က သူ့အသားကို ထိရန် ကြိုးစားတတ်ကြောင်း၊ လူကြပ်သည့် အခါတွင် ပိုဆိုးကြောင်း သူကဆိုသည်။ ကျောင်းသို့သွားသည့် ခရီးလမ်းသည် နေ့တိုင်းလိုလို ရင်လေးစရာ ဖြစ်နေရသည်။

**ဖြစ်ရပ်လေ့လာချက် (၅)** – နော်ဝါသည် ထိုင်းနယ်စပ်တောရွာကလေးမှ ဖြစ်ပြီး မိသားစုကို ထောက်ပံ့ရန်အတွက် အလုပ်ရှာဖွေနေသည်။ တစ်ရက်တွင် အမျိုးသမီးကြီးတစ်ဦးမှ ဘန်ကောက်တွင် အလုပ်ရှာပေးမည်ဖြစ်ကြောင်း ပြောဆိုပြီး လူကုန်ကူးခံခဲ့ရသည်။ လက်ရှိအချိန်တွင် လိင်လုပ်ငန်းတွင် လုပ်ကိုင်နေရပြီး ထိုင်းစကားလည်း မကျွမ်းကျင်၊ စာရွက်စာတမ်းများလည်း မပြည့်စုံသဖြင့် မိဘဆွေမျိုးများဆီသို့ မပြန်နိုင်ဘဲ ရှိနေရသည်။

**ဖြစ်ရပ်လေ့လာချက် (၆)** – အေးအေးတို့ မိသားစုလေးတွင် ကလေးသုံးဦး ရှိသည်။ အေးအေးအနေဖြင့် လောင်းကစားဝါသနာပါပြီး ခင်ပွန်းသည် ပေးထားသော ပိုက်ဆံများကို အကုန်သုံးဖြုန်းပစ်လေ့ရှိသည်။ သမီးငယ်လေးအတွက် ဝယ်ပေးထားသော စက်ဘီးကလေးကိုပင် ရောင်းပစ်ပြီး အလောင်းအစား လုပ်တတ်သူ ဖြစ်သည်။ ထိုအကြောင်းတို့ကြောင့် ခင်ပွန်းသည်နှင့် ကတောက်ကဆဖြစ်ရပြီး ခင်ပွန်းသည်၏ အရိုက်အထောင်းတို့ကို ခံရတတ်သည်။ ထိုအခါမျိုးတွင် သူ့အနေဖြင့် ခင်ပွန်းသည်ကို ပြန်လည်လက်တုံ့ပြန်တတ်ပြီး ရန်ပွဲမှာ မဆုံးနိုင်ဘဲ ရှိရသည်။

၁။ အထက်ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်တို့မှ မည်သည်တို့ကို 'ကျား၊ မ ဖြစ်မှုအခြေခံသော အကြမ်းဖက်မှု' ဟု အမည်တပ်နိုင်သနည်း။

၂။ မည်သည့်ဖြစ်ရပ်တို့က အပြုအမူဖြင့်၊ အပြောအဆိုဖြင့်၊ လိင်ပိုင်းဆိုင်ရာ စီးပွားရေးအသွင်ဖြင့် ထိပါးနှောင့်ယှက်ကြသည်ကို ခွဲခြားဖော်ပြပေးပါ။

၃။ မည်သည်တို့က အသိုင်းအဝိုင်းတစ်ရပ်လုံးတွင် ဖြစ်ပေါ်စေနိုင်ပြီး၊ မည်သည်တို့က တစ်သီးပုဂ္ဂလဆန်ဆန်ဖြစ်သည်ကို ဖော်ပြပေးပါ။

**၈။** အထက်တွင် ဖြေဆိုထားချက်များကို အခြားသော အတန်းဖော်များနှင့် ဆွေးနွေးပေးပါ။ သင်ခန်းစာအစတွင် သတ်မှတ်ဖွင့်ဆိုခဲ့သော 'ကျား၊ မ ဖြစ်မှု အခြေခံသော အကြမ်းဖက်မှု' ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်တို့ကို ဖြည့်စွက်ပေးပါ။

## ၈.၃ ယုံကြည်မှုပေးအပ်ထားသူမှ ဖိနှိပ်အကြမ်းဖက်ခြင်း

**၉။** အောက်ပါတို့ကို ဖြေဆိုပါ။

၁။ 'ယုံကြည်မှုပေးအပ်ထားသူမှ ဖိနှိပ်အကြမ်းဖက်ခြင်း' ကို မည်သို့ လက်ခံထားသနည်း။

၂။ အဆိုပါ အကြမ်းဖက်မှုများ ဖြစ်ပွားပေါ်ပေါက်ရသည့် အကြောင်းရင်းတို့ကို ဖော်ပြပေးပါ။

၃။ အမျိုးသမီးများအနေဖြင့် အဆိုပါ အကြမ်းဖက်မှုများမှ လွန်ဆန်ရုန်းထွက်ရန် အဘယ်ကြောင့် ခက်ခဲနေရသည်ဟု ထင်သနည်း။

**၁၈။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး ဖြေဆိုထားချက်များနှင့် တိုက်ဆိုင် စစ်ဆေးပေးပါ။

ယုံကြည်မှု ပေးအပ်ထားသူထံမှ ဖိနှိပ်အကြမ်းဖက်ခံရခြင်းသည် အဖြစ်အများဆုံးသော ကျား၊ မ ဖြစ်ခြင်းအပေါ် အခြေခံသည့် အကြမ်းဖက်မှုတစ်ရပ်ဖြစ်ပြီး အခြားတစ်ပါးသော သူစိမ်းတစ်ဦး၏ အကြမ်းဖက်ခံရခြင်းနှင့် ပုံစံအားဖြင့် ကွဲပြားခြားနားမှုများ ရှိသည်ကို တွေ့ရသည်။ အဆိုပါ အကြမ်းဖက်မှုမှာ မိသားစုတွင်း ပြဿနာတစ်ရပ်ဟု သဘောထားတတ်ကြလေ့ရှိပြီး လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ရပ်ဟု ရှုမြင်ရန် မေ့လျော့နေကြသည်ကို တွေ့ရပေသည်။

ထိုအကြမ်းဖက်မှုများကို အကဲဖြတ်ကြရာ၌ ကျူးလွန်သူအပေါ် အပြစ်မတင်ကြဘဲ အကြမ်းဖက်ခံရသူအနေဖြင့် ထိုသူနှင့် ဆက်လက်နေထိုင်နေရသည့် အကြောင်းရင်းကို မေးခွန်းထုတ်တတ်ကြပြန်သေးသည်။ ထိုသို့သော အကြမ်းဖက်မှုများ၏ မူလအကြောင်းရင်းတို့ကို တွက်ထုတ်အဖြေထုတ်ရန်မှာ လွယ်ကူသောကိစ္စမဟုတ်ချေ။ ထိုအကြမ်းဖက်မှုမျိုးတို့တွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများ ပါဝင်ကြသည်ကိုလည်း တွေ့ရသည်။ အကြမ်းဖက်မှုဒဏ် ခံရသူတို့မှာလည်း ကူမည့် ကယ်မည့်သူမရှိ၊ ဘဝကိုဆောက်တည်ရာမဲ့ ကုန်ဆုံးနေရရှာသည်။ ထိုသူတို့အနေဖြင့် အပြစ်ကျူးလွန်သူအပေါ်တွင် မှီခိုရပ်တည်နေထိုင်နေရပြီး ထိုသူကို စွန့်ခွာပါက လူမှုရေးဆိုင်ရာ ဖိအားများ၊ ကူရာကယ်ရာမဲ့ အခြေအနေများနှင့် ကြုံတွေ့ရမည်မှာ မလွဲဧကန် ဖြစ်ပေသည်။

ထိုအကြမ်းဖက်မှုများကို ခံစားနေရသူအချို့မှာ မိဘဆွေမျိုးတို့နှင့် ခွဲခွာနေထိုင်နေကြရပြီး အထီးကျန်စွာ ဘဝကို ဖြတ်သန်းနေကြရတတ်သည်။ သားသမီးရှိသူများအနေဖြင့်လည်း မိမိကိုယ်ကိုရော၊ သားသမီးများပါ ဖိနှိပ်အကြမ်းဖက်မှုရန်ကို ကြောက်ရွံ့နေရသည်။ မိမဲ့ဘမဲ့ဘဝထက် မိဘအစုံအလင်ဖြင့် နေထိုင်ရခြင်းက သားသမီးများအတွက် အကျိုးများကြောင်း နှလုံးသွင်းကာ နေထိုင်ကြရသည်။ အပြစ်ကျူးလွန်သူများအနေဖြင့်လည်း မိမိတို့၏ အပြစ်ကို မမြင်တတ်ကြဘဲ ရှိနေသည်ကို တွေ့ရပေသည်။ အထက်ဖော်ပြပါ အကြောင်းကြောင်းတို့ကြောင့် ယုံကြည်ကိုးစားထားသူမှ ဖိနှိပ်အကြမ်းဖက်မှုများမှာ ဆက်လက် ရှင်သန်နေရပေသည်။

*Source: Gender Matters(2007) by the Council of Europe*

**၁၉။** အောက်ပါ ပြောဆိုချက်ကို ဖတ်ရှုပေးပါ။ ဖော်ပြပါ အခြေအနေမျိုးနှင့် ကြုံတွေ့ရပါက မည်သို့ အဖြေရှာဆောင်ရွက်နိုင်မည်၊ မည်သူတို့က ဖော်ဆောင်နိုင်မည်ကို ဝေဖန်သုံးသပ်ပေးပါ။




"ကျွန်မတွဲနေတဲ့ချစ်သူကြောင့် လူတွေက ကျွန်မကို မနာလိုဖြစ်ကြတယ်။ သူက ကျောင်းမှာလည်း နာမည်ကြီးပဲ။ တည်တယ်၊ ခန့်တယ်၊ လူကြီးတွေ ဆရာသမားတွေအပေါ်မှာလည်း ရိုသေလေးစားမှု ရှိတယ်။ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်တည်း ရှိတဲ့အချိန် သူ မကြိုက်တာလုပ်မိတဲ့အခါမျိုး၊ သူငယ်ချင်းနဲ့ အပြင်သွားမိတာမျိုးဆို အော်တာငေါက်တာတွေ ရှိတယ်၊ တစ်ခါတလေဆို ရိုက်လားပုတ်လားတောင် လုပ်တတ်တယ်။ ဒီအကြောင်းကို ကျွန်မသူငယ်ချင်းတွေ၊ ပြီးတော့ မိဘတွေကိုလည်း မပြောချင်ဘူး၊ မပြောရဲဘူး။ သူ့မိဘတွေကလည်း သူတို့သားလေး ဘယ်လောက်တော်ကြောင်း၊ လိမ္မာကြောင်း ဂုဏ်ယူနေကြတာဆိုတော့။"

*Source: testimony from a young Hungarian GBV victim (NANE hotline, Hungary)*

ဃ။ အောက်ပါ ဇယားကို ကြည့်ရှုပြီး မည်သည်တို့ ဖော်ပြပါရှိသည်ကို သုံးသပ်ပေးပါ။

၁၂ လတာ ကာလအတွင်း ယုံကြည်မှု ပေးအပ်ထားသူတို့၏ ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုခံကြရသည့် အရွယ်အသီးသီးရှိ အမျိုးသမီးများ။ (၂၀၀၀ –၂၀၀၂)




င။ အောက်ပါတို့ကို ဖြေဆိုပါ။

၁။ မည်သည့် အသက်အရွယ်ရှိ အမျိုးသမီးများအနေဖြင့် အဆိုပါ အကြမ်းဖက်မှုမျိုးကို အများဆုံး ခံစားကြရသနည်း။

၂။ အဘယ်အကြောင်းကြောင့် ထိုသို့ ခံစားနေကြရသည်ဟု ထင်သနည်း။

၃။ မိမိတို့ လူ့အဖွဲ့အစည်းနှင့် နိုင်ငံများတွင် မည်သည့် အသက်အရွယ်အုပ်စုမှ အမျိုးသမီးများအနေဖြင့် ဖော်ပြပါ အကြမ်းဖက်မှုမျိုး အများဆုံး ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ထင်မြင်သနည်း။

## ၈.၄ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

က။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ အဘယ်နည်း။

ကမ္ဘာတစ်ဝှမ်းတွင် ယုံကြည်မှုပေးအပ်ထားသူတို့ထံမှ အကြမ်းဖက်မှုခံစားကြရသည့် အမျိုးသမီးပမာဏ မည်မျှ ရှိမည်ဟု ထင်သနည်း။

(၁) ၅%   (၂) ၁၀%   (၃) ၂၅%   (၄) ၅၀%

ခ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး ဖြေဆိုချက်များနှင့် တိုက်ဆိုင် စစ်ဆေးပေးပါ။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ နိုင်ငံအသီးသီး၊ ဒေသအသီးသီးတွင် ဖြစ်ပွားပေါပေါက်လျက်ရှိပြီး မထုးဆန်းတော့သော အပြုအမူတစ်ရပ်အဖြစ် တည်ရှိနေသည်။ လေ့လာချက်များအရ အမျိုးသမီး ၄ ဦးတွင် ၁ ဦးမှာ ၎င်းတို့ ယုံကြည်မှုပေးအပ်ထားသော လက်တွဲဖော်၏ ဖိနှိပ်အကြမ်းဖက်မှုကို ခံစားနေရပြီး ဆက်ကျော်သက် အမျိုးသမီးငယ် ၃ ဦးတွင် ၁ ဦးမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ခံစားနေရကြောင်း ဆိုထားသည်။

ထိုကဲ့သို့သော အကြမ်းဖက်မှုများသည် ရုပ်ပိုင်းဆိုင်ရာ အရရော၊ စိတ်ပိုင်းဆိုင်ရာ အရပါ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း တွေ့ရှိရပေသည်။ ထိုအကြမ်းဖက်မှုတို့ကြောင့် ခန္ဓာကိုယ်တွင်း ထိခိုက်မှုများအထိ ဖြစ်ပွားနိုင်ပြီး စိတ်ပိုင်းဆိုင်ရာ ဝေဒနာမျိုးနှင့် မျိုးပွားရေးဆိုင်ရာအထိပါ ဖြစ်ပွားပေါပေါက်နိုင်ပေသည်။ ထိုအကြမ်းဖက်မှု၏ သားကောင်ဖြစ်ကြရသော အမျိုးသမီးများ အနေဖြင့် မိဘအသိုင်းအဝိုင်းတို့၏ စွန့်ပယ်မှု၊ လျစ်လျူရှုမှုတို့ကိုပါ ခံစားရတတ်ကြောင်း တွေ့ရပေသည်။ အဆိုပါ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ရာတွင် အကြမ်းဖက်မှုပုံစံအမျိုးမျိုး ရှိသည်ကိုလည်း တွေ့ရပေသည်။ အထူးသဖြင့် လက်ထပ်မှု

မပြုဘဲ အဓမ္မပြုကျင့်ခြင်း၊ အသက်အရွယ် ငယ်ရွယ်သူများအား ပစ်မှတ်ထားခြင်း၊ သိက္ခမ်းရင်းနှီးမှုမရှိသူ သူစိမ်းတစ်ဦး၏ မတော်တရား ပြုကျင့်မှုခံရခြင်း၊ စစ်ဘေးတိမ်းရှောင်ရင်း အဓမ္မကျင့်ခံရခြင်း၊ ကိုယ်ကာယချို့တဲ့သူတစ်ဦးအား အနိုင်ကျင့် ဆက်ဆံခြင်း၊ အရွယ်မရောက်သေးသူများအား အလိုမတူဘဲ လက်ထပ်ပေါင်းသင်းခြင်း၊ လိင်မှုလုပ်ငန်းဖြင့် အသက်မွေးသူများကို ကွန်ဒုံးမသုံးဘဲ ဆက်ဆံစေခြင်း၊ ကိုယ်ဝန်ဖျက်ချခိုင်းခြင်း၊ လူကုန်ကူးခြင်း အစရှိသော လုပ်ရပ်များမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ ဖြစ်ပေသည်။

ဖော်ပြပါ လုပ်ရပ်များကို နှိမ်နင်းတားဆီးနိုင်ရန်အတွက် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးက ပူးပေါင်းဖော်ဆောင်ကြရန် အရေးကြီးလှသည်။ အစိုးရအဖွဲ့အစည်းများ၊ ရဲများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များ၊ အားလုံးသော မိဘပြည်သူများက လက်တွဲလုပ်ဆောင်ကြမှသာလျှင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဖယ်ရှားနိုင်ကြမည်ဖြစ်ပြီး လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည်။

*Source: World Report on Violence and Health, WHO*

၇။ စာပိုဒ်တွင် ပါရှိသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံတစ်ခုချင်းစီအတွက် ထိုအကြမ်းဖက်မှု၏ အကျိုးဆက်များ၊ ထိုအကြမ်းဖက်မှုတို့ကို မည်သို့ တားမြစ်နိုင်သည် အစရှိသည်တို့ကို အောက်ပါ ဇယားတွင် ဖြည့်စွက်ပေးပါ။

| **လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံများ** | **အကြမ်းဖက်မှု၏ အကျိုးဆက်များ** | **အကြမ်းဖက်မှုများကို ကန့်သတ် တားဆီးနိုင်ရေး** |
|---|---|---|
| သူစိမ်းတစ်ဦး၏ အဓမ္မပြုကျင့်မှုခံရခြင်း။ | ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထိခိုက်မှုများ။ | |




**သတ္တိရှိရင် ထွက်လာခဲ့ ...။ ယောကျ်ားမှန်ရန် မုဒိမ်းမကျင့်ဘူး**

## ၈.၅ ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ (GBV) ကို မည်သို့ တားမြစ်ထိန်းချုပ်နိုင်မည်နည်း

**က။** ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန်အတွက် အမျိုးသားများအနေဖြင့် မည်သည့် အခန်းကဏ္ဍမှ ဖော်ဆောင်နိုင်သည်ကို ဖော်ပြပေးပါ။

**ခ။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

> "ကမ္ဘာတစ်ဝှမ်းမှ အမျိုးသမီးများအနေနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ဦးဆောင်နိုးဆော်လျက် ရှိတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်ပါတယ်။ ယခုခေတ်အခါမှာတော့ အဆိုပါ လုပ်ငန်းတွေမှာ အမျိုးသားတွေပါ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာတယ်။ ကျွန်တော်တို့ သိထားပြီးဖြစ်တဲ့အတိုင်း လူ့အဖွဲ့အစည်းနဲ့ မိသားစုအတွင်းမှာ အမျိုးသားတွေရဲ့ အခန်းကဏ္ဍဟာ အင်မတန် အရေးပါလှပါတယ်။ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းအသီးသီး၊ မိသားစုအသီးသီးမှာ ဦးစီးဦးဆောင်ပြုနေတဲ့ အမျိုးသားတိုင်းဟာ အနာဂတ်မျိုးဆက်သစ် အမျိုးသားငယ်လေးတွေအတွက် အတုယူစရာ၊ စံထားရာလည်း ဖြစ်ပါတယ်။
>
> စံထားအပ်တဲ့ အမျိုးကောင်းသားတွေအနေနဲ့ အမျိုးသမီးထုတစ်ရပ်လုံးအပေါ် လေးစားတန်ဖိုးထားတတ်ခြင်းက ယောကျ်ားကောင်းတစ်ဦးရဲ့ လုပ်ရပ်ဖြစ်ကြောင်း အစဉ်နှလုံးသွင်းထားဖို့ လိုအပ်ပါတယ်။ ထို့အတူ အမျိုးသမီးတွေရဲ့ နေရာစစ် နေရာမှန်ဟာ အိမ်နှင့် အလုပ်ခွင် သက်သက်သာမဟုတ်၊ အမျိုးသမီးတွေအနေနဲ့ ပညာရေး၊ အုပ်ချုပ်ရေးတွေမှာပါ ပါဝင် သက်ဆိုင်လျက် ရှိတယ်ဆိုတာကို လက်ခံကြရမှာ ဖြစ်ပါတယ်။"
>
> ဘန်ကီမွန်း
>
> *Source: UN Secretary General Ban Ki-Moon, UNITE to end violence against women*

၁။ ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ တိုက်ဖျက်ရာတွင် အမျိုးသားများ ပိုမို ပါဝင်ခြင်းက မည်သို့သော အကျိုးသက်ရောက်မှုများ ရှိနိုင်သည်ကို ဖော်ပြပေးပါ။

၂။ မိမိတို့၏ လူမှုပတ်ဝန်းကျင်မှ အမျိုးသားများအနေဖြင့် ကျား၊ မ ဖြစ်မှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုအပေါ် အသိအမြင်များ ပြောင်းလဲလာနိုင်စေရန် မည်သို့ ဖော်ဆောင်နိုင်သည်ကို သုံးသပ်ပေးပါ။

၃။ အမျိုးသမီးများအနေဖြင့် အဆိုပါ အကြမ်းဖက်မှုများ လျော့ကျအောင် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ဟု ထင်သနည်း။

၄။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးအနေဖြင့် ဖော်ပြပါ အကြမ်းဖက်မှုများ၊ ထိပါးနှောင့်ယှက်မှုများကို အမြစ်ပြတ်ချေမှုန်းနိုင်ရန် မည်သို့သော နည်းစနစ်များဖြင့် အဖြေရှာ ဆောင်ရွက်နိုင်မည်နည်း။

**ဂ။** လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်မှု ဆိုသည်မှာ အဘယ်နည်း။ ထိုကဲ့သို့သော အခြေအနေမျိုးကို စာဖတ်သူ၏ ပတ်ဝန်းကျင်တွင် တွေ့မြင်ဖူးပါသလား။

**ဃ။** အောက်ပါ စာပုဒ်ကို ဖတ်ရှုပေးပါ။ ဖော်ပြပါ (Whistle campaign) အနေဖြင့် မည်သို့သော လူမှုပြဿနာများ ဖြေရှင်းနိုင်ရန် ဦးတည်ဆောင်ရွက်နေသနည်း။ မည်သို့သော လုပ်ငန်းစဉ်များ ပါဝင်သနည်း။ ဖော်ပြပါ လူမှုပြဿနာတို့ကို စာဖတ်သူ၏ လူမှုပတ်ဝန်းကျင်တွင် တွေ့ကြုံဖူးပါသလား။

## မြို့တော်တစ်ခွင်ရှိ ကားမှတ်တိုင်အနားက "Whistle for help" Campaign

ချယ်ရီသိန်း။ တနင်္လာနေ့၊ ဖေဖော်ဝါရီ ၂၇၊ ၂၀၁၂။



(ဆူးလေဘုရားမှတ်တိုင်အနီး whistle (ဝီစီ) များ၊ လက်ကမ်းစာစောင်များ ဝေနေစဉ်။ ဓာတ်ပုံ – Seng Mai၊ မြန်မာတိုင်းမ်။)

'လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်မှုများ တားဆီးရေး' လှုပ်ရှားမှု တစ်ရပ်ကို ရန်ကုန်မြို့ရှိ ကားမှတ်တိုင်အသီးသီးတွင် နိုင်ငံရေး လှုပ်ရှားသူများ၊ ကားဆရာများ၊ ကုမ္ပဏီများနှင့် ပူးပေါင်း၍ လှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါ လှုပ်ရှားမှုကို "Whistle for help Campaign" ဟု အမည်ပေးထားပြီး စေတနာ့ဝန်ထမ်းပေါင်း ၁၅၀ ခန့်တို့မှ ပူးပေါင်းပါဝင်ခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် အမျိုးသမီးများအနေဖြင့် လူစည်ကားသည့် ကားမှတ်တိုင် ၈ မှတ်တိုင်အနားမှ ခရီးသွား ပြည်သူများထံ Whistle (ဝီစီ) များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် အသိအမြင်များ ဝေမျှပေးနိုင်ခဲ့ပေသည်။ ထိုလက်ကမ်းစာစောင်တွင် အမျိုးသမီးများအနေဖြင့် ထိကပါးရိကပါး နှောင့်ယှက်ခံရပါက ဝီစီမှုတ်အချက်ပေးရန် နှိုးဆော်ထားပါသည်။

လက်ကမ်းစာစောင်များတွင် "အမျိုးသမီးများ ဖိနှိပ်မှုပပျောက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး – Please go and help the women who blow whistle and let's stop this unacceptable behaviour" ဟု နှိုးဆော်ရေးသားထားသည်ကို တွေ့ရပေသည်။

အဆိုပါ လှုပ်ရှားမှု၏ အကျိုးဆက်တစ်ရပ်အနေဖြင့် ပါရမီ ယာဉ်လိုင်းမှ အမျိုးသမီးသီးသန့် ဘတ်စ်ကားများကို ရုံးတက် ရုံးဆင်းအချိန် လူထူထပ်၍ လိင်ပိုင်းအရ စော်ကားမှုများ ဖြစ်ပွားနိုင်ချေများသည့် အချိန်တွင် ပြေးဆွဲခဲ့သည်ကို တွေ့ရပေသည်။

လှုပ်ရှားမှုမှာ ထင်မှတ်ထားသည်ထက် ပိုမို အောင်မြင်ခဲ့ပြီး ခရီးသည် အမျိုးသမီးများအနေဖြင့် သူတို့၏ မိသားစုဝင်များ၊ သူငယ်ချင်းများ အသုံးပြုနိုင်ရန်အတွက် ဝီစီများ ပိုမို တောင်းခံခဲ့သည်ကို တွေ့ရပါသည်။

ဘတ်စ်ကားပုံမှန်အသုံးပြုသည့် ခရီးသည်တစ်ဦးဖြစ်သူ မငြိမ်းငြိမ်းက သူကားစီးသည့်အခါတိုင်း အချို့သော အမျိုးသား ခရီးသည်များကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရကြောင်း ဆိုသည်။ 'တစ်ခါကဆိုရင် ဘတ်စ်ကားစီးနေတုန်း နောက်ကနေ လာပြီး ဟိုထိဒီထိနဲ့။ ကားကကြပ်ရတဲ့ကြားထဲ လူကလည်း ရွှေ့မရပြုမရနဲ့ဆိုတော့ ကြောက်လည်းကြောက်၊ ဒေါသလည်း ထွက်ပေါ့။ ဒီလိုကားကြပ်တဲ့ ကြားထဲမှာကို ရိသဲ့သဲ့လာပြောတာ မျိုး ကြုံဖူးတယ်။" ဟု မငြိမ်းငြိမ်းက သူ၏ အတွေ့အကြုံများကို လည်း ပြောပြထားသည်။

"တစ်ခါတလေကြတော့လည်း လူကောင်းသူကောင်းနဲ့ တွေ့ရ တတ်တယ်။ တစ်ခါကဆို ကားပေါ်မှာ လူတစ်ယောက်က ကျွန်မရဲ့ အခက်အခဲကို တွေ့သွားပြီးတော့ အနားကပ်လာ ပေးပြီး ကျွန်မရဲ့ အသိတစ်ယောက်ပုံစံ ဖမ်းပေးတယ်။ အဲဒါနဲ့ပဲ ကျွန်မကို ရစ်သီရစ်သီလုပ်နေတဲ့ အမျိုးသားအချို့ လည်း အနားက ခွာသွားတော့တယ်။ ဒီလိုမျိုး အမျိုးသမီးတွေ အပေါ် နားလည်တတ်တဲ့ အမျိုးသားတွေလည်း ရှိတတ်ပါ တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ Whistle Campaign ကို ထောက်ခံပါတယ်" ဟု ဆိုသည်။

ကားဆရာများ၊ စပယ်ယာများကလည်း အဆိုပါ လှုပ်ရှားမှုကို တစ်ဖက်တစ်လမ်းက ကူညီပေးလျက်ရှိသည်။ ၅၁ ယာဉ်လိုင်း မှ ဒရိုင်ဘာဖြစ်သူ ဦးထွန်းအောင်၏ အဆိုအရ အမျိုးသမီးများ အား ကားပေါ်တွင် နှောင့်ယှက်သည့် အပြုအမူများကို သူ့အနေဖြင့် လက်သင့်မခံကြောင်း အဆိုပါ လှုပ်ရှားမှုက ထို အပြုအမူများကို နှိမ်နင်းရာတွင် အထောက်အကူပြုနိုင်ကြောင်း ထောက်ခံပြောကြားသည်။

Whistle Campaign လှုပ်ရှားမှု၏ တာဝန်ခံဖြစ်သူ ဒေါ်မေပုလဲသွယ်မှ လှုပ်ရှားမှုကို ထောက်ခံ ပါဝင်ကြသော ယာဉ်လိုင်းများ၊ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း၊ သူတို့၏ အကူအညီကြောင့် လက်ကမ်းစာစောင်များ ဝေရာတွင် အနှောင့်အယှက်ကင်းကင်းဖြင့် ဝေမျှပေးနိုင်ကြောင်း ပြောဆို ထားသည်။

အဆိုပါ လှုပ်ရှားမှုကို ရန်ကုန်မြို့တွင်သာမက နယ်မြို့များတွင် ပါ ဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

*Adapted from: Cherry Thein, Myanmar Times, Volume 31, No. 616, 2012.*

**င။** ဖော်ပြပါ Whistle Campaign အနေဖြင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှု ရရှိစေရန် မည်သူတို့ကို ပံ့ပိုးကူညီပေးခဲ့ကြသနည်း။

**စ။** အောက်ဖော်ပြပါ လုပ်ဆောင်ချက်များသည် အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်မှုများမှ ကင်းဝေးစေနိုင်မည့် နည်းစနစ်များ ဖြစ်သည်။ ၎င်းတို့ကို ကျင့်သုံးလိုက်နာရာတွင် မည်သို့သော အခက်အခဲများနှင့် ကြုံတွေ့နိုင်သည်၊ မည်သို့သော အကျိုးရလဒ်များ ခံစားရရှိနိုင်သည်ကို ဖော်ပြပေးပါ။

၁။ အမျိုးသမီးများ ခရီးထွက်ရာတွင် တစ်ယောက်ထဲ မသွားစေဘဲ အဖော်တစ်ယောက်ယောက်ဖြင့် အတူသွားစေခြင်း။

၂။ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများကို ပြင်းထန်စွာ အရေးယူပေးခြင်း၊ ပြစ်မှုကျူးလွန်သူကို နစ်ရှည်ထောင်ဒဏ်များ ချမှတ်ခြင်း။

၃။ အမျိုးသမီးများအပေါ် စော်ကားမှုများ မပြုလုပ်စေရေး အသိပညာပေးခြင်း၊ အမျိုးသမီးများအနေဖြင့်လည်း ထိုအကြောင်းအရာများနှင့် ပတ်သက်၍ လွတ်လပ်စွာ ခုခံခွင့်၊ ပြောဆိုခွင့်များ ပေးအပ်ထားခြင်း။

**ဆ။** အတန်းဖော်များနှင့် တွဲဖက်၍ လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်မှုများကို တားမြစ်နိုင်မည့် လှုပ်ရှားမှုတစ်ရပ်ကို စဉ်းစားဖော်ထုတ်ပေးပါ။ မည်သို့သော စော်ကားမှုများကို တိုက်ဖျက်လိုသည်၊ မည်သို့ ဖြေရှင်းဆောင်ရွက်နိုင်မည်တို့ကို ဆွေးနွေးပြီး ထိုပြုစုထားချက်များကို အခြားသော အတန်းဖော်များထံ တင်ပြပေးပါ။










*ကမ္ဘာပေါ်မှာရှိတဲ့ အမျိုးသမီး ၇၀% ဟာ သူတို့ရဲ့ ဘဝတစ်လျှောက်မှာ နှိပ်စက်ညှဉ်းပန်းမှုမျိုးစုံနဲ့ ကြုံတွေ့နေရတယ် … ။*

# အခန်း (၈) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ မိမိတို့ ပတ်ဝန်းကျင်တွင် အတွေ့ရများသည့် ကျား၊ မ ဖြစ်မှုအပေါ် အခြေခံအကြမ်းဖက်မှုများကို ဖော်ပြပေးပါ။

၂။ အဆိုပါ နှောင့်ယှက်မှုတို့ကို ဖြေရှင်းရန် မည်သူတို့တွင် တာဝန်ရှိသည်ဟု ထင်သနည်း။ အဘယ်ကြောင့်နည်း။

၃။ အဆိုပါ ထိပါးနှောင့်ယှက်မှုတို့ မိမိတို့၏ လူမှုအသိုင်းအဝိုင်းတွင်း ဆက်လက် မဖြစ်ပွားစေရေးအတွက် မည်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်မည်ဟု ထင်သနည်း။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက် ဖွင့်ဆိုပေးပါ။**

၁။ အမျိုးသမီးတို့၏ အရင်းနှီးဆုံးရန်သူ။

၂။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ လက်သည်တရားခံ။

၃။ လိင်ပိုင်းဆိုင်ရာ စော်ကားဖိနှိပ်မှုများ။

**ဂ။ အောက်ပါ မေးခွန်းတို့ကို အချက်အလက် စုံလင်စွာဖြင့် ဖြေဆိုပေးပါ။**

၁။ ကျား၊ မ ဖြစ်မှုပေါ် အခြေခံအကြမ်းဖက်မှုများသည် ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသမီးများ နေ့စဉ်ကြုံတွေ့နေရသည့် ပြဿနာအခက်အခဲတစ်ရပ်ဟု ထင်မြင်ပါသလား။

၂။ အဆိုပါ အကြမ်းဖက်မှုများကို မည်သည့် အကြောင်းကြောင့် ကျူးလွန်ကြသည်ဟု ထင်သနည်း။

၃။ အချို့သော လူမှုအသိုင်းအဝိုင်းဝင်များက ဖိနှိပ်အကြမ်းဖက်မှု၏ သားကောင်ဖြစ်ရသူတို့အား လျစ်လျူရှုထားတတ်ကြသည်။ အဘယ်ကြောင့်နည်း။

# အခန်း (၉) ပါဝင်ပါ

**အခန်း (၉) အနှစ်ချုပ် သိမှတ်ဖွယ် - လိင်မှုလုပ်ငန်းများ**

ဤအခန်းတွင် လိင်မှုလုပ်ငန်းများအကြောင်း ထည့်သွင်းဖော်ပြပေးထားပြီး လိင်လုပ်သားတို့၏ ဘဝအခြေအနေတို့ကိုပါ သိမြင်သဘောပေါက်လာနိုင်မည် ဖြစ်သည်။ ထို့အပြင် အရှေ့တောင်အာရှနိုင်ငံများရှိ လိင်မှုလုပ်ငန်းအခြေအနေများ၊ လိင်လုပ်သားတို့၏ အခြေအနေအရပ်ရပ်နှင့် အဘယ်ကြောင့် လိင်လုပ်ငန်းတွင် လုပ်ကိုင်နေကြသည်၊ မည်သည်တို့က အကျိုးခံစားရသည်၊ မည်သို့သော ပြဿနာများနှင့် ရင်ဆိုင်နေရသည် အစရှိသည်တို့ကို လေ့လာသိရှိစေမည် ဖြစ်သည်။ ထို့မှသာမက မြန်မာပြည်အတွင်းရှိ လိင်လုပ်သားများ၏ ဘဝအခြေအနေတို့ကို လေ့လာဆန်းစစ်ပြီး ၎င်းတို့အနေဖြင့် မည်သို့သော အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်၊ မည်သို့ အဖြေရှာဆောင်ရွက်နိုင်သည်ကိုပါ သုံးသပ်စေမည် ဖြစ်သည်။ နောက်ဆုံးတွင် လက်တွေ့လုပ်ဆောင်ချက်အနေဖြင့် လိင်မှုလုပ်ငန်းတွင် လုပ်ကိုင်နေသည့် အဖွဲ့အစည်းတစ်ရပ်အကြောင်း လေ့လာစေမည် ဖြစ်ပေသည်။

**ဗဟုသုတ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ ဗဟုသုတများ တိုးပွားလာမည် ဖြစ်သည်။

- နိုင်ငံအသီးသီးရှိ လိင်မှုလုပ်ငန်းများအကြောင်း။
- လိင်မှုလုပ်ငန်းဖြင့် အသက်မွေးရသည့် အကြောင်းရင်းများ။
- လိင်လုပ်သားတို့၏ ဘဝအခြေအနေများ။
- လိင်လုပ်သားတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ လူမှုဒုက္ခများ။
- လိင်လုပ်သားတို့၏ အကျိုးအတွက် ကူညီဆောင်ရွက်ပေးနိုင်သည့် အဖွဲ့အစည်းများအကြောင်း။

**ကျွမ်းကျင်မှုများ**

ဤအခန်းအပြီးတွင် စာဖတ်သူအနေဖြင့် အောက်ပါ အရည်အသွေးများ တိုးပွားလာမည် ဖြစ်သည်။

- အရှေ့တောင်အာရှနှင့် ဒေသအတွင်းမှ လိင်မှုလုပ်ငန်းများအကြောင်းကို ဆန်းစစ်လေ့လာနိုင်မည်။
- လိင်မှုလုပ်သားတို့၏ လုပ်ငန်းခွင် အခြေအနေများကို ပိုင်းခြားသိမြင်လာနိုင်မည်။
- လိင်မှုလုပ်ငန်းများတွင် လုပ်ကိုင်ကြရသည့် အကြောင်းရင်းတို့ကို လေ့လာသိရှိလာနိုင်မည်။
- လိင်လုပ်သားများအနေဖြင့် ကြုံတွေ့ခံစားနေရသည့် လူမှုဒုက္ခများ၊ အခက်အခဲများကို အဖြေရှာ ဆောင်ရွက်လာနိုင်မည်။
- လူကုန်ကူးခံရခြင်းနှင့် လိင်မှုလုပ်ငန်းတို့အကြား မည်သို့ ဆက်နွှယ်နေသည်ကို သိမြင်သဘောပေါက်လာနိုင်မည်။
- လိင်မှုလုပ်ငန်းများနှင့် တရားဥပဒေတို့အကြား မည်သို့ ချိတ်ဆက် အကောင်အထည်ဖော်နိုင်သည်ကို လေ့လာ သုံးသပ်လာနိုင်မည်။
- လိင်လုပ်သားတို့၏ ဘဝအခြေအနေ တိုးတက်ရေးအတွက် ကြိုးဆောင်ကြိုးပမ်းလာနိုင်မည်။
- လိင်လုပ်သားတို့အကျိုးအတွက် ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများအကြောင်း သိမြင်လာပြီး ကူညီဆောင်ရွက်ပေးလာနိုင်မည် ဖြစ်သည်။

# အခန်း (၉) လိင်မှုလုပ်ငန်းများ




## ၉.၁ အရှေ့တောင်အာရှဒေသအတွင်းမှ ပြည့်တန်ဆာလုပ်ငန်း

**က။** လိင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ မည်သို့ လေ့လာ သိရှိထားသနည်း။

**ခ။** အောက်ပါ ပြောဆိုချက်ကို ဖတ်ရှုပြီး အချို့သော လူများအနေဖြင့် အဘယ်အကြောင်းကြောင့် လိင်မှုလုပ်ငန်းများဖြင့် အသက်မွေးကြရသည်ကို သုံးသပ်ဆင်ခြင်ပေးပါ။

> ***"လိင်လုပ်ငန်းနဲ့ အသက်မွေးတယ်ဆိုတာကလည်း အခြား အလုပ်အကိုင်တစ်ခုခု လုပ်နေကြတဲ့ လူတွေနဲ့ အတူတူပါဘဲ။ ကျွန်မတို့လည်း လူထဲက လူပါပဲ။ ကျွန်မတို့မှာလည်း စိတ်ကောင်းစေတနာကောင်းတွေ ရှိကြပါတယ်။ ဒီလုပ်ငန်းနဲ့ အသက်မွေးတဲ့လူတွေထဲက ရိုင်းစိုင်းတယ်လို့ အပြောခံရတဲ့သူတစ်ချို့ဆိုတာကလည်း သူတို့ဘဝနဲ့ ပတ်သက်ပြီး စိတ်ဓာတ်ကျဆင်းနေကြတဲ့သူတွေ၊ အလိုမကျနိုင်ကြရတဲ့ အခြေအနေကြောင့်ပါ။"***
>
> *Source: Yangon sex worker, Yee Yee Soe, Yangon. June, 2011*

**ဂ။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။



အရှေ့တောင်အာရှတိုင်းပြည်များရှိ လိင်မှုလုပ်ငန်းများမှာ စီးပွားရေးလုပ်ငန်းတစ်ရပ် အသွင်ဖြင့် တစ်စတစ်စ ကြီးထွားလာလျက် ရှိသည်။ ထိုလုပ်ငန်းမှ ထောင်ပေါင်းများစွာသော ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ လမ်းဖွင့်ပေးနေလျက် ရှိသည်ကိုလည်း တွေ့ရပေသည်။ ရှေးယခင်ကာလက အဆိုပါ လုပ်ငန်းများမှာ တိုးတိုးတိတ်တိတ်သာ လုပ်ဆောင်ခဲ့ကြသော်လည်း ယခုအခါတွင်မူ ထိုလုပ်ငန်းအတွက် သက်ဆိုင်ရာ ဥပဒေများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကြပ်မတ်ဆောင်ရွက်ပေးမှုများ ရှိလာသည်ကို တွေ့ရှိရသည်။ လိင်မှုလုပ်ငန်းများအနေဖြင့် ခရီးသွားလုပ်ငန်းများ၊ တည်းခိုခန်းများ၊ ဆေးလိပ်နှင့် အဖျော်ယာမကာ ကြော်ငြာများ အစရှိသော လုပ်ငန်းအသီးသီးတို့နှင့် ဆက်နွယ်ပတ်သက်လျက် ရှိနေပေသည်။

ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် လိင်မှုလုပ်ငန်းများကို တရားဥပဒေနှင့် ငြိစွန်းသည့် လုပ်ရပ်များအဖြစ် သတ်မှတ်ထားသော်လည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ခွင့်ပြုထားရသည်။ ထိုလုပ်ငန်းတွင် လုပ်ကိုင်ကြသည့် အမျိုးသမီးများမှာ မြို့တစ်မြို့မှ တစ်မြို့၊ နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံ ရွှေ့ပြောင်းလုပ်ကိုင်ကြရပြီး မိသားစုကို ထောက်ပံ့ကြရသည်။ ထိုအကြောင်းကြောင့်လည်း နိုင်ငံအသီးသီးတွင် လိင်မှုလုပ်ငန်းများ ကျယ်ပြန့်လာရပေသည်။ ပညာရေး နိမ့်ကျသူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း၊ အစိုးရမှ ဆင်းရဲသားများအား ကူညီထောက်ပံ့ပေးရေးအစီအစဉ် နည်းပါးခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း လိင်မှုလုပ်ငန်းများ ကြီးထွားလာရသည်။ လိင်အခြေပြု ခရီးသွားလုပ်ငန်းကလည်း နိုင်ငံတကာမှ ဖောက်သည်များကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်စေပြီး အရှေ့တောင်အာရှရှိ လိင်မှုလုပ်ငန်းများကို ဖွံ့ဖြိုးလာစေသည်။ ထိုကဲ့သို့သော လိင်မှုလုပ်ငန်းများဖြင့် အသက်မွေးရသူများအနေဖြင့် မလွှဲသာသော ဘဝအခြေအနေတို့ကြောင့်သာ ဤလုပ်ငန်းကို လုပ်ကိုင်နေကြရခြင်း ဖြစ်သည်။ အချို့မှာ မိမိတို့ ဆုံးဖြတ်ချက်ဖြင့် ဝင်ရောက်လုပ်ကိုင်ကြပြီး အချို့မှာမူ အတင်းအဓမ္မစေခိုင်းမှုတို့ကြောင့် လုပ်ဆောင်ရသည်ကို တွေ့ရှိရသည်။ အများစုမှာမူ မိဘဆွေမျိုး အသိုင်းအဝိုင်းတို့အတွက် ထောက်ပံ့ပေးနိုင်ရန် ဝင်ရောက်လုပ်ကိုင်ကြရခြင်း ဖြစ်သည်။

ထိုလုပ်ငန်းဖြင့် အသက်မွေးကြရသူများအနေဖြင့် မတူခြားနားသည့် လုပ်ငန်းခွင်အခြေအနေများကိုလည်း ဖြတ်သန်းနေကြရသည်။ အလုပ်အကိုင် အဆင်ပြေသူများရှိသကဲ့သို့ အချို့မှာလည်း ကျွန်တစ်ဦးသဖွယ် အခိုင်းအစေခံရသည်ကို လေ့လာသိရှိရပေသည်။

*Source: The Sex Sector: The economic and social bases of prostitution in Southeast Asia by Lin Lean Lim, International Labour Organisation, 1998.*

၁။ လိင်မှုလုပ်ငန်းများ၏ စီးပွားရေးအခြေအနေ အရပ်ရပ်တို့ကို ဖော်ပြပေးပါ။

၂။ နိုင်ငံအချို့တို့တွင် လိင်မှုလုပ်ငန်းများ ကြီးထွားလာရခြင်း၏ အကြောင်းရင်းတို့ကို ဖော်ပြပေးပါ။

**ဃ။** မေးခွန်း (ခ) တွင် ဖြေဆိုထားချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်တို့ကို ထပ်မံ ဖြည့်စွက်ပေးပါ။

## ၉.၂ လိင်မှုလုပ်ငန်းဖြင့် အသက်မွေးနေရသူတို့၏ ဘဝအခြေအနေ

**က။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ ရီရီစိုးအနေဖြင့် အဘယ်အကြောင်းကြောင့် လိင်မှုလုပ်ငန်းဖြင့် အသက်မွေးနေရသနည်း။

၂။ 'ပြည့်တန်ဆာခေါင်း' ဆိုသည်မှာ အဘယ်နည်း။

၃။ ရီရီစိုးအနေဖြင့် အဘယ်ကဲ့သို့သော ဘဝတစ်ဆစ်ချိုး အတွေ့အကြုံများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသနည်း။

ရီရီစိုးသည် အသက် ၃၂ နှစ်ရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး လိင်မှုလုပ်ငန်းဖြင့် အသက်မွေးနေသည်မှာ ၈ နှစ်ကျော်ခန့်ရှိပြီ ဖြစ်သည်။ လွန်ခဲ့သော ၈ နှစ်ခန့် သမီးဦးလေး မွေးသည့်အချိန်တွင် ခင်ပွန်းသည်က သူတို့နှစ်ဦးကို စွန့်ခွာသွားခဲ့ပြီး ကိုယ့်ခြေထောက်ပေါ် ရပ်တည်နိုင်ရေးအတွက် အဆိုပါ လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ရခြင်း ဖြစ်သည်။ အလုပ်စဝင်သည့်နေ့တွင် ပြည့်တန်ဆာခေါင်း တစ်ဦးက သူ့ကို ကလပ်တစ်ခုသို့ ခေါ်သွားခဲ့ပြီး ဖောက်သည် ရှာပေးခဲ့သည်။ ရရှိသည့် ပိုက်ဆံတော်တော်များများကို ထိုသူက ယူသွားခဲ့သည်။ နောက်ပိုင်းတွင် နိုက်ကလပ်များ၌ အလွတ်သဘော လှည့်လည်လုပ်ကိုင်ခဲ့သည်။

ရီရီစိုးထံ လာကြသည့် ဧည့်သည်များတွင် မြန်မာရော၊ နိုင်ငံခြားသားများပါ ပါဝင်ပေသည်။ တစ်ခါတစ်ရံတွင် အချို့သော မြန်မာဖောက်သည်များ၏ ခပ်ရိုင်းရိုင်း အပြုအမူများကိုလည်း ကြုံရသည်။ တချို့ဆိုလျှင်လည်း ခြိမ်းခြောက်အနိုင်ကျင့်ပြီး ငွေမချေဘဲ ထွက်ပြေးတတ်သည်ကိုပါ ကြုံတွေ့ရကြောင်း သူက ဆိုသည်။

ထိုအလုပ်စလုပ်စဉ်က သူ့အနေဖြင့် စိတ်ကသိကအောင့် ဖြစ်ခဲ့ရသော်လည်း ယခုအခါတွင်မူ မည်သို့မှ မခံစားရတော့။ ထိုလုပ်ငန်းမှရသည့် ဝင်ငွေဖြင့် ဆွေမျိုးမိဘတို့ကိုပါ ထောက်ပံ့နိုင်လာပြီး သမီးဖြစ်သူ၏ ကျောင်းစရိတ်အတွက်လည်း ရှာဖွေလာနိုင်သည်။ သို့ရာတွင် ထိုလုပ်ငန်းဖြင့် အသက်မွေးနေသည့်အကြောင်းကို မိသားစုဝင်များထံ အသိမပေးရဲချေ။ သူ၏ ညီမဝမ်းကွဲတစ်ဦးကိုသာ ထိုအကြောင်းစုံကို ပြောပြထားသည်။

*Source: Yangon Sex Worker, Yee Yee Soe, Yangon. June, 2011*

**ခ။** လိင်မှုလုပ်ငန်းဖြင့် အသက်မွေးနေကြရသူများအနေဖြင့် လွတ်လပ်မှုများ၊ ရွေးချယ်ခွင့်များ ရရှိနိုင်မှုရှိ၊ မရှိ သုံးသပ်ဖော်ပြ ပေးပါ။



ဂ။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်း (ခ) တွင် ဖြေဆိုထားသည်တို့နှင့် တိုက်ဆိုင်စစ်ဆေးပေးပါ။

## လိင်လုပ်ငန်းနှင့် လွတ်လပ်စွာ ရွေးချယ်ခွင့်

အာရှတိုင်းပြည်များရှိ လိင်မှုလုပ်ငန်းဖြင့် အသက်မွေးကြသူအများစုမှာ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေအနေအရပ်ရပ်တို့ကြောင့် လုပ်ကိုင်နေကြရခြင်းဖြစ်ပြီး တခြားသော နည်းလမ်းများဖြင့် အသက်မွေးနိုင်မှု အခွင့်အလမ်းများ မရရှိနိုင်သည်ကို တွေ့ရပေသည်။ အချို့မှာမူ ထိုလုပ်ငန်းသို့ အတင်းအဓမ္မ ခေါ်ဆောင်ခံရမှု၊ လူကုန်ကူးခံရမှုတို့ကြောင့် ဖြစ်ပေသည်။ ထိုသို့သော အကြောင်းကြောင့် လုပ်ကိုင်နေရသူများအနေဖြင့် လစာခံစားခွင့်များလည်း အပြည့်အဝ ရရှိနိုင်မှု မရှိသည်ကို တွေ့ရပေသည်။

သို့ရာတွင် အမျိုးသားများ ကြီးစိုးထားသည့် လူမှုအဖွဲ့အစည်းများ၌ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ မရှိသော အမျိုးသမီးတစ်ယောက်အတွက် လိင်မှုလုပ်ငန်းမှလွဲ၍ တခြားသော ဝင်ငွေကောင်းသော အလုပ်အကိုင်ရှာဖွေရန်မှာ မလွယ်ကူလှချေ။ အဆိုပါ လိင်လုပ်ငန်းများမှာ အချို့သော အမျိုးသားလိင်များအတွက်လည်း လစာဝင်ငွေ ကောင်းမွန်နိုင်သည်။ အတွေ့အကြုံရင့် လိင်လုပ်သားများအနေဖြင့် ချမ်းသာသော နိုင်ငံတွင် နေထိုင်သည်ဖြစ်စေ၊ ဆင်းရဲသော တိုင်းပြည်တွင် လုပ်ကိုင်နေထိုင်သည်ဖြစ်စေ အချိန်တိုအတွင်း ဝင်ငွေအမြောက်အများ စုဆောင်းရရှိတတ်ကြပေသည်။

*Source: WHO, Sex Work in Asia, July 2001*

ဃ။ အောက်ပါ ဖြစ်ရပ်လေ့လာချက်တို့ကို ဖတ်ရှုပြီး ဖြစ်ရပ်တစ်ခုချင်းစီအတွက် မေးခွန်းများကို ဖြေဆိုပေးပါ။

၁။ ထိုသူအနေဖြင့် အဘယ်အကြောင်းကြောင့် လိင်လုပ်ငန်းဖြင့် အသက်မွေးနေရသနည်း။

၂။ ထိုသို့ လုပ်ကိုင်ကြရာတွင် လွတ်လပ်ခွင့်များနှင့် ရွေးချယ်မှုများ ပြုလုပ်နိုင်မှုရှိ၊ မရှိ ဖော်ပြပေးပါ။

## ဖြစ်ရပ်လေ့လာချက် (၁) သွယ်သွယ်




သွယ်သွယ်မှာ အသက် ၃၄ နှစ်ရှိပြီ ဖြစ်သည်။ လွန်ခဲ့သော ၁၀ နှစ်ခန့်က အမျိုးသားတစ်ဦး၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ရသည်။ မိသားစုဂုဏ်သိက္ခာကျဆင်းမည်စိုးသဖြင့် ထိုသူနှင့်ပင် လက်ထပ်ခဲ့ရသည်။ ကိုယ်ဝန်ရသည့်အခါတွင်လည်း ထိုသူ၏ ထောက်ပံ့ဖေးမမှုများ မခံစားရ၊ ဖခင်ဖြစ်သူထံ အကူအညီတောင်းသည့်အခါတွင်လည်း ငွေကြေးပြည့်စုံမှုက မရှိ၊ သူ့အနေဖြင့် အလုပ်ထွက်လုပ်ရန်သာ ရှိတော့သည်။

သွယ်သွယ်၏ အသိမိတ်ဆွေတစ်ဦးက အလုပ်အကိုင် ရရှိနိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း၊ ဈေးဆိုင်တစ်ခုတွင် လုပ်ရမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုသည်။ တစ်ကယ်တမ်းမှာ ထိုမိတ်ဆွေသည် ပြည့်တန်ဆာခေါင်းတစ်ဦးဖြစ်နေပြီး သွယ်သွယ့်ကို ပြည့်တန်ဆာရုံတစ်ရုံသို့ လမ်းညွှန်ပေးခဲ့ခြင်း ဖြစ်သည်။ သွယ်သွယ့်အနေဖြင့် အိမ်သို့လည်း မပြန်နိုင် ထိုရုံတွင်သာ ၂ နှစ်ခန့် လုပ်ကိုင်နေထိုင်ခဲ့ရသည်။ ထိုနေရာတွင် လုပ်ကိုင်နေထိုင်စဉ် သန္ဓေတားဆေးသုံးခွင့်မရခြင်း၏ အကျိုးဆက်အနေဖြင့် ကိုယ်ဝန်ပါရခဲ့ရသည်။ ကိုယ်ဝန်ရသည်နှင့် ထိုနေရာက ထွက်ပြေးခဲ့သည်။ ထိုကိုယ်ဝန်ကိုပါ ဖျက်ချခဲ့သည်။ ထို့နောက် ပြည့်တန်ဆာရုံတစ်ရုံတွင် ဘဝအသစ် စခဲ့ပြန်သည်။ ယခုအခါတွင်မူ ရန်ကုန်မြို့၌ လှည့်လည်လုပ်ကိုင်နေပြီး တစ်နေ့လျှင် ၃၀၀၀ မှ ၁၈၀၀၀ ခန့် အထိ ရရှိသည်။ သူ့အနေဖြင့် ဆွေမျိုးများနှင့် အသိုင်းအဝိုင်းများ၏ မေးငေါ့ကဲ့ရဲ့မှုကို ခံနေရပြီး တစ်ခါတစ်ရံတွင် ရန်းရင်းကြမ်းတမ်းသော စကားလုံးအသုံးအနှုန်းများဖြင့် ခိုင်းနှိုင်းပြောဆိုမှုကိုလည်း ခံရသည်။

“ကျွန်မလည်း လူတိုင်းနဲ့ အဆင်ပြေပြေနေချင်ပါတယ်။ ဒါပေမယ့် သူတို့က ကျွန်မအပေါ် မိန်းမယုတ်တစ်ယောက်လို့ ထင်နေကြတယ်။ ကျွန်မလည်း လူသားတစ်ယောက်ပဲဆိုတာကို မေ့လျော့နေကြတယ် ထင်ပါတယ်” ဟု သွယ်သွယ်က ဆိုထားသည်။

## ဖြစ်ရပ်လေ့လာချက် (၂) မျိုးကြီး




မျိုးကြီး၏ အသက်မှာ ၃၀ ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် လိင်လုပ်ငန်းကို အချိန်ပိုင်း စတင်လုပ်ကိုင်ခဲ့သည်။ သူနေထိုင်သော ရန်ကုန်မြို့ ပတ်ဝန်းကျင်တွင်လည်း ထိုလုပ်ငန်းဖြင့် အသက်မွေးသူ အများစု နေထိုင်ကြသည်။ ၂၀၀၁ ခုနှစ်တွင် သူ၏ မိဘနှစ်ပါးမှာ ဆုံးပါးခဲ့ရသည်။ ထိုအချိန်မှစ၍ ကိုယ့်ဘဝကိုယ် ရပ်တည်ရန်အတွက်နှင့် အတူနေထိုင်သည့် အဒေါ်ဖြစ်သူကို ထောက်ပံ့ပေးရန်အတွက် ထိုလုပ်ငန်းသို့ အချိန်ပြည့် ဝင်ရောက်ခဲ့ရခြင်း ဖြစ်သည်။ ဖောက်သည်များမှာလည်း မြန်မာရော၊ နိုင်ငံခြားသားများပါ ပါဝင်သည်။ ၂၀၀၈ ခုနှစ်အတွင်း NGO တစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ချိန်မှစ၍ မူလအလုပ်ကို အချိန်ပိုင်းသာ လုပ်ကိုင်နိုင်တော့သည်။

မျိုးကြီး၏ ဆွေမျိုးများက သူ၏ အလုပ်အကိုင်အကြောင်းကို မသိရှိထားချေ။ ပတ်ဝန်းကျင်မှ စော်ကားမှု၊ လှောင်ပြောင်မှုများကိုလည်း တစ်ခါမျှ မခံရဘူးသေးချေ။

"ဒီလုပ်ငန်းလုပ်တာ မကောင်းတဲ့အလုပ်တော့ မဟုတ်ပါဘူး။ အဓိကကတော့ ပိုက်ဆံရတယ်။ ပြီးတော့ အင်္ဂလိပ်စာ လေ့လာရာမှာလည်း အထောက်အကူရတယ်။ သူငယ်ချင်းအသစ်တွေလည်း ရတယ်။ ကျွန်တော့်ဘဝတက်လမ်းအတွက်တော့ ဒီလုပ်ငန်းက တော်တော် အထောက်အကူပြုပါတယ်" ဟု မျိုးကြီးက ဆိုထားသည်။

## ဖြစ်ရပ်လေ့လာချက် (၃) ထွေးထွေး



ထွေးထွေးမှာ အသက် ၂၆ နှစ်ရှိပြီဖြစ်ပြီး သူ၏လိင်စိတ်ခံယူမှုအတိုင်း အမျိုးသမီးအဖြစ် နေထိုင်နေသူ ဖြစ်သည်။ လက်ရှိအချိန်တွင် အလှပြင်ဆိုင်တစ်ဆိုင်တွင် လုပ်ကိုင်နေပြီး အပိုဝင်ငွေ ရရှိနိုင်ရန်အတွက် လိင်လုပ်ငန်းကို အချိန်ပိုင်း လုပ်ကိုင်နေသည်။ တစ်ခါတစ်ရံတွင် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ကန်တော်ကြီးသို့သွား၍ ဖောက်သည်ရှာရသည်။ ထိုသို့ လုပ်ကိုင်ရာတွင် အဆင်ပြေသည့်အခါလည်း ရှိသည်၊ စိတ်အနှောင့်အယှက် ကြုံရသည်လည်း ရှိသည်။ တစ်ခါကဆိုလျှင် လူခုနှစ်ယောက်ခန့်ပါသည့် အဖွဲ့တစ်ဖွဲ့က သူ့ကို အဓမ္မပြုကျင့်ပြီး ကန်ဘောင်ဘေးတွင် ပစ်ထားခဲ့သည်။ သူ့အနေဖြင့် ရဲကိုလည်း မတိုင်ဝံ့။ တချို့သော ရဲများသည် သူတို့အား ကူညီရမည့်အစား လှောင်ပြောင် နှောင့်ယှက်တတ်ကြသေးသည်။

**ငါ။** သွယ်သွယ်၊ မျိုးကြီးနှင့် ထွေးထွေးတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို မည်သို့ ကူညီ ဖြေရှင်းပေးနိုင်မည်နည်း။



## ၉.၃ လိင်မှုလုပ်ငန်းဖြင့် အသက်မွေးသူတို့၏ 'သောက'

**က။** လိင်မှုလုပ်ငန်းဖြင့် အသက်မွေးနေရသူများအနေဖြင့် မည်သို့သော လူမှုဒုက္ခများ၊ သောကအမောများဖြင့် ရင်ဆိုင်နေကြရသနည်း။ ထိုပြဿနာရပ်များကို မည်သို့ အဖြေရှာ ဆောင်ရွက်ပေးနိုင်မည်နည်း။

| လူမှုဒုက္ခများ | အဖြေများ |
|---|---|
| HIV ပိုး ကူးစက်ခံရခြင်း။ | ကွန်ဒုံး အသုံးပြုခြင်း၊ ကျန်းမာရေးနှင့်အညီ ဆက်ဆံမှုများ အကြောင်း အသိပညာပေးလုပ်ငန်းများ စီစဉ်ထားရှိခြင်း။ |

**ခ။** စာပိုဒ်ပါ ဖော်ပြပါရှိချက်တို့ကို အခြေခံလျက် အထက်ပါ ဇယား၏ သက်ဆိုင်သော နေရာတွင် ဖြည့်စွက်ပေးပါ။

လိင်မှုလုပ်ငန်းဖြင့် အသက်မွေးရသူများသည် မကြာခဏ ဆိုသလို အကြမ်းဖက်မှုများ၊ လူမဆန်သည့် အပြုအမူတို့၏ သားကောင်များ ဖြစ်ကြရသည်။ အထူးသဖြင့် ကိုယ်ထိလက်ရောက် စော်ကားမှုများ၊ အဓမ္မပြုကျင့်ခံရမှုများ၊ စော်ကား အနိုင်ကျင့်မှုများကို ခံစားရတတ်ကြသည်။ ထိုကဲ့သို့သော ထိပါးနှောင့်ယှက်မှုများသည် တရားဥပဒေမဲ့ လုပ်ရပ်များဖြစ်ပြီး လူသားတစ်ဦး၏ အခွင့်အရေးကို ချိုးဖောက်ရာလည်း ရောက်ပေသည်။

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခံရမှုများသည် လိင်လုပ်သားများအပေါ် ခြိမ်းခြောက်လျက်ရှိသည့် ပြဿနာကြီးတစ်ရပ်လည်း ဖြစ်သည်။ ထိုပြဿနာရပ်မှာ လက်ရှိဆောင်ရွက်နေကြသည့် လိင်မှုလုပ်ငန်းခွင်အတွင်းတွင်ပါ ကြုံတွေ့နေရခြင်းဖြစ်ပြီး ထိုလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲသူများ၊ ဖောက်သည်များ အစရှိသူတို့၏ လူစိတ်ကင်းမဲ့သော လုပ်ရပ်များကြောင့် ဖြစ်ပေသည်။ လိင်လုပ်သားများဘက်က အကာအကွယ်သုံး၍ ဆက်ဆံလိုသော်လည်း ဖောက်သည်များက ငြင်းဆိုတတ်ပြီး ထိုအကြောင်းကြောင့် ပင်လျှင် ပြဿနာမှာ မတက်သင့်ဘဲ တက်ရတော့သည်။

လိင်လုပ်သားတို့ နေထိုင်ရာ လုပ်ငန်းခွင်မှာလည်း ရာဇဝတ်မှုများ ထူပြောသည့် အန္တရာယ်ဇုန်များ ဖြစ်နေတတ်သည်။ ထိုအရပ်ရှိ ရဲများမှာလည်း လိင်လုပ်သားများဘက်မှ ရပ်တည်ဆောင်ရွက်ပေးခြင်း မရှိတတ်ကြချေ။ အာရှပစိဖိတ်ဒေသအတွင်းမှ လိင်လုပ်သားများသည် ရဲအချို့၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံစားနေကြရပြီး ထိုကဲ့သို့သော လုပ်ရပ်များကို တိုင်ကြားရန်၊ လူ့အဖွဲ့အစည်းကို အသိပေးရန်မှာလည်း လိင်လုပ်သားများအတွက် အခက်အခဲတစ်ရပ် ဖြစ်နေသည်။

လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၏ အကြောင်းရင်းတို့ကို စစ်ဆေးဖော်ထုတ်ရာ၌ လိင်လုပ်သားတို့ ကြုံတွေ့ခံစားနေရသည့် ဘဝအခြေအနေများကို ထည့်သွင်းစဉ်းစားရပေမည်။ တစ်သီးပုဂ္ဂလ လှုပ်ရှားတတ်သော လိင်လုပ်သားများအနေဖြင့် အန္တရာယ်ကြုံတွေ့ရန်မှာ အခွင့်အလမ်း ပိုများပေသည်။ ထို့အပြင် အရှေ့တောင်အာရှနိုင်ငံအများစု၌ လိင်လုပ်ငန်းမှာ ဥပဒေနှင့် ဆန့်ကျင်သည့် လုပ်ငန်းတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး ထိုအချက်က လိင်လုပ်သားများ၏ အခွင့်အရေးများကို တားဆီးပိတ်ပင်ထားသကဲ့သို့ ဖြစ်စေပေသည်။ ထို့ကြောင့်ပင်လျှင် လိင်လုပ်ငန်းများမှာ ပုန်းလျှိုးကွယ်လျှိုး လုပ်ကိုင်နေကြရပြီး လိင်လုပ်သားများကိုလည်း အပြစ်သားများသဖွယ် ရှုမြင်တတ်ကြသေးသည်။ လိင်မှုလုပ်ငန်းများကို အသိအမှတ်ပြုခြင်းမရှိသည့် တိုင်းပြည်များရှိ လိင်လုပ်သားများအနေဖြင့် ဌာနဆိုင်ရာနှင့် တာဝန်ရှိသူတို့၏ လျစ်လျူရှုမှုကို ခံနေကြရပြီး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကြုံတွေ့ရန် အခွင့်အလမ်း ပိုများသည်ကိုလည်း တွေ့ရပေသည်။

*Source: Building Partnerships on HIV and Sex Work UNFPA (2011)*

**ဂ။** အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။

၁။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အဘယ်ကြောင့် လိင်လုပ်သားများပါ ခံစားနေကြရသနည်း။

၂။ ထိုအကြမ်းဖက်မှုများ လိင်လုပ်သားတို့တွင် အဖြစ်များရသည့် အကြောင်းရင်းကို ဖော်ပြပေးပါ။

၃။ လိင်လုပ်ငန်းများကို တရားဝင် အသိအမှတ်ပြုပေး မထားခြင်း၏ အကျိုးဆက်တို့ကို ဖော်ပြပေးပါ။

**ဃ။** အောက်ပါ စာပိုဒ်ကို ဖတ်ရှုပေးပြီး တင်ပြထားသည်တို့မှ သင့်လျော်သော အကြောင်းအရာများကို မေးခွန်း (က) ပါ ဇယားတွင် ဖြည့်စွက်ပေးပါ။

## လိင်မှုလုပ်ငန်းနှင့် ဥပဒေရေးရာ

အိန္ဒိယနိုင်ငံနှင့် အချို့သော အာရှနိုင်ငံများတွင် လိင်လုပ်သားများအပေါ် ရဲဝန်ထမ်းများက ထိပါးနှောင့်ယှက်မှုများ ပြုကျင့်လျက်ရှိသည်ကို တွေ့ရပေသည်။ ထိုအခြေအနေတို့ကို တားဆီးထိန်းကွပ်ရန် လူမှုအဖွဲ့အစည်းများက အလေးဂရုပြုမှု မရှိသည်ကိုလည်း တွေ့ရပေသည်။ ထိုအကြောင်းတို့ကြောင့် လိင်လုပ်သားများအနေဖြင့် မိမိတို့ကိုယ်တိုင် အဖွဲ့အစည်းများ တည်ထောင်လှုပ်ရှားကြရသည်။

VAMP အမည်ရ လိင်လုပ်သားများအတွက် ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ဖွဲ့မှ ရဲဝန်ထမ်းများ လိုက်နာရမည့် ဥပဒေစည်းကမ်းချက်များပါ စာအုပ်ငယ်လေးများ ထုတ်ဝေထားရှိသည်။ ထိုစာစောင်တို့ကို လိင်လုပ်သားများထံ ဖြန့်ဝေပေးထားပြီး ရဲဝန်ထမ်းများက ၎င်းတို့အပေါ် ဥပဒေငြိစွန်းသည့် လုပ်ရပ်တစ်ခုခုလုပ်ရန် ကြံဆောင်ပါက ထိုစာစောင်ဖြင့် အသိပေးနိုင်ရန် ရည်ရွယ်သည်။

VAMP အနေဖြင့် ရဲဝန်ထမ်းအသစ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အဖြစ်များသည့် နေရာများအကြောင်း အသိပေးထားပြီး အဆိုပါ စာအုပ်များပါ ဖြန့်ဝေပေးအပ်ထားသည်။ အဆိုပါ စာအုပ်ကြောင့် လိင်လုပ်သားများအတွက် အကျိုးရှိနိုင်ပြီး အိန္ဒိယနိုင်ငံရှိ ရဲဝန်ထမ်းများနှင့် လိင်လုပ်သားများအကြား ကောင်းမွန်သော ဆက်ဆံရေးတစ်ရပ် တည်ထောင်နိုင်ခဲ့ပေသည်။

*Source: Building Partnerships on HIV and Sex Work UNFPA*

၄။ မြန်မာပြည်မှ လိင်လုပ်သားများအနေဖြင့် မည်သို့သော ဘဝအခြေအနေများ ပိုင်ဆိုင်ထားကြသနည်း။ မည်သည့် အခက်အခဲများ ရင်ဆိုင် ကြုံတွေ့နေရသနည်း။

၅။ AIDS ရောဂါနှင့် HIV ရောဂါပိုးတို့အကြောင်း မည်မျှ သိရှိထားသနည်း။

၁။ အဆိုပါ ရောဂါသည် မည်ကဲ့သို့ ကူးစက် ပြန့်ပွားနိုင်ပါသနည်း။

၂။ ရောဂါကူးစက်မှုမှ ကာကွယ်ရန် မည်သို့ ကြိုတင် ဆောင်ရွက်နိုင်မည်နည်း။

၆။ စာပိုဒ်ကို ဖတ်ရှုပြီး ကွန်ဒုံး အသုံးမပြုခြင်း၏ အကျိုးဆက်များကို ဖော်ပြပေးပါ။ ထိုစာပိုဒ်တွင် တင်ပြထားချက်များသည် ၁၉၉၈ ခုနှစ်မှ အခြေအနေများကို အခြေခံထားခြင်း ဖြစ်သည်။ ယခုခေတ်အခါတွင် ကွဲပြားသော အခြေအနေများ ရှိ၊ မရှိ ဖော်ပြပေးပါ။

AIDS ရောဂါနှင့် HIV ပိုး အကြောင်း အသိပညာပေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် နည်းပါးနေဆဲ ဖြစ်သည်။ အထူးသဖြင့် လိင်လုပ်သား အမျိုးသမီးများသည် အဆိုပါ ရောဂါဆိုးတို့၏ ခြိမ်းခြောက်မှုဒဏ်ကို ခံစားနေကြရသည်။ အဆိုပါ အမျိုးသမီးများ အနေဖြင့် ကွန်ဒုံးကိုင်ဆောင်ခွင့်ကိုပါ ပိတ်ပင်တားမြစ်ခံထားကြရသည်။

ကွန်ဒုံးဆောင်သည့် အမျိုးသမီးများကို လိင်လုပ်သားများဟုသာ သတ်မှတ်ယူဆထားတတ်ကြသည်။ ထိုအကြောင်းကြောင့်လည်း လိင်လုပ်ငန်းများတွင် ကွန်ဒုံးအသုံးပြုမှု များပြားအောင် လုပ်ဆောင်ရန်မှာ ခက်ခဲနေသည်ကို တွေ့ရပေသည်။အမျိုးသားများမှာမူ ကွန်ဒုံးကိုင်ဆောင်ခွင့် ရှိပေသည်။

*Source: Gathering Strength: Women from Burma on their Rights, Chiang Mai, Thailand, Images Asia; 2002*

၇။ အောက်ပါ စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်းတို့ကို ဖြေဆိုပါ။



လိင်မှုလုပ်ငန်းဖြင့် အသက်မွေးနေကြရသူများအနေဖြင့် အလုပ်အကိုင်အခြေအနေများ ကောင်းမွန်စေရေး၊ သက်ဆိုင်ရာ အခွင့်အရေးများ ခံစားနိုင်ရေးအတွက် ဆန္ဒရှိနေကြပြီး လုံခြုံစိတ်ချရသည့် အလုပ်နေရာများတွင်သာ လုပ်ကိုင်ချင်ကြသည်။ သို့ရာတွင် အများစုသော လိင်လုပ်သားများမှာ ပြည့်တန်ဆာရုံများတွင် လုပ်ကိုင်နေထိုင်ကြရသည်။ လိင်လုပ်ငန်းမှ ရရှိသော ဝင်ငွေသည် အခြားသော အိမ်အကူလုပ်ခြင်း၊ စားပွဲထိုးအဖြစ် လုပ်ကိုင်ခြင်းတို့ထက် ပိုမို များပြားသည်ကိုလည်း လေ့လာသိရှိရသည်။ သတင်းမီဒီယာများတွင် လိင်လုပ်သားများကို ဆင်းရဲပြီး သနားစရာကောင်းသည့် ဘဝပိုင်ရှင်များအဖြစ် ပုံဖော်ရေးသားကြသော်လည်း လက်တွေ့တွင်မူ ထိုလုပ်ငန်းမှ ရရှိသော ဝင်ငွေဖြင့် ကျောင်းစရိတ်ပေးခြင်း၊ မိသားစုအတွက် ထောက်ပံ့ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ခြင်းတို့အထိ ဆောင်ရွက်နိုင်သည်ကို တွေ့ရပေသည်။ လိင်လုပ်ငန်းများကို လူကုန်ကူးမှုလုပ်ငန်းများဖြင့် တွဲဖက် ရှုမြင်တတ်ကြပြီး လိင်လုပ်သားတိုင်း လူကုန်ကူးခံခဲ့ရသူများ ဟူ၍လည်း ထင်မြင်တတ်ကြသေးသည်။ အချို့သော လိင်လုပ်သားများအနေဖြင့် အတင်းအဓမ္မ ခိုင်းစေခံခဲ့ရသည်မှာ မှန်သော်လည်း အချို့မှာမူ ဘဝပေးအခြေအနေများကြောင့် ကိုယ်တိုင်ရွေးချယ် လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ ထိုကဲ့သို့ လိင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်မှန်များကို သိရှိနိုင်ရန်အတွက် သတင်းမီဒီယာတို့ပါ ဖော်ပြချက်များကို ချင့်ချိန်ပြီးမှသာ ယုံကြည်သင့်ပြီး ကာယကံရှင်တို့၏ အသံများကိုလည်း နားထောင်ရန် လိုအပ်ပေသည်။

*Source: The Danger of Conflating Traggicking & Sex Work by the Sex Workers Project at the Urban Justice Center(2007)*

၁။ သတင်းမီဒီယာများအနေဖြင့် လိင်လုပ်သားများနှင့် ပတ်သက်၍ မည်သို့ ဖော်ပြတတ်ကြသနည်း။ ထိုဖော်ပြချက်များမှာ မှန်ကန်မှု ရှိပါသလား။

၂။ လိင်မှုလုပ်ငန်းများနှင့် လူကုန်ကူးမှုတို့အကြား မည်သို့သော ခြားနားချက်များ ရှိသနည်း။

**ဈ။** လိင်လုပ်သားများ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာအခက်အခဲတစ်ရပ်ရပ်ကို ရွေးထုတ်ပြီး ၎င်းတို့ကို မည်သို့ အဖြေရှာဆောင်ရွက်နိုင်မည်၊ အဖွဲ့အစည်းများအနေဖြင့် မည်သို့ ဆောင်ရွက်ဖြေရှင်းပေးလျက်ရှိသည်၊ မည်သို့သော လုပ်ဆောင်ချက်များ ပါဝင်သည်ကို ပြုစုရေးသားပေးပါ။ ပြီးနောက် အတန်းသားများထံ တင်ပြ ဆွေးနွေးပေးပါ။

# အခန်း (၉) ပြန်လည်သုံးသပ်ခြင်း

**က။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အောက်ပါတို့ကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ လိင်မှုလုပ်ငန်းများကို တရားဥပဒေအရ ခွင့်ပြုသင့်သည်ဟု ထင်ပါသလား။ ကန့်သတ်ပိတ်ပင် ထားသင့်ပါသလား။ အဘယ်ကြောင့်နည်း။

၂။ စာဖတ်သူ၏ လူမှုအသိုင်းအဝိုင်းတွင် လိင်မှုလုပ်ငန်းများ ရှိပါသလား။ ထိုလုပ်ငန်းများအပေါ် မည်သို့ ရှုမြင်သဘောထားသနည်း။

၃။ လိင်မှုလုပ်ငန်းများအနေဖြင့် မည်သို့သော အပြောင်းအလဲများနှင့် ကြုံတွေ့နေရသည်ဟု ထင်သနည်း။

**ခ။ သင်ခန်းစာပါ အကြောင်းအရာတို့ကို အခြေခံ၍ အောက်ပါတို့ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးပါ။**

၁။ လိင်မှုလုပ်သား။

၂။ လိင်အခြေပြု ခရီးသွားလုပ်ငန်း။

၃။ အန္တရာယ်ကင်းသော ဆက်ဆံမှု။

**ဂ။ အောက်ပါ မေးခွန်းတို့ကို အချက်အလက် စုံလင်စွာဖြင့် ဖြေဆိုပေးပါ။**

၁။ လိင်မှုလုပ်ငန်းများတွင် လုပ်ကိုင်ကြရသည့် အကြောင်းရင်းတို့ကို ဖော်ပြပေးပါ။

၂။ လိင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် ပြဿနာအခက်အခဲများ၊ အန္တရာယ်များကို ဖော်ပြပေးပါ။

၃။ လိင်မှုလုပ်သားများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် မည်သို့ အဖြေရှာ ဆောင်ရွက်ပေးနိုင်မည်ဟု ထင်သနည်း။

# အခန်း (၁၀) နိဂုံးချုပ် သိမှတ်ဖွယ်



## ၁၀.၁ Gender နှင့် မြန်မာ့လူ့အဖွဲ့အစည်း

**က။** ဖော်ပြပါ ပြောဆိုချက်ကို ကြည့်ရှုပြီး အောက်ပါ မေးခွန်းတို့ကို ဖြေဆိုပါ။


၁။ ဆရာမ မီမီခိုင်၏ ပြောဆိုချက်များသည် မြန်မာ့လူ့အဖွဲ့အစည်း၏ လက်ရှိအခြေအနေများကို ထင်ဟပ်နေပါသလား။

၂။ ထိုပြောဆိုချက်များသည် ရှေးယခင်က အမျိုးသား၊ အမျိုးသမီးတိုင်းကို ကိုယ်စားပြုနေသည်ဟု ထင်ပါသလား။

၃။ လူ့အဖွဲ့အစည်းအတွင်း မည်သို့သော အပြောင်းအလဲများနှင့် ကြုံတွေ့ခဲ့ရသည်ဟု ထင်မြင်မိသနည်း။


၄။ မည်သည့်အချက်များသည် မပြောင်းလဲဘဲ ဆက်လက် တည်ရှိနေသေးသနည်း။

၅။ ယနေ့ခေတ်အခါတွင် မြန်မာ့လူ့အဖွဲ့အစည်း၏ အမျိုးသားများနှင့် အမျိုးသမီးတို့အကြား မည်သို့သော ဆက်နွှယ်ပတ်သက်မှု ပုံစံများ ရှိသည်ကို ဖော်ပြပေးပါ။



"အမျိုးသားတွေဟာ လူ့အဖွဲ့အစည်းရဲ့ အခွင့်အာဏာကို ပိုင်ဆိုင်ထားကြတယ်။ စိတ်ဓာတ်လည်း တက်ကြွကြတယ်။ ပြီးတော့ စိတ်အပြောင်းအလဲမြန်ပြီး အယုံလွယ်တတ်ကြတယ်။ အမျိုးသမီးတွေကြတော့ လူ့အဖွဲ့အစည်းရဲ့ ပဲ့ကိုင်ရှင်တွေ ဖြစ်တယ်။ အခက်အခဲ ပြဿနာတွေ ကြုံလာရင်လည်း စိတ်အေးလက်အေးနဲ့ ရင်ဆိုင်ဖြေရှင်းတတ်တယ်။ ခင်ပွန်းသည် အမျိုးသားတွေအတွက်လည်း အကြံကောင်း ဉာဏ်ကောင်းတွေ ပေးတတ်ပြီး မိသားစုတာဝန်ကို ယူကြရတယ်။"

မီမီခိုင်




မီမီခိုင် (၁၉၁၆ – ၁၉၉၀) သည် မနုဿဗေဒ ပညာရှင်တစ်ဦးဖြစ်သည်။ အမျိုးသမီးတို့၏ ဘဝအခြေအနေများကို ဖော်ပြထားသည့် *Burmese Family* (၁၉၄၈) နှင့် *The World of Burmes Women* (၁၉၈၄) ဟူသော စာအုပ် (၂) အုပ်ကို ရေးသားခဲ့သည်။

ခ။ အောက်ပါ ကွက်လပ်တို့ကို ဖြည့်စွက်ပေးပါ။

၁။ လူငယ်အမျိုးသားတို့၏ အခြေအနေများ တိုးတက်ကောင်းမွန်စွာ ပြောင်းလဲရေးအတွက် ____________ လုပ်ငန်းများကို ဖော်ဆောင်ပေးလိုသည်။

၂။ အမျိုးသမီးငယ်လေးများ၏ အခြေအနေများ တိုးတက်ကောင်းမွန်စွာ ပြောင်းလဲရေးအတွက် ____________ လုပ်ငန်းများကို ဖော်ဆောင်ပေးလိုသည်။

၃။ အမျိုးသား၊ အမျိုးသမီးတိုင်း၏ အကျိုးအတွက် ____________ လုပ်ငန်းဆောင်တာများကို ဖော်ဆောင်သင့်သည်။

၄။ အမျိုးသား၊ အမျိုးသမီးတိုင်း တန်းတူအခွင့်အရေးများ ပိုင်ဆိုင်ရေးအတွက် လူမှုအဖွဲ့အစည်းအားလုံးက ____________ တို့ကို ဆောင်ရွက်ပေးသင့်သည်။

၅။ ____________ တို့ကို စိတ်ဆန္ဒမပါရှိဘဲ ကျင့်သုံးလိုက်နာမှု မပြုစေသင့်။

၆။ အမျိုးသား၊ အမျိုးသမီးများအကြား တန်းတူညီမျှမှု ဖော်ဆောင်နိုင်ရေးအတွက် တစ်ဦးချင်းအနေဖြင့် ____________ တို့ကို လိုက်နာကြရမည်။

ဂ။ ဖော်ပြပါ ကာတွန်းရုပ်ပုံကို ကြည့်ရှုပြီး မည်သည့် အဓိပ္ပာယ်ရသည်၊ မိမိတို့၏ လူမှုအသိုင်းအဝိုင်းကို မည်သို့ ဆက်နွှယ်နေသည်ကို ဖော်ပြပေးပါ။

မျက်လုံးကလွဲလို့ တစ်ကိုယ်လုံးကို ကာထားလေရဲ့၊ အော် .. ရက်စက်ပြီး အမျိုးသား ကြီးစိုးတဲ့ ယဉ်ကျေးမှုပါလားနော်။




မျက်လုံးကလွဲလို့ တစ်ကိုယ်လုံးကို ဖော်ထားလေရဲ့၊ အော် .. ရက်စက်ပြီး အမျိုးသား ကြီးစိုးတဲ့ ယဉ်ကျေးမှုပါလားနော်။

ဃ။ စာဖတ်သူ၏ ပတ်ဝန်းကျင်တွင် အဖြစ်များသည့် Gender ဆိုင်ရာ အကြောင်းအရာတစ်ရပ်ကို အခြေခံလျက် ကာတွန်းရုပ်ပုံတစ်ခု ရေးဆွဲပေးပါ။

## ၁၀.၂ ပြန်လည်ဆန်းစစ်ခြင်း

က။ အောက်ပါ ကွက်လပ်တို့ကို ဖြည့်စွက်ပေးပါ။

၁။ အမျိုးသမီးဖြစ်ခြင်း၏ ကောင်းကွက်တို့မှာ ________

၂။ အမျိုးသားဖြစ်ခြင်း၏ ကောင်းကွက်တို့မှာ ________

၃။ ‘Gender အခြေပြု တန်းတူညီမျှမှု’ ဆိုသည်မှာ ________

၄။ ‘Gender အခြေပြု တန်းတူညီမျှမှု’ ကို ဆောင်ကြဉ်းပေးနိုင်ရန်အတွက် __________ တို့ကို (လူသားတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းအနေဖြင့်) အတူတကွ လက်တွဲ လုပ်ဆောင်ကြရမည်။

အခန်း (၁.၄)၊ မေးခွန်း (ဂ) တွင် ဖြေဆိုထားချက်များနှင့် ပြန်လည် တိုက်ဆိုင် စစ်ဆေးပေးပါ။ ထိုအဖြေများနှင့် တူညီမှု ရှိပါသလား။ မည်သို့သော ပြောင်းလဲမှုများ ရှိသနည်း။

ခ။ အဖွဲ့များ ဖွဲ့ပြီး အဖွဲ့တစ်ဖွဲ့လျှင် အခန်းတစ်ခန်းစီ တာဝန်ယူပေးပါ။ အခန်းအစတွင် ဖော်ပြထားသော သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များကို ကြည့်ရှုပြီး အဖွဲ့ဝင်တိုင်းအနေဖြင့် ထိုရည်မှန်းချက်များကို ခွဲဝေ သုံးသပ်ပေးပါ။ ထို့နောက် အဖွဲ့ဝင်များ အနေဖြင့် အဆိုပါ ရည်မှန်းချက်များ ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ်ပေးပြီး ဆွေးနွေး အတည်ပြုပေးပါ။ ထိုအခန်းပါ အကြောင်းအရာများ၊ ဖော်ပြပါရှိချက်များကို အခြားသော အဖွဲ့များထံ တင်ပြ ဆွေးနွေးပေးပါ။

## ၁၀.၃ လက်တွေ့အသုံးချရေး

က။ ဤစာအုပ်ပါ သင်ခန်းစာများထဲမှ စိတ်အဝင်စားဆုံးဖြစ်သည့် အကြောင်းအရာ၊ ပြဿနာ (၃) ရပ်ကို ရွေးချယ်ပေးပါ။ ထို့နောက် အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး အောက်ပါတို့ကို ဆွေးနွေးပါ။

၁။ ထိုအကြောင်းအရာတို့ကို မိမိတို့၏ လူမှုပတ်ဝန်းကျင်တွင် တွေ့ကြုံဖူးပါသလား။

၂။ ထိုအခြေအနေအကြောင်းရပ်တို့ကို မည်သို့ လက်တွေ့အဖြေရှာ ဆောင်ရွက်ပေးနိုင်မည်ဟု ထင်သနည်း။

ခ။ လက်တွေ့ဖော်ဆောင်နိုင်၊ ဖြေရှင်းပေးနိုင်မည်ဟု ထင်သည့်အကြောင်းအရာ၊ လူမှုပြဿနာတစ်ရပ်ကို ရွေးချယ်ပေးပါ။ ပြီးနောက် မည်သို့ လှုပ်ရှားဆောင်ရွက်နိုင်မည်ကို စဉ်းစားသုံးသပ်ပါ။

၁။ ထိုပြဿနာရပ်အနေဖြင့် လူ့အဖွဲ့အစည်းအပေါ် မည်သို့ သက်ရောက်မှုများ ရှိနေသနည်း။

၂။ ထိုကဲ့သို့သော ပြဿနာရပ်များကို အခြားသော တိုင်းပြည်များတွင် မည်သို့ ဖြေရှင်း ဆောင်ရွက်တတ်သနည်း။

၃။ ထိုကိစ္စရပ်များကို တာဝန်ယူ ဖြေရှင်းသည့် အဖွဲ့အစည်းများ ရှိ၊ မရှိ လေ့လာ ဖော်ပြပေးပါ။

၄။ မည်သို့သော လုပ်ဆောင်ချက်များကို ဖော်ဆောင်ပေးနိုင်မည်နည်း။

ဂ။ မိမိတို့အနေဖြင့် အဆိုပါ ပြဿနာရပ်အတွက် မည်သို့ အဖြေရှာ ဆောင်ရွက်ပေးနိုင်မည်ကို ပြုစုရေးသားပေးပါ။

ဃ။ မိမိတို့ ဖော်ဆောင်မည့် လုပ်ဆောင်ချက်တွင် ကြုံတွေ့ရနိုင်သည့် ပြဿနာရပ်များ၊ အဖြေများကို စဉ်းစားဖော်ထုတ်ပြီး အောက်ပါ ဇယားတွင် ဖြည့်စွက်ပေးပါ။

| ပြဿနာရပ်များ | အဖြေများ |
|---|---|
| ရှေးရိုးစွဲအမြင်ရှိသူများ၏ ကန့်ကွက်မှုနှင့် ကြုံတွေ့ရနိုင်သည်။ | ထိုလုပ်ရပ်၏ အကျိုးအပြစ်တို့ကို ရှင်းလင်းပြသပြီး နားလည် လက်သင့်ခံလာအောင် စည်းရုံးလှုံ့ဆော်သင့်သည်။ |

၄။ အဆိုပါ လှုပ်ရှားမှု/လုပ်ဆောင်ချက်၏ ရည်မှန်းချက်ကို ဖော်ပြပေးပါ။ ဥပမာ –

– လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများအကြောင်း အသိပညာပေးရန်။

– လိင်အခြေပြု ခွဲခြားမှုများကို ဆန့်ကျင်ကန့်ကွက်ရန်။

– လုပ်ငန်းခွင်အသီးသီးတွင် လိင်အခြေပြု ခွဲခြားမှုများ ရှိနေသည်ကို လူငယ်လူရွယ်များအနေဖြင့် သိမြင်လာကြပြီး တိုက်ဖျက်ချေမှုန်းရန်။

၅။ ထိုလုပ်ဆောင်ချက်ကို လက်တွေ့ အသုံးချကြည့်ပါ။

၆။ လုပ်ဆောင်ချက်ကို ပြန်လည်သုံးသပ်ပြီး ရည်မှန်းချက်များ ပြည့်မီမှုရှိ၊ မရှိ ဆန်းစစ်ပေးပါ။

လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း
သတင်းစာများတွင် ရေးသားဖော်ပြခြင်း
လမ်းမပေါ် ကပွဲများမှတစ်ဆင့် အသိပညာ မျှဝေခြင်း
လူမှုရေးအဖွဲ့အစည်းတစ်ရပ်တွင် ပါဝင် ကူညီပေးခြင်း
ရန်ပုံငွေပွဲများ ကျင်းပခြင်း
ဟောပြောပွဲများ စီစဉ် ကျင်းပခြင်း
ကျောင်းသားလူငယ်များကို အသိပညာများ မျှဝေပေးခြင်း
အနုပညာဖြင့် ဖန်တီး သရုပ်ဖော်ခြင်း
ဓာတ်ပုံပြိုင်ပွဲများ ကျင်းပပေးခြင်း

## Picture Acknowledgements.

Where possible, Mote Oo Education has used Creative Commons or public domain images throughout this book, unless the images are the property of Mote Oo Education or we believe that their use constitutes "fair use" for teaching purposes.

We have attempted to attribute copyright to copyright holders by providing all relevant information and a full URL. However, this list may incomplete as this book has been compiled over several years from many resources. If an image in this book has been incorrectly attributed, or has been mistakenly used, please contact the publisher and we will correctly attribute or remove from future editions. The views of the copyright holders do not necessarily reflect the views of Mote Oo Education

Other than Mote Oo Education's own images, the following photographs have been used in the publication of this book:

| Page | Author(s) | Title/Description | Source | Licence (CC denotes "Creative Commons") |
|---|---|---|---|---|
| 1 | Miraceti | Symbol of sex - joined (interlaced) female and male signs (i.e. Venus and Mars symbols) | http://commons.wikimedia.org/wiki/File:Symbols-Venus-Mars-joined-together.png | CC Attribution-Share Alike 3.0 Unported |
| 5 | unknown | banner | www.etsy.com | unknown |
| 7 | unknown | heads | unknown | unknown |
| 8 | unknown | girl playing dolls | http://obaketalk.blogspot.com/2010/09/tulisan-disaat-sakit-hahaha-alibi-sakit.html | unknown |
| 8 | unknown | boy playing with cars | http://www.disneystore.com/toys/boys/mn/1000208+1000762/ | unknown |
| 13 | Estitxu Carton from Irún, Spain | Happiness | http://commons.wikimedia.org/wiki/File:Happy_woman.jpg | CC Attribution-Share Alike 2.0 Generic |
| 13 | Sukanto Debnath from Hyderabad, India | you may say that he needs to brush his teeth, I would say the same too...but Happy faces are worth capturing; I like when someone smiles so open | http://commons.wikimedia.org/wiki/File:Flickr_-_Sukanto_Debnath_-_A_happy_man.jpg | CC Attribution 2.0 Generic |
| 12 | J. Howard Miller | "We Can Do It!" poster | http://en.wikipedia.org/wiki/File:We_Can_Do_It!.jpg | Public Domain |
| 12 | unknown | unknown | http://botecodamonroe.wordpress.com/2014/03/08/parabens-para-nos-mulheres/ | unknown |
| 14 | unknown | A sign for a protest and equal rights rally in Washington DC. | http://adambialekphotography.blogspot.com/ | (c) AJ Bialek |
| 17 | unknown | Ha Long Bay, Vietnam | http://www.fansshare.com/gallery/photos/12059805/vietnam-map/ | unknown |
| 17 | unknown | "Double Standards" | http://nessa810.blogspot.com/ | unknown |
| 18 | unknown | Mother and child | http://www.global-images.net/writing/burma.htm | Cc Attribution-NonCommercial 2.0 Generic |
| 20 | unknown | Myanmar Self-reliance Group | http://www.impactalliance.org/ev_fr.php?ID=49432_201&ID2=DO_TOPIC | unknown |
| 21 | unknown | Female-headed house | unknown | unknown |
| 22 | | Myanmar wedding | | |
| 16 | unknown | unknown | unknown | unknown |
| 26 | Lionslayer | A Myanmar tradational snack shop at Yaykyaw Thadingyut, Yangon | http://commons.wikimedia.org/wiki/File:A_Myanmar_tradational_snack_shop_at_Yaykyaw_Thadingyut_Yangon.JPG | CC Attribution-Share Alike 3.0 Unported |
| 26 | unknown | cartoon about women and work | unknown | unknown |
| 27 | Barnaby Robson | Yangon taxi driver | http://www.stevehuffphoto.com/tag/e-m5/ | unknown |
| 27 | Vlastimil | Czech nursing students. | http://commons.wikimedia.org/wiki/File:Nursing_students.jpg | CC Attribution-Share Alike 2.0 Generic |
| 28 | unknown | unknown | http://debsalvagno.wordpress.com/gallery/ | unknown |
| 28 | Ian Alexander | Women, fully veiled, carrying heavy pots or metal tins of water on their heads in a rocky valley near Bamiyan, Afghanistan, 1976 | http://commons.wikimedia.org/wiki/File:Women_carrying_water_in_Afghanistan,_near_Bamiyan,_1976.jpg | CC Attribution-Share Alike 3.0 Unported |
| 28 | McKay Savage from London, UK | A 28-member farming group in Machakos, Kenya farms a 4-acre plot where they grow oranges, avocado, vegetables, maize. | http://en.wikipedia.org/wiki/File:Women_smallholder_farmers_in_Kenya.jpg | CC Attribution 2.0 Generic |
| 28 | National Cancer Institute | Scientist Looking Thorugh Microscope | http://commons.wikimedia.org/wiki/File:Scientist_looking_thorugh_microscope.jpg | Public Domain |
| 29 | unknown | unknown | unknown | unknown |
| 31 | G. Bizzarri (?) | Myanmar: Woman Making Improved Stove | http://stoves.bioenergylists.org/stovesdoc/Countries/country.html | unknown |
| 31 | unknown | unknown | http://bizzee.net/cash-saving-tips-shopping-for-groceries/ | unknown |
| 31 | Arne Hückelheim | A man ironing clothes in his roadside stand using an iron heated by charcoal. Taken in Northern India. | http://en.wikipedia.org/wiki/File:ManIroning.JPG | CC Attribution-Share Alike 3.0 Unported |
| 31 | Wen-Yan King | Mumbai slum mother holding child. Mother in sari, with several Indian ear piercings and a nose piercing. | http://en.wikipedia.org/wiki/File:Mother_and_child_in_Mumbai.jpg | CC Attribution 2.0 Generic |
| 35 | unknown | Myanmar school kids | http://www.nippon-foundation.or.jp/what/spotlight/myanmar/story1/ | unknown |
| 35 | unknown | unknown | unknown | unknown |

| Page | Author(s) | Title/Description | Source | Licence (CC denotes "Creative Commons") |
|---|---|---|---|---|
| 37 | unknown | unknown | unknown | unknown |
| 37 | unknown | unknown | www.ounavarra.org | unknown |
| 37 | unknown | unknown | unknown | unknown |
| 40 | unknown | unknown | www.culturalorientation.net | unknown |
| 40 | unknown | Cambodian Girl | http://darlingmagazine.org/the-pink-room/cambodian-girl/ | unknown |
| 42 | unknown | unknown | unknown | unknown |
| 45 | unknown | butterflytying4.jpg | http://wikisphere.ru/wiki/ | unknown |
| 47 | unknown | Atheist poster | http://atheistbillboards.com/2009/11/no-god-no-problem-be-good-for-goodness-sake/ | unknown |
| 48 | Niccolò Caranti | Tenzin Gyatso, 14th Dalai Lama in Trento in 2013. | http://en.wikipedia.org/wiki/File:Tenzin_Gyatso_-_Trento_2013_01.JPG | CC Attribution-Share Alike 3.0 Unported |
| 48 | Fabio Pozzebom/ ABr | Pope Benedict XVI during visit to São Paulo, Brazil. | http://upload.wikimedia.org/wikipedia/commons/f/fe/BentoXVI-29-10052007.jpg | CC Attribution 3.0 Brazil |
| 48 | unknown | Imam Johari Abdul Malik | unknown | unknown |
| 51 | Agência Brasil | Dilma Rousseff, presidenta do Brasil, e Hillary Clinton, secretária de Estado dos Estados Unidos. Brasília, 1º de janeiro de 2011. | http://commons.wikimedia.org/wiki/File:Dilma_Rousseff_and_Hillary_Clinton_2010.jpg | CC Attribution 3.0 Brazil |
| 54 | Claude TRUONG-NGOC | Remise du Prix Sakharov à Aung San Suu Kyi par Martin Schultz au Parlement européen à Strasbourg le 22 octobre 2013. | http://commons.wikimedia.org/wiki/File:Remise_du_Prix_Sakharov_%C3%A0_Aung_San_Suu_Kyi_Strasbourg_22_octobre_2013-08.jpg | |
| 54 | unknown | unknown | unknown | unknown |
| 54 | World Economic Forum | DAVOS/SWITZERLAND, 26JAN12 | http://en.wikipedia.org/wiki/File:Hina_Rabbani_Khar_-_World_Economic_Forum_Annual_Meeting_2012.jpg | CC Attribution-Share Alike 2.0 Generic |
| 55 | unknown | Iraniam women fighting for their rights | http://uncovering-irans-history.wikispaces.com/Class+Structure+in+Iran+Hannah+Gordon | unknown |
| 55 | unknown | Moroccan women protest in the streets for equality on National Women's Day in Morocco. | http://chelseakittajour470.blogspot.com/ | © ADFM |
| 55 | unknown | A conference back at our children's center in southern Mozambique | http://www.irisglobal.org/news/newsletters/view/faith-love-and-joy-in-the-bush#19 | © 2014 IRIS Global. |
| 55 | unknown | unknown | unknown | unknown |
| 56 | meaduva | Wangari Maathai | https://www.flickr.com/photos/meaduva/2926928576/ | CC Attribution-NoDerivs CC 2.0 Generic |
| 59 | David Goehring | Headband | https://www.flickr.com/photos/carbonnyc/3048463345/ | Attribution 2.0 Generic |
| 59 | unknown | LGBT logo and rainbow | unknown | unknown |
| 60 | unknown | unknown | unknown | unknown |
| 60 | William Murphy | Dublin Gay Pride Parade 2011 - Before It Begins | https://www.flickr.com/photos/infomatique/5870693337/ | CC Attribution-ShareAlike 2.0 Generic |
| 64 | unknown | unknown | www.homophobiaday.org | unknown |
| 68 | unknown | No abuse | http://www.cubahora.cu/sociedad/sumando-voces-desde-cuba | unknown |
| 68 | unknown | unknown | unknown | unknown |
| 70 | World Economic Forum | Ban Ki-moon - World Economic Forum Annual Meeting 2011 | http://commons.wikimedia.org/wiki/File:Ban_Ki-Moon_Davos_2011.jpg | CC Attribution-Share Alike 2.0 Generic |
| 72 | unknown | unknown | https://www.pinterest.com/wrcommission/16-days-of-activism-against-gbv-2012/ | unknown |
| 74 | unknown | unknown | unknown | unknown |
| 76 | unknown | unknown | unknown | unknown |
| 77 | unknown | unknown | unknown | unknown |
| 77 | unknown | unknown | unknown | unknown |
| 80 | unknown | unknown | http://yaldapashai.wordpress.com/2010/09/ | (c) Yalda Pashai |
| 81 | unknown | unknown | unknown | unknown |
| 82 | unknown | unknown | unknown | unknown |
| 83 | unknown | unknown | unknown | unknown |
| 84 | Charles Fox | Male escort, Mumbai | http://www.charles-fox.com/2013/01/21/further-press-for-mumbai-male-masseurs | © Charles Fox Photojournalism. |
| 84 | unknown | unknown | unknown | unknown |
| 87 | unknown | Sex workers in India | http://www.ledaway.org/ | unknown |
| 89 | Thomas Hedden | Solidarity demonstration in Poland | http://commons.wikimedia.org/wiki/File:Solidarity_1984_August_31.png | Public Domain |
| 90 | unknown | bikini/burkha | http://www.feminineandpurple.com/ | unknown |

### Credit where it’s due:

Mote Oo Education would like to thank everyone involved in this project. Without you all, it would never have been possible. Below is a list of those who have worked on this project (in alphabetical order).

**Texts and Questions:** Dave Gilbert, Katie Julian, Lizzie Maber, Marina Haikin, Matthew Simpson, Taylor O'Connor

**Translation:** Htet Phyo Wai

**Design, Layout and Illustration:** Kyaw Hsan Hlaing, Matthew Simpson, May Htut Pan Moe, Nila Win, Zaw Ye` Naing Tun

**Editing and proofreading:** Aung Zaw Myo, Chaw Su Naing, Chris Wright, Edward Kanan, Ei Mon Kyaw, Ju Ju Min, Kaung Hla Zan, Naw Eh Tha Khu, Ngun Siang Kim, Nila Win, Zaw Ye` Naing Tun

**Additional:** With thanks to the staff, peer workers and regular visitors of Top Centre, Yangon, who shared their stories with us a long time ago.

**If we have missed anyone from this list, we apologise. Please get in touch, and we will add your name.**